ကြေးမုံ
The Mirror Daily
Established in 1957


**အမြဲတည်ခြင်းသည် မရှိချေ**

**အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)**

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)


၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့။ Thursday, 3 December 2020 ၁၀၂၁၅


# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်၊ နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် အထူးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်၊ ဂျပန်နိုင်ငံ နိပွန်ဖောင် ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ရိုဟေးဆာဆာကာဝါနှင့် အထူးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် ကော်မရှင်ဥက္ကဋ္ဌက ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသည့် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ ၃၈ သန်းကျော်အနက် ၂၇ သန်းကျော် မဲလာပေးခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၇၁ ရာခိုင်နှုန်းကျော် ရှိပါကြောင်း ရှင်းလင်းပြောကြားခဲ့ရာ နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် ကော်မရှင်၏ အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်မှုများကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ မဲပေးမှုရာခိုင်နှုန်းသည် ၇၁ ရာခိုင်နှုန်းကျော်ရှိသည့်အတွက် နိုင်ငံတကာတွင် မဲပေးမှုရာခိုင်နှုန်း အလွန်ကောင်းမွန်သည့်အနေအထားတွင် ရှိပါကြောင်း၊ ဂျပန်နိုင်ငံမှ လှူဒါန်းခဲ့သည့် မင်ဘူးများသည် ကြာရှည်ခံသည့်အတွက် ဝမ်းသာပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လေ့လာရာတွင် စနစ်တကျဆောင်ရွက်ထားမှု၊ မဲဆန္ဒရှင်ပြည်သူများ စနစ်တကျမဲပေးခဲ့မှုနှင့် မဲရေတွက်ခြင်းအပိုင်းများတွင် စနစ်တကျဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း ပြောကြားခဲ့သည်။ ယင်းနောက် ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်၊ ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ရိုဟေးဆာဆာကာဝါအား လက်ခံတွေ့ဆုံစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်း ဝယ်ယူရေးကော်မတီ တတိယအကြိမ် အစည်းအဝေး ကျင်းပ

စာမျက်နှာ » ၃

### ရန်ကုန်တက္ကသိုလ်ကျောင်းတော်သား ကျွန်တော် (၂)

ဆောင်းပါး စာမျက်နှာ » ၆

### အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့

ဆောင်းပါး စာမျက်နှာ » ၁၄

# စေတနာ့ဝန်ထမ်းအင်အား လျော့နည်းမှုမရှိစေရန် ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းပို့ချပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၂**

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကာလ ရှည်ကြာလာသည်နှင့်အမျှ လုပ်အားပေးဆောင်ရွက်ကြသည့် စေတနာ့ဝန်ထမ်းများအနေဖြင့် အလုပ်ဝန် ပင်ပန်းမှုများနှင့် ကြုံတွေ့လာရသည်ဖြစ်ရာ စေတနာ့ဝန်ထမ်းအင်အားလျော့နည်းမှုမရှိစေရန် ရည်ရွယ်၍ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုစေတနာ့ဝန်ထမ်းသင်တန်းကို ဒီဇင်ဘာ ၃ ရက်တွင် အင်းစိန်ဆေးရုံ ဆေးပညာဌာနမှူးပါမောက္ခကြီး ဒေါက်တာဒေါ်မာမာကြည် ဦးစီး၍ အင်းစိန်ဆေးရုံကြီး၌ အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်ရန် စိတ်ပါဝင်စားသည့်စေတနာ့ဝန်ထမ်းများအနေဖြင့် ဖုန်း-၀၉၄၃၁၈၅၃၉၆၊ ၀၉-၇၉၅၉၆၉၆၈ တို့သို့ ဆက်သွယ်နိုင်ပြီး သင်တန်းတက်ရမည့်နေ့တွင် အမှတ်(၃၇) ဦးထွန်းမြတ်လမ်း ဗညားဒလလမ်းထောင့်(ရတနာမြိုင်ကွန်ဒို) တာမွေဖျားနာကုဆေးခန်း၌ စုရပ်လုပ်ပြီး အကြိုအပို့ တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ရာ နံနက် ၈ နာရီအရောက် စုရပ်သို့ လာရောက်ရမည်ဖြစ်သည်။

**ခွဲဝေဆောင်ရွက်စေမည်**

အဆိုပါ သင်တန်းကို လက်ရှိတွင် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်များအတွက် ရည်ရွယ်ထားပြီး အခြားမြို့နယ်များမှ စိတ်ပါဝင်စားသည့် စေတနာ့ဝန်ထမ်းများအနေဖြင့် တက်ရောက်သင်ကြားနိုင်ကြောင်း၊ သင်တန်းတက်ပြီးသည့် စေတနာ့ဝန်ထမ်းများကိုလည်း လိုအပ်သည့်နေရာများ၌ ခွဲဝေဆောင်ရွက်စေမည်ဖြစ်သည်။

**စာမျက်နှာ ၂ ကော်လံ ၃ သို့ ○**


KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

ကြေးမုံ

# လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်

မျက်မှောက်ကာလ ကမ္ဘာပေါ်ရှိ နိုင်ငံတစ်နိုင်ငံချင်းစီအလိုက် ဖြစ်ပေါ်ပြောင်းလဲမှု၊ တိုးတက်မှု၊ ဆုတ်ယုတ်မှုများသည် နိုင်ငံများရှိ ပြည်သူများ၏ ဉာဏ်ရည်၊ နှလုံးရည်တွေးခေါ်မြော်မြင် ဆင်ခြင်နိုင်မှုစွမ်းအား၊ စည်းလုံးညီညွတ်မှုနှင့် ဖွံ့၊ လုံ့လအားထုတ်နိုင်မှု အနည်း၊ အများအပေါ်တွင် မူတည်ပေသည်။ တိုးတက်သောနိုင်ငံများရှိ ပြည်သူများတွင် အဆိုပါအရည်အချင်းများ များများစားစားရှိနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတစ်နိုင်ငံတွင် ပညာရည်မြင့်မားပြီး အမြော်အမြင်နှင့် ဆင်ခြင်တုံတရားပြည့်ဝသည့် လူသားအရင်းအမြစ်များလိုအပ်ကာ ထိုအရင်းအမြစ်များမှ နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံ့သားကောင်းများဖြစ်လာမည်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့နိုင်ငံ ခေတ်မီလာဖို့၊ ဖွံ့ဖြိုးတိုးတက်လာဖို့၊ ဒေသတွင်းနိုင်ငံများနဲ့ ရင်ပေါင်တန်း ရပ်တည်နိုင်ဖို့၊ နိုင်ငံတကာနယ်ပယ်မှာ သိက္ခာရှိတဲ့ နိုင်ငံအဖြစ် ရပ်တည်နိုင်ဖို့ဆိုရင် သဘာဝသယံဇာတတွေအပေါ် မှီခိုနေလို့မရဘူး။ ပညာ၊ ဉာဏ်၊ အတွေးအခေါ်၊ အမြော်အမြင်တွေနဲ့ ပြည့်စုံတဲ့ လူသားအရင်းအမြစ်တွေနဲ့ တည်ဆောက်မှသာ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ဉာဏ်ရည်၊ နှလုံးရည် တွေးခေါ်မြော်မြင် ဆင်ခြင်နိုင်မှုစွမ်းအားများသည် ပညာကိုအခြေခံ ဖြစ်ထွန်းနိုင်ပါသည်။ ပညာသည် လူသားတိုးတက်ရေး၌ အခြေခံအကျဆုံးအချက်ဖြစ်ပြီး ပညာမှသည် ကောင်းမွန်မြင့်မားသော အရည်အချင်းများဖြင့် အရာရာတွင်ဖန်တီးတည်ဆောက်နိုင်သည်။ ပညာမှ ထုတ်နုတ်ပေးသော တွေးခေါ်ဆင်ခြင်မှုများမှလည်း စည်းလုံးညီညွတ်မှုနှင့် ဖွံ့၊ လုံ့လ၊ ဝီရိယရှိမှုများကို မွေးဖွားပေးနိုင်ပါသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများစွာဖြင့် မတူကွဲပြားမှုများကြားတွင် အေးချမ်းစွာ အတူယှဉ်တွဲ နေထိုင်သောနိုင်ငံဖြစ်သည်။ မတူကွဲပြားမှုများအကြား မယုံကြည်မှုများ၊ သံသယများကြောင့် အခက်အခဲများဖြင့် ရုန်းကန်ရင်ဆိုင်နေရဆဲဖြစ်သည်ကို အားလုံးအသိပင် ဖြစ်သည်။

ယုံမှားသံသယများကင်းရှင်းပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အချင်းချင်းကြားတွင် ယုံကြည်မှု၊ နားလည်မှုများ တည်ဆောက်နိုင်မှသာ ကျွန်ုပ်တို့ ဖော်ဆောင်နေသော ဒီမိုကရေစီနိုင်ငံ၊ မျှော်မှန်းထားသော ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာမည်ဖြစ်သည်။ နိုင်ငံကို ပြုပြင်ပြောင်းလဲ တည်ဆောက်နေသောကာလတွင် ယင်းအချက်သည် လွန်စွာအရေးကြီးသဖြင့် ပညာပြည့်ဝပြီး အမြင်ကျယ်ကာ သဘောထားကြီးသည့် လူ့အသိုင်းအဝိုင်းဖြစ်ပေါ်လာအောင် ပညာရေးကဏ္ဍတွင် ဦးစားပေးရင်းနှီးမြှုပ်နှံနေခြင်းဖြစ်သည်။ ယင်းတွင် အဆင့်မြင့်ပညာကဏ္ဍသည် အရေးပါပြီး ပညာဆည်းပူးနေကြသော လူငယ်လူရွယ်များ အရည်အသွေးမြင့်မား၍ အမြော်အမြင်ရှိပြီး ဆင်ခြင်တုံတရားပြည့်ဝသည့် လူသားကောင်းများဖြစ်လာရန် ကြိုးပမ်းနေသည်။

ထို့ကြောင့် အဆင့်မြင့်ပညာများပေးဝေနေသော ရန်ကုန်တက္ကသိုလ်အပါအဝင် နိုင်ငံတစ်ဝန်းရှိတက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ အရည်အသွေး၊ အရည်အချင်း၊ အဆင့်အတန်း မြင့်မားလာအောင် မြှင့်တင်ကြရမည်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်၏ဆောင်ပုဒ်တွင် "နတ္ထိဝိဇ္ဇာ သမံမိတ္တံ" ပညာသင်ယူခြင်းနှင့်တူသော မိတ်ဆွေသည်မရှိဟူသော ဆိုစကားကဲ့သို့ ရန်ကုန်တက္ကသိုလ်နှင့်အတူ တက္ကသိုလ်ကောလိပ်များသည် နိုင်ငံသူနိုင်ငံသားများအတွက် ဘဝအဖော်မွန်ဖြစ်သော ပညာဟူသည့် မိတ်ဆွေကောင်းနှင့်ပေါင်းဖက်မိအောင် ဖြည့်ဆည်းပေးနေသည်ဖြစ်ရာ နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်တင့်တယ်ပြီး အကျိုးရှိမည့်ဌာနဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်သည် ကမ္ဘာ့လူသားအကျိုးပြု ခေါင်းဆောင်များ၊ တိုင်းကျိုးပြည်ပြု ခေါင်းဆောင်များနှင့် ပညာတတ်လူငယ်များစွာတို့ကို မွေးထုတ်ပေးခဲ့ပြီးဖြစ်ရာ မျက်မှောက်ကာလနှင့် အနာဂတ်ကာလတို့တွင်လည်း ရန်ကုန်တက္ကသိုလ်၏ သမိုင်းကြောင်း အစဉ်အလာကောင်းများနှင့်အညီ ဉာဏ်ရည်၊ နှလုံးရည် တွေးခေါ်မြော်မြင် ဆင်ခြင်နိုင်မှုစွမ်းအားမြင့်မားသည့် ထူးချွန်ထက်မြက်သောမျိုးဆက်များ ဆက်လက်မွေးထုတ်ပေးနိုင်ရန် တက္ကသိုလ်ကို ဝိုင်းဝန်းအဆင့်မြှင့်ပေးကြရမည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်ကြီးနှင့်တကွ မြန်မာပြည်ရှိ အဆင့်မြင့်ပညာဌာနအားလုံး နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားအောင် ကြိုးပမ်းမြှင့်တင်ခြင်းဖြင့် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ထောင်ရာတွင် အထူးလိုအပ်နေသော နိုင်ငံတော်ကို ကောင်းကျိုးပြုမည့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာအောင် ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်ပါကြောင်း။ ။

○ စေတနာ့ဝန်ထမ်းမှ

"နောက်စေတနာ့ဝန်ထမ်းတွေ များလာရင် ကိုဗစ်ကုသရေးစင်တာတွေ၊ ဖျားနာကုဆေးခန်းတွေ၊ ကန့်သတ်စောင့်ကြည့်စခန်းတွေ၊ အနံ့ပျောက်စင်တာတွေ သူတို့လုပ်ချင်တဲ့နေရာတွေမှာ တာဝန်ခွဲပေးသွားမယ်" ဟု လူထုအခြေပြု ဖျားနာလူနာကုဆေးခန်းများ ကွန်ရက်(ရန်ကုန်)တာဝန်ခံ ဒေါက်တာကျော်မင်းထွန်းက ပြောသည်။

"နောက်ပိုင်းကျရင် စေတနာ့ဝန်ထမ်းများများ လိုအပ်လာလိမ့်မယ်။ အရင်လုပ်နေတဲ့ စေတနာ့ဝန်ထမ်းတွေက ပန်းလာပြီ။ တချို့က အိမ်ကမလုပ်ခိုင်းတော့ဘူး။ တချို့က ကိုဗစ်ဖြစ်တယ်။ ရေရှည်မှာ အခက်အခဲတွေ ဖြစ်လာတယ်။ အဲဒီအတွက် စေတနာ့ဝန်ထမ်းလျော့နည်းလာမယ်။ ဒီအချိန်မှာ လျော့လို့မရဘူး။ စေတနာ့ဝန်ထမ်းများများနဲ့ ကိုဗစ်ကို တိုက်ထုတ်ရမယ်။ အားလုံးပန်းပြီး စိတ်ပျက်လက်ပျက်ဖြစ်သွားမှာလည်း စိုးရိမ်တဲ့အတွက် စေတနာ့ဝန်ထမ်း ကြိုတင်စုဆောင်းရေးအနေနဲ့ သင်တန်းပေးလေ့ကျင့်မှုတွေ ပြုလုပ်ပေးတာ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ထိုသို့ စေတနာ့ဝန်ထမ်းများက ရှေ့တန်းမှအပင်ပန်းခံဆောင်ရွက်နေသကဲ့သို့ ပြည်သူလူထုအနေဖြင့်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်စေလိုကြောင်း၊ ယခုနောက်ပိုင်းတွင် စည်းကမ်းလိုက်နာမှုအပိုင်းများ လျော့နည်းလာသည်ကို တွေ့ရှိရသည့်အတွက် ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများကို စနစ်တကျ လိုက်နာကာ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း ဒေါက်တာကျော်မင်းထွန်းက တိုက်တွန်းပြောကြားသည်။

ဒီဇင်ဘာ ၃ ရက်တွင် ပို့ချပေးမည့် သင်တန်း၌ မိမိကိုယ်ကိုယ် ရောဂါမကူးစက်အောင် ကာကွယ်နည်း၊ ကျန်းမာရေးသုံးကာကွယ်ရေးပစ္စည်း ဝတ်ပုံ၊ ဝတ်နည်း၊ ချွတ်ပုံ၊ ချွတ်နည်း၊ လူနာများကိုကိုင်တွယ်ပြုစုမှု၊ အာခေါင်နှင့် နှာခေါင်းတို့ဖတ်ယူနည်းစသည့် လူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုနည်းများကို လမ်းညွှန်သင်ကြားပေးသွားမည်ဖြစ်သည်။

**အေးမင်းသူ**

## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃၂ / ၂၀၂၀**

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂ ရက် )

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၄ နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဦးကြည်သိန်း(ခ)ဦးကြည်သိန်းအောင်ကို မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်


**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု**
**အထိမ်းအမှတ်အခမ်းအနား**

"အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ကာကွယ်တုံ့ပြန်ဖို့၊ သီးသန့်ရန်ပုံငွေထားရှိလို့ အချက်အလက်ကောက်ယူစို့"

"Orange the World: Fund, Respond, Prevent, Collect!"


## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂-၁၂-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၉၀၀ | ၂၇ | ၂၆၇,၃၀၀ |
| MTSH | ၃,၆၅၀ | ၃,၇၀၀ | ၇,၈၇၆ | ၂၈,၇၆၄,၀၅၀ |
| MCB | ၈,၃၀၀ | ၈,၄၀၀ | ၂ | ၁၆,၇၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၅၀၀ | ၂၁၃ | ၄,၆၈၇,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၃၀၃ | ၈၃၃,၂၅၀ |
| EFR | ၃,၇၀၀ | ၃,၉၀၀ | ၂၀၁ | ၇၄၃,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၂

ရန်ကုန်(ရွှေဈေး) ၁၂၉၂၀၀၀ မန္တလေး(ရွှေဈေး) ၁၂၉၂၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၅၀/၆၁၀ ကျပ် | ၅၉၅/၆၂၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၄၀/၅၉၅ ကျပ် | ၅၈၀/၆၀၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၄၀/၆၇၀ ကျပ် | ၇၁၀/၇၃၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၅၁၅/၅၅၅ ကျပ် | ၅၈၀/၅၉၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၅၁၀/၅၁၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၀/၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၉၅/၄၉၇ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၃.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၉၅.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၁.၅၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၇၈၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၄.၅၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၉၄၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၆.၆၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၈.၂၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၆၅.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀.၀၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဒေါ်အေးအေးသင်း၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်း ဝယ်ယူရေးကော်မတီ တတိယအကြိမ် အစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်း ဝယ်ယူရေးကော်မတီ၏ တတိယအကြိမ် အစည်းအဝေး(၃/၂၀၂၀) ကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ကော်မတီအတွင်းရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်တို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ COVID Emergency Response Plan(CERP)အရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အရည်အသွေးပြည့်မီ၍ ဈေးနှုန်းမှန်ကန်သည့် ဆေးနှင့် ကုသရေးပစ္စည်းများ ဝယ်ယူသုံးစွဲခဲ့သည့် အခြေအနေများ၊ လိုအပ်နေသေးသည့် ဆေးနှင့် ဆေးပစ္စည်းများကို ထပ်မံဝယ်ယူမည့် ကိစ္စရပ်များနှင့် နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီ၊ ချေးငွေများဖြင့် ဝယ်ယူနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်နေမှုများ၊ ကိုဗစ်-၁၉ ကာကွယ်ဆေး အပါအဝင် ကာကွယ်ကုသရေးနှင့် သက်ဆိုင်သည့် ဝယ်ယူထားသည့် ဆေးနှင့် ဆေးကိရိယာများ သတ်မှတ်ကာလအတွင်း အချိန်မီရောက်ရှိဖြန့်ဝေနိုင်ရေး အရည်အသွေးမီစွာ ထိန်းသိမ်းသိုလှောင်နိုင်ရေး ကိစ္စရပ်များအပေါ် အဖွဲ့ဝင်များက ဆွေးနွေးကြသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကာကွယ်ဆေးရရှိလာပါက သတ်မှတ်ထားသည့် အအေးခန်းသိုလှောင်မှုစနစ်ဖြင့် ထိန်းသိမ်းသယ်ဆောင်နိုင်ရေးအတွက် လိုအပ်သည်များကို ကြိုတင်စီစဉ်ဆောင်ရွက်ထားနိုင်ရေး၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပုဂ္ဂလိက ကဏ္ဍမှ ပူးပေါင်းပါဝင်လာရေးအတွက် လိုအပ်သော စံသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲနိုင်ရေး၊ Mask Campaign ဆောင်ရွက်နေသည့် နေရာများတွင် Glucometer နှင့် pulse oxymeter များကိုထားရှိ၍ ပြည်သူများကို ဆန္ဒအလျောက် စစ်ဆေးပေးနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေး**

ထို့နောက် ကာကွယ်ဆေးနှင့်စပ်လျဉ်း၍ ကမ္ဘာတစ်ဝန်း ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှု အခြေအနေများအရ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအသီးသီးမှ ကာကွယ်ဆေးထုတ်လုပ်သည့် ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုများ၊ ကာကွယ်ဆေးရရှိရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများနှင့်လည်းကောင်း၊ နှစ်နိုင်ငံအနေဖြင့်လည်းကောင်း ဆွေးနွေးဆောင်ရွက်နေမှုများ၊ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး အလားအလာများနှင့် သိုလှောင်ဖြန့်ဖြူးရေးနှင့် ကာကွယ်ဆေးထိုးနှံရေး ကိစ္စများကို ဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် ဘက်စုံလွှမ်းခြုံသည့် မဟာဗျူဟာတစ်ရပ် ရေးဆွဲအကောင်အထည်ဖော်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ တင်ပြလမ်းညွှန်မှုခံယူရေး ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ကာကွယ်ဆေးနှင့် စပ်လျဉ်း၍ မိမိနိုင်ငံ၏ ဆောင်ရွက်နေမှုများကို အများပြည်သူများသို့ အသိပညာပေးသည့် လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များအပေါ် အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ကျင်းပရာ စာတမ်းဖတ်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် နိုင်ငံတစ်ဝန်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးများက Zoom Application ဖြင့် ပါဝင်တက်ရောက်ကြသည်။





**ဂုဏ်သိက္ခာ တိုးတက်လာမည်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မိမိတို့ ဝန်ကြီးဌာနသည် မီဒီယာအလုပ်များနှင့် စာအုပ်စာပေလုပ်ငန်းများကို လုပ်ကိုင်ရသည့်ဌာနဖြစ်သည့်အတွက် အခြားသူများရေးသားသည့် စာအုပ်များကို ဖတ်ရှုခြင်းသို့မဟုတ် သူများရေးသားသည့် စာအုပ်စာတမ်းကို လက်ခံဆွေးနွေးနားထောင်မှတ်သားရုံဖြင့် မပြီးသင့်ပါကြောင်း၊ ကိုယ်တိုင်ရေးသားပြုစုသည့်အလုပ်ကို လုပ်သင့်ပြီး လုပ်မည်ဆိုသည့် ရည်မှန်းချက်မျိုးလည်း ထားသင့်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းအားဖြင့် တစ်ဦးချင်းအနေဖြင့်လည်း ဘဝတွင် တိုးတက်အောင်မြင်မှုရနိုင်သကဲ့သို့ ဌာနအတွက်လည်း အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသည့်ဌာနအဖြစ် ဂုဏ်သိက္ခာ တိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

စာတမ်းဖတ်ပွဲတွင် သဘာပတိအဖြစ် မြန်မာရေးရာလေ့လာရေးအဖွဲ့မှ သုတေသီ ဦးအေးမောင်ကျော်နှင့် ဦးရဲမြင့်ကျော်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ၁၉၂၀ မြန်မာနိုင်ငံလူမှုစီးပွားရေးအခြေအနေ စာတမ်းကိုလည်းကောင်း၊ စာတည်း ဒေါ်သင်းသင်းဦးက ၁၉၂၀ မြန်မာ့နိုင်ငံရေးအခြေအနေစာတမ်းကို လည်းကောင်း ဖတ်ကြားကြသည်။

ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ၁၉၂၀ မြန်မာနိုင်ငံ လူမှုစီးပွားရေးအခြေအနေနှင့်ပတ်သက်၍ ဝိုင်အမ်ဘီအေနှင့် ဂျီစီဘီအေအကြောင်း၊ ဖိနပ်ပြဿနာ၊ ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို သပိတ်မှောက်ခြင်း၊ အမျိုးသားကျောင်းများ၏အစ၊ ထိုကာလ၏ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ မွေးမြူရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုလုပ်ငန်း၊ သစ်တော၊ သတ္တုနှင့် တွင်းထွက်၊ စွမ်းအင်အခြေအနေများ၊ မြန်မာ့အနုပညာ၊ မြန်မာ့ရုပ်ရှင်သမိုင်းအစ၊ ထိုကာလ၏ အတွေးအခေါ် စသည်တို့ကို ဖတ်ကြားတင်ပြသည်။

**ဖတ်ကြားတင်ပြ**

စာတည်း ဒေါ်သင်းသင်းဦးက ၁၉၂၀ မြန်မာ့နိုင်ငံရေးအခြေအနေနှင့် ပတ်သက်၍ ကိုလိုနီခေတ် အစောပိုင်းကာလ မြန်မာ့နိုင်ငံရေးအခြေအနေ၊ ကမ္ဘာ့နိုင်ငံများအခြေအနေ ပြောင်းလဲလာမှု၊ သံဃာတော်များနှင့် မြန်မာ့နိုင်ငံရေး၊ ၁၉၂၀ မြန်မာ့နိုင်ငံရေးအခြေအနေကို ဖော်ပြသော ပထမကျောင်းသားသပိတ်၊ မျိုးချစ်စိတ်ဓာတ်နှိုးဆွနိုင်ခဲ့ခြင်း စသည်တို့ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယနေ့စာတမ်းဖတ်ပွဲနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က စာတမ်းများအပေါ် သုံးသပ်အကြံပြု ဆွေးနွေးမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ခေါင်းစဉ်ခုနစ်ခု**

၁၉၂၀ မှ ၂၀၂၀ ပြည့်နှစ်အထိ ဖြတ်သန်းခဲ့သည့် နှစ် ၁၀၀ ကာလအတွင်း မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည့် ကဏ္ဍများနှင့် သက်ဆိုင်သည့် ခေါင်းစဉ် ခုနစ်ခုကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အရာထမ်း ခုနစ်ဦးက စာတမ်းများပြုစု၍ ဖတ်ကြားကြမည်ဖြစ်သည်။

ယနေ့တွင် ခေါင်းစဉ် နှစ်ခု ဖတ်ကြား၍ ဒီဇင်ဘာ ၇ ရက်တွင် ၁၉၂၀ မြန်မာနိုင်ငံ၏ အသိပညာအတတ်ပညာဖွံ့ဖြိုးမှုအခြေအနေ၊ ၁၉၂၀ ကျောင်းသားသပိတ်ဖြစ်ပွားရခြင်းအကြောင်းရင်းနှင့် မြန်မာစာပေ နှစ် ၁၀၀ ခရီးခေါင်းစဉ်တို့ကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၁ ရက်တွင် ၁၉၂၀ မြန်မာနိုင်ငံ၏စာနယ်ဇင်းလောကနှင့် ၁၉၂၀ မြန်မာနှင့် ကမ္ဘာဆက်ဆံရေး ခေါင်းစဉ်တို့ကိုလည်းကောင်း ဖတ်ကြားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❐ **ကျောဖုံးမှ**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခင်က ပြည်တွင်း ဖူဆယ်ပြိုင်ပွဲများကျင်းပပါက အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏနှင့် အမျိုးသားအားကစားပြိုင်ပွဲရုံ-၂ လှိုင်တို့ကို အသုံးပြုခဲ့ရသည်။ ယခုတည်ဆောက်နေသည့် ဖူဆယ်အားကစားရုံမှာ မတ်လကုန် နောက်ဆုံးပြီးစီးမည်ဖြစ်သောကြောင့် လာမည့်နှစ်တွင် ဖူဆယ်လိဂ်အပါအဝင် အခြားပြိုင်ပွဲများကျင်းပပါက ယင်းအားကစားရုံသစ်တွင် ကျင်းပနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပြည်တွင်းပြိုင်ပွဲများအဖြစ် ဖူဆယ်လိဂ်နှင့် MFF Open Cup ပြိုင်ပွဲတို့ကို ကျင်းပလျက်ရှိသော်လည်း လာမည့်နှစ်တွင် အတန်းနှစ်တန်းထားရှိရန်အပြင် MFF Knock-out Cup ပြိုင်ပွဲကိုလည်း တိုးမြှင့်ကျင်းပရန် စီစဉ်လျက်ရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ရန်ကုန်မြို့တွင် ပထမဆုံး နိုင်ငံတကာအဆင့်မီ ဖူဆယ်အားကစားရုံ တည်ဆောက်နေခြင်းဖြစ်ပြီး အရှေ့တောင်အာရှအဆင့် လက်ရွေးစင်ပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် ကြိုးပမ်းသွားဖွယ်ရှိနေသည်။

**သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MFF**

## ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ ကျောင်းနေအရွယ် လူငယ်အားလုံး အခြေခံပညာသင်ယူခွင့်ရရှိရေး၊
- ★ လူမှုစီးပွားရေးအတွက် လက်တွေ့ကျ အကျိုးပြုသည့် ဘာသာရပ်များ တစ်သက်တာ သင်ယူမှုအခွင့်အလမ်း ရရှိရေး၊
- ★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားဒေသများ၌ ပညာရေးတွင် ပိုမိုပံ့ပိုး ရင်းနှီးမြှုပ်နှံရေး၊
- ★ ပညာရေးဖွံ့ဖြိုးမှုအတွက် နည်းပညာနှင့် အခြေခံအဆောက်အဦများ ဖြည့်ဆည်းရေး၊
- ★ တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

## ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ရာပြည့်အမျိုးသားအောင်ပွဲနေ့မှသည် တိုင်းရင်းသားအားလုံး ပူးပေါင်းဆောင်ရွက်လို့ ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်စို့။

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်
(၉-၁၂-၂၀၂၀)

# နှစ်တစ်ရာပြည့်အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ





**နေပြည်တော် ဒီဇင်ဘာ ၂**

နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရှိသင့်ရှိထိုက်သည့် စိတ်ထားဖြစ်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမျိုးသားရေးစိတ်ဓာတ်သည် သူ့ကျွန်ဘဝကျရောက်ကာ နိုင်ငံမလွတ်လပ်သည့်ကာလမျိုးတွင် အင်မတန်မှ တန်ဖိုးရှိပါကြောင်း၊ သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် စုစည်းညီညွတ်စွာ လှုပ်ရှားရုန်းကန်ရန်အတွက် အဓိကအခြေခံအင်အားဖြစ်ပြီး ရှိသင့်ရှိထိုက်သည့် စိတ်ထားဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း မိမိတို့ရရှိထားသည့် လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းရန် အမျိုးသားရေးစိတ်ဓာတ်များ ရှိရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာတွင်လည်း နိုင်ငံများသည် အမျိုးသားနိုင်ငံများအဖြစ် ရပ်တည်ကြပါကြောင်း၊ ကိုယ့်နိုင်ငံ၊ ကိုယ့်နိုင်ငံသားဆိုသည့် အခြေခံစိတ်ဓာတ်ရှိကြပါကြောင်း။

သို့သော် အမျိုးသားရေးစိတ်ဓာတ်သည် အသေးစိတ်ပြီး ကျဉ်းမြောင်းသွားပါက အစွန်းရောက်သွားတတ်ပါကြောင်း၊ ထိုသို့ အစွန်းရောက်သွားပါက မသင့်တော်သည့် အလုပ်အကိုင်၊ အပြုအမူ၊ အကျင့်အကြံများ ရှိလာနိုင်ပါကြောင်း၊ မိမိနှင့်မတူညီသည့် နိုင်ငံများအပေါ် အာဃာတထားတတ်ကြပါကြောင်း၊ မယုံကြည်သည့်စိတ်မျိုး သို့မဟုတ် စိုးရိမ်ပူပန်မှုမျိုး ရှိလာတတ်ပါကြောင်း၊ ဤသည်မှာ ကောင်းမွန်သည့်အနေအထား မဟုတ်ပါကြောင်း။

သို့သော် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍအစုံစုံတွင် ရှေ့တန်းရောက်အောင် ကြိုးပမ်းလိုသည့်စိတ်ဓာတ်မှာ သင့်မြတ်သော အမျိုးသားရေးစိတ်ဓာတ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားရေးစိတ်ဓာတ်သည် ဆက်လက်တည်ရှိနေရမည်ဖြစ်ပြီး အမျိုးသားရေးစိတ်ဓာတ်များ ကိန်းအောင်း ရှင်သန်ရန်အတွက် အမျိုးသားအောင်ပွဲနေ့များကို ကျင်းပခြင်းဖြစ်သည်ဟု မြင်မိပါကြောင်း။

အမျိုးသားအောင်ပွဲနေ့၏ ထူးခြားချက်တစ်ရပ်မှာ ပညာရေးနှင့် ချိတ်ဆက်ထားခြင်း ဖြစ်ကြောင်း၊ ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်ခဲ့သည့်နေ့ကို ရွေးချယ်ထားခြင်းဖြစ်ပြီး တက္ကသိုလ်ကျောင်းသားများ သပိတ်မှောက်ပြီးနောက် အမျိုးသားကျောင်းများ ပေါ်ပေါက်လာပါကြောင်း၊ အမျိုးသား ကျောင်းများနှင့်အတူ နိုင်ငံကို မိမိတို့ကိုယ်တိုင်ဖန်တီးနိုင်သည့် အမျိုးသားပညာရေးစနစ်တည်ဆောက်ရေး လှုပ်ရှားမှုများ ပေါ်ပေါက်လာပါကြောင်း။

ယခုနှစ် အမျိုးသားအောင်ပွဲနေ့၏ ဦးတည်ချက်များမှာလည်း ကျောင်းနေအရွယ် လူငယ်အားလုံး အခြေခံပညာသင်ယူခွင့်ရရှိရေး၊ လူမှုစီးပွားရေးအတွက် လက်တွေ့ကျအကျိုးပြုသည့် ဘာသာရပ်များ၊ တစ်သက်တာ သင်ယူမှု အခွင့်အလမ်းရရှိရေး၊ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားဒေသများ၌ ပညာရေးတွင် ပိုမိုပံ့ပိုး ရင်းနှီးမြှုပ်နှံရေး၊ ပညာရေးဖွံ့ဖြိုးမှုအတွက် နည်းပညာနှင့်အခြေခံအဆောက်အဦများ ဖြည့်ဆည်းရေး၊ တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့ ဖြစ်ပါကြောင်း။

### အစဉ်တစိုက်ကြိုးပမ်းပါဝင်

ထို့အပြင် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်မှာ "ရာပြည့်အမျိုးသားအောင်ပွဲနေ့မှသည် တိုင်းရင်းသားအားလုံး ပူးပေါင်းဆောင်ရွက်လို့ ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်စို့" ဟူ၍ ဖြစ်ပါကြောင်း၊ ထိုအရာများသည် ကျယ်ပြန့်သော အမျိုးသားရေးစိတ်ဓာတ်များအပေါ်တွင် အခြေခံထားသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ယခင်မူလက တည်ရှိခဲ့သည့် အမျိုးသားရေးရည်မှန်းချက်များကို ယနေ့တွင် ဆက်လက်ဆောင်ရွက်နေပြီး အထူးသဖြင့် ပညာရေးတွင် ဇဟိုပြုဆောင်ရွက်နေသည်ကို တင်ပြလိုခြင်းဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်အမျိုးသားအောင်ပွဲနေ့ကျင်းပတိုင်း အစဉ်တစိုက်ကြိုးပမ်းပါဝင်လျက်ရှိပြီး ယခုနှစ် ရာပြည့်အခါသမယတွင်လည်း လူစုလူဝေးဖြင့် စည်ကားသိုက်မြိုက်စွာ မဆောင်ရွက်နိုင်သော်လည်း တတ်နိုင်သမျှ အထင်ရှားဆုံးဖြစ်စေရန် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ဆောင်ရွက်သွားမည်ဖြစ်

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမျိုးသားအောင်ပွဲနေ့နှင့်ပတ်သက်၍ နိုဝင်ဘာ ၂၄ ရက်တွင် ရန်ကုန်၌ မြို့မကျောင်းသားဟောင်းများအဖွဲ့၊ ကျောင်းသားသမဂ္ဂအချို့နှင့် ဆွေးနွေးခဲ့ပါကြောင်း၊ ဆွေးနွေးမှုများမှ ရလဒ်များလည်း ထွက်ပေါ်ခဲ့ပါကြောင်း၊ ယခုနှစ်အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားကို မည်သို့ဆောင်ရွက်မည်ဆိုသည်ကို ယနေ့ အစည်းအဝေး၏ ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် လိုက်ပါဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လာမည့် ဒီဇင်ဘာ ၉ ရက်သည် နှစ် (၁၀၀) ပြည့် ရာပြည့်အမျိုးသားအောင်ပွဲနေ့ဖြစ်ပါကြောင်း၊ အမျိုးသားအောင်ပွဲနေ့သည် ရန်ကုန်တက္ကသိုလ် အက်ဥပဒေ အတည်ပြုလိုက်သည့်အတွက် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ရန်ကုန်တက္ကသိုလ်နှင့်အတူ အမျိုးသားအောင်ပွဲနေ့သည် စတင်ပေါက်ဖွားလာခြင်းဖြစ်ပါကြောင်း၊ ထိုသမိုင်းလက်ဆင့်ကမ်းအမွေအရ ရန်ကုန်တက္ကသိုလ်၏ ရာပြည့်အခမ်းအနားနှင့်အတူ ရာပြည့်အမျိုးသားအောင်ပွဲနေ့ကို ကျင်းပရမည်ဖြစ်ပါကြောင်း။

သို့သော် နှစ်စဉ်ကျင်းပသည့် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ယခုနှစ်တွင် ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးနေရသည့်အတွက် လက်တွေ့မြေပြင်တွင် ကျင်းပရန် ခက်ခဲပါကြောင်း။

ယခုနှစ် အမျိုးသားအောင်ပွဲနေ့ ကျင်းပရန်အတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းသုံးခုကို လျာထားပါကြောင်း၊ ယနေ့အစည်းအဝေးညှိနှိုင်းဆုံးဖြတ်သည့်အတိုင်း မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းက နှစ် (၁၀၀) ပြည့် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက နှစ် (၁၀၀) ပြည့် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာအုပ်ထွက်ရှိရေးနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က နှစ် (၁၀၀) ပြည့် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဆောင်ရွက်ထုတ်လွှင့်ရန် လျာထားမှုများနှင့် တာဝန်ရှိသူများက အမျိုးသားအောင်ပွဲနေ့တွင် ပါဝင်ဆောင်ရွက်သွားမည့် ကဏ္ဍအလိုက်ကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ၂၀၂၀ ပြည့်နှစ် နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

သတင်းစဉ်

# ရန်ကုန်တက္ကသိုလ်ရာပြည့် အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲ နောက်ဆုံးပွဲစဉ် (၈) ကို MRTV မှ ဒီဇင်ဘာ ၄ ရက် ညတွင်ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၂**

ရန်ကုန်တက္ကသိုလ်ရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် တက္ကသိုလ်ဖွဲ့ တေးသီချင်းအပုဒ် (၁၀၀) ကို အပတ်စဉ် သောကြာနေ့တိုင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်လျက်ရှိရာ ဒီဇင်ဘာ ၄ ရက်နေ့ ညတွင် နောက်ဆုံးပွဲစဉ်(၈)အဖြစ် EMPEROR တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် ဇစ်တာခင်ညို၊ ဇော်ဝင်းထွဋ်၊ အောင်နိုင်၊ ရင်ဂို၊ မျိုးကျော့မြိုင်၊ ဝေလ၊ အောင်ထက်၊ ပြည့်ဖြိုးစိန်လွင်၊ ဟေမာနေဝင်း၊ အိအိ၊ အိမ့်ချစ်၊ ဂျူဝယ်လ်၊ ပိုပိုဟေသာနှင့် ချမ်းမြေ့မောင်ချို တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ တင်ဆက်ခဲ့မှုကို ဒီဇင်ဘာ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ တိုင်းပြည်ကြီး

ပြည်ထောင်စုဆိုတဲ့ ဝေါဟာရဟာ အင်မတန်မှ လှပပါတယ်။ အင်မတန်မှ တင့်တယ်ပါတယ်။ ကျွန်မတို့ ဒီဝေါဟာရကို ချစ်ခင်မြတ်နိုးတန်ဖိုးထားဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ပြည်ထောင်စုဟာ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ ပြည်ထောင်စုကြီးလို့ အဓိပ္ပာယ်ဖြစ်ပါတယ်။ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ နိုင်ငံဆိုတာဟာ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ တိုင်းပြည်ကြီးတစ်ခုဆိုတာဟာ စုပေါင်းထူထောင်ထားခြင်းမရှိတဲ့ တိုင်းပြည်တွေနဲ့ မတူပါဘူး။ ကျွန်မတို့မတူကွဲပြားမှုတွေကို အင်အားဖြစ်အောင်လို့ စုစည်းပြီးမှ ပြည်ထောင်စုတစ်ခုကို ထူထောင်နိုင်မှာဖြစ်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၁၅-၁-၂၀၂၀) ရက်နေ့တွင် ကယားပြည်နယ်နေ့အခမ်းအနား၌ ပြောကြားသည့် နှုတ်ခွန်းဆက်စကားမှ ကောက်နုတ်ချက်)



မြန်မာ့ရိုးရာ ဦးရွှေရိုး ဒေါ်မိုးအက။ ဓာတ်ပုံ - ဇော်မောင်မောင်ဦး(စန္ဒကူး)

# မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာမဟာဗျူဟာ အတည်ပြုရေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ အတည်ပြုရေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အရေးကြီးသည့်ကဏ္ဍမှ ပါဝင်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ရရှိနိုင်ရန်နှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားခဲ့ပါကြောင်း၊ ရှေ့ဆက်၍ တိကျသည့် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်မည်ဆိုပါက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ယခုရေးဆွဲထားသည့် မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးဆိုင်ရာ မဟာဗျူဟာသည် တိုင်းရင်းသားများ၏ သဘောထားစစ်တမ်းကို အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်၍ ယင်းသည် နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ မျှော်မှန်းချက်များနှင့်လည်း ကိုက်ညီနေရန်လိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးရရှိရေးတို့ကို ဆက်လက်ဆောင်ရွက်သွားရန်ရှိသဖြင့် တိုင်းရင်းသားများအရေးသည် အရေးကြီးသည့်ကဏ္ဍမှ ပါဝင်နေပါကြောင်း။

လွန်ခဲ့သော ငါးနှစ်တာကာလတွင် နိုင်ငံတော်က အမျိုးသားရင်ကြားစေ့ရေး အခြေခံအုတ်မြစ်ကို ချနိုင်ခဲ့ပြီး ဝန်ကြီးဌာနကလည်း အုတ်တစ်ချပ် သဲတစ်ပွင့်မက ပါဝင်နေရမည်မှာ အသေအချာဖြစ်ပါကြောင်း၊ နောင်ဖြစ်ပေါ်လာမည့်အစိုးရ၏ ရည်မှန်းချက်များသည် ဝန်ကြီးဌာနမှ ချမှတ်ထားသည့် ရည်မှန်းချက်၊ လုပ်ဆောင်ရမည့် တာဝန်များနှင့် ထပ်တူကျနေရမည်ဖြစ်သဖြင့် တာဝန်ပိုမိုလာနိုင်ပါကြောင်း၊ အစိုးရ၏ တိုင်းရင်းသားအရေးဆိုင်ရာ ရည်မှန်းချက်များ ပြည့်ဝအောင်မြင်စေရန် ဝန်ကြီးဌာနက ပံ့ပိုးပေးရန်လိုပါကြောင်း၊ မဟာဗျူဟာပါ ရည်မှန်းချက်က တိုင်းရင်းသားများအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများရရှိနိုင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို အပြည့်အဝရရှိနိုင်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပါရည်ရွယ်ချက်များနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအတိုင်း ပြည့်ဝအောင်မြင်နိုင်ရေးဖြစ်သဖြင့် နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် ရည်မှန်းချက်များနှင့် ကိုက်ညီသည့် မဟာဗျူဟာတစ်ရပ်ဖြစ်ရန် ပြည့်စုံကောင်းမွန်စွာ ရေးဆွဲနိုင်ပြီး သတ်မှတ်ကာလအတွင်း အောင်မြင်စွာအကောင်အထည်ဖော်သွားရန် ပြောကြားသည်။



ထို့နောက် ဒုတိယဝန်ကြီး ဦးလှမော်ဦးက မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့်တစ်သားတည်းဖြစ်စေရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆက်စပ်ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ NGO၊ INGO များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ရှေ့တိုးဆောင်ရွက်သွားကြရန်မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုက မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာမူကြမ်းတွင် ပါဝင်သော နောက်ခံသမိုင်း၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ၊ ဆောင်ရွက်မည့် အခန်းကဏ္ဍများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သဇ္ဇာနိုင်က မဟာဗျူဟာဆောင်ရွက်မည့် အခန်းကဏ္ဍများသည် မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုများကို အခန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဒေါက်တာအယ်လ်တူးမိန်းဂေါင်၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်နှင့် တာဝန်ရှိသူတို့က မဟာဗျူဟာမူကြမ်းနှင့် စပ်လျဉ်း၍ အပြုသဘောဆောင် အကြံပြုချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

တိုင်းရင်းသားများက တိုင်းရင်းသားများ၏ အခွင့်အရေးများကို အပြည့်အဝရရှိခံစားနိုင်ရန် ဝန်ကြီးဌာနသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများကို ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၃ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာမဟာဗျူဟာရေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဝန်ထမ်းများက တိုင်းရင်းသားများ နေထိုင်ရာဒေသများသို့ သွားရောက်၍ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ရာ တိုင်းရင်းသားရေးရာ အခြေခံလိုအပ်ချက်များနှင့် စစ်တမ်းများကို ၂၀၁၈-၂၀၁၉ ခုနှစ်၌ ၆၄ ကြိမ် ကောက်ယူခဲ့ပြီး ရလဒ်များအရ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ၂၀၂၁-၂၀၃၀ ရေးဆွဲကာ အတည်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၈-၂၀၃၀ (MSDP)နှင့် ချိတ်ဆက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးများသည် တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို အပြည့်အဝရရှိခံစားရန်နှင့် တိုင်းရင်းသားရေးရာ ကိစ္စရပ်များ အကောင်အထည်ဖော်ရန် လမ်းပြမြေပုံဖြစ်လာမည့် မဟာဗျူဟာတစ်ရပ် ပေါ်ထွက်လာရေး၊ နှစ်အလိုက် Action Plans နှင့်အတူ ဦးစားပေးလုပ်ငန်းများကို တိုင်းရင်းသားနေထိုင်ရာဒေသများတွင် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်နှင့်အညီ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ဖွံ့ဖြိုးမှုကွာဟမှုရှိသည်ဟု ခံစားရမှုများ လျော့ပါးစေပြီး ငြိမ်းချမ်းသာယာသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ရေး အလားအလာကောင်းများ ဖန်တီးတည်ဆောက်ရာတွင် အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြင်းခြံမြို့နယ် ဓူဝံလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းအရပ်ရပ်ဆိုင်ရာ အစည်းအဝေး ပြုလုပ်

**မန္တလေး ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဓူဝံကျေးရွာ ဓူဝံလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက အဆိုပါအသင်းဥက္ကဋ္ဌနေအိမ်၌ ကျင်းပသည်။

**အတည်ပြုဆောင်ရွက်**

အစည်းအဝေးတွင် သဘာပတိ ဦးခင်မောင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အဆင့်ဖွဲ့စည်းရေးကော်မတီဝင်ဖြစ်သော မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ဒါရိုက်တာအဖွဲ့ဝင်များက လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားကာ ရှေ့လုပ်ငန်းစဉ်များ ဖတ်ကြားတင်သွင်းခြင်းအပြင် ဘဏ္ဍာရေးရှင်းတမ်းနှင့် ရှေ့လုပ်ငန်းစဉ်များအား အတည်ပြုဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးသို့ မြို့နယ်အဆင့် ဖွဲ့စည်းရေးကော်မတီဝင်များဖြစ်သော မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ တာဝန်ရှိသူများ၊ ဓူဝံကျေးရွာရှိ သမဝါယမအသင်းအမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသားများနှင့် အသင်းသားကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ရန်ကုန်တက္ကသိုလ်ကျောင်းတော်သား ကျွန်တော် (၂)

## စိန်ဝင်း (၄၀)

ဤဆောင်းပါးကို တောင်းပန်ခြင်းဖြင့် အစပြုလိုသည်။ ပထမဆောင်းပါးတွင် တို့တိတို့တိရေးသားရာမှ အာစရိယ ဆရာသခင်များကို စုံစုံလင်လင်ဖော်ပြရန် လစ်ဟင်းသွားခဲ့မိပါသည်။

**အာစရိယဆရာများ**

ပထမနှစ်တွင် မြန်မာစာကို ဦးဟုန်ဝမ်ကလည်းကောင်း၊ အင်္ဂလိပ်စာကို ဦးကျော်ဝင်းကလည်းကောင်း၊ သင်္ချာကို ဒေါ်သိန်းတင့်ကလည်းကောင်း၊ ရူပဗေဒကို ဦးမြင့်ကြည်ကလည်းကောင်း၊ ဓာတုဗေဒကို ဒေါ်သန်းသန်းကလည်းကောင်း၊ ဘူမိဗေဒကို ဦးရွှေဝင်းကလည်းကောင်း သင်ကြားပေးပါသည်။ “ရှရီ၊ နမောဗုဒ္ဓါယ” အစချီသော မြစေတီကျောက်စာကို မှတ်မိသမျှ ကျွန်တော် ရွတ်ပြတိုင်း သမီးများအပါအဝင် တပည့်များက အံ့သြစွာ ကြည့်ကြသည်။ သူတို့တစ်တွေလည်း ယင်းကို သင်ကြရသော်လည်း မမှတ်မိကြတော့ပါ။ ဆရာဦးကျော်ဝင်းက မိတ်ဆွေတစ်ဦးထံမှ ပန်းသီးတစ်လုံး လက်ဆောင်ရ၍ ဝမ်းမြောက်ဝမ်းသာပြောပြမှုကိုလည်း မှတ်မိနေပါသည်။ ထိုအချိန်အထိ ကျွန်တော်ပန်းသီးမစားဖူးသေးပါ။

ရူပဗေဒဆရာဦးမြင့်ကြည်က အရာဝတ္ထုအချင်းချင်း ဆွဲသောအား(ဂြိုဟ်ဆွဲအား)အကြောင်း သင်ကြားရင်း သင်္ချာညီမျှခြင်းတွင် ကိန်းသေထည့်ရာ၌ တွက်ချက်ရာတွင် 4π များ မကြာခဏပါနေ၍ “ခုရှုပ်မှနောင်ရှင်း ဆိုဘိသကဲ့သို့ ကိန်းသေကို အပ်ဆိုင်လွှန် (ε) အစား 4πε ဟု အသုံးပြုမည်” ဟု ပြောသော ပို့ချချက်ကို မှတ်မိနေပါသေးသည်။ ဆရာမဒေါ်သန်းသန်းမှာ ကျွန်တော်တို့ သင်ကြားရသော ပြဋ္ဌာန်းစာအုပ်ပြုစုရာတွင် ပါမောက္ခ ဆရာကြီးနှင့်အတူ တွဲဖက်ပြုစုသူအဖြစ် မှတ်မိပါသည်။ ဆရာဦးရွှေဝင်းသင်သော တွင်းထွက်များ၏ မာဆင့်ကို မှတ်သားသည့် “The girl can flirt and other queer things can do” ဆိုသည့် ‘မိုး’ ၏ အမာစကေး (၁) မှ (၁၀) ဖြစ်သော ကံ့ကူဆန်၊ ဂျစ်ပဆင်၊ ထုံးကျောက်၊ ဖလူအိုရိုက်၊ အပ်ပတိုက်၊ အော်သိုကလေ့၊ သလင်း၊ ဥဿဖရား၊ ကိုရန်ဒမ်(ပတ္တမြား၊ နီလာ)၊ စိန်တို့ကိုလည်း မှတ်မိပါသေးသည်။ ဆရာများတော်၍ စွဲမြဲစွာမှတ်မိနေခြင်းဟု ယူဆမိပါသည်။

ဒုတိယနှစ်တွင် အင်္ဂလိပ်စာကို ဒေါ်နီနီနေဝင်း၊ ရူပဗေဒကို ဦးသောင်း၊ သင်္ချာဘာသာရပ်များတွင် အက္ခရာသင်္ချာ(Algebra)ကို ဒေါ်ခင်မြင့်မြင့်၊ ကဲကုလ သင်္ချာ(Calculus)ကို ဦးကြင်ကို၊ ဗက်တာစိတ်ဖြာလေ့လာချက်(Vector Analysis) ကို ဒေါ်တင်တင်လှနှင့် ဒေါ်နန်းပိုဖတ်ကျောက်တို့က သင်ကြားပေးပါသည်။

တတိယနှစ်တွင် သင်္ချာစိတ်ဖြာလေ့လာချက် (Mathematical Analysis) ကို ဒေါက်တာသိန်းမြင့်၊ ကဲကုလသင်္ချာ(Calculus)ကို ဒေါက်တာကျော်ညွန့်နှင့် ဒေါက်တာတင်မောင်၊ ကိန်းထွေစနစ်(Complex Number System)ကို ဒေါ်ခင်မမ၊ မက္ကင်းနစ် (Mechanic)ကို ဦးစိုးနိုင်၊ ကြားခံနယ်မက္ကင်းနစ် (Mechanic of Continuous Media) ကို ဦးမျိုးညွန့်၊ စာရင်းအင်းပညာ(Statistics) ကို ဦးခင်မောင်လတ်တို့က သင်ကြားပေးပါသည်။

စတုတ္ထနှစ်တွင် အဆင့်မြင့်ကဲကုလ (Advance Calculus)ကို ဒေါက်တာသိန်းမြင့်၊ အလိုက်ပြောင်းညီမျှခြင်းများ(Differential Equations) ကို ဒေါက်တာကျော်သိန်း၊ ဒေါက်တာချစ်ဆွေနှင့် ဦးစိန်မင်း၊ ကိန်းထွေစိစစ်နည်း (Complex Variable analysis) ကို ဒေါ်သိန်းတင့်၊ ကိန်းသီအိုရီနှင့် သင်္ချာယုတ္တိဗေဒ (Number Theory & Mathematical Logic) ကို ဒေါက်တာလှလှစိန်နှင့် ဦးစိန်ဝင်း၊ အက္ခရာသင်္ချာ(Algebra) ကို ဦးကျော်ညွန့်၊ အလိုက်ပြောင်းဂျီဩမေတြီ(Differential Geometry)ကို ဦးကြင်ကိုတို့က သင်ကြားပေးပါသည်။

မဟာသိပ္ပံနောက်ဆုံးနှစ် အပိုင်း(က)တန်းတွင် တိုင်းတာခြင်းနှင့် အလိုက်ပြောင်းခြင်း (Measure and Integration)ကို ဒေါက်တာလှလှစိန်၊ သာမန်အလိုက်ပြောင်း ညီမျှခြင်းများ (Ordinary Differential Equations) ကို ဒေါက်တာကျော်သိန်း၊ တစ်ပိုင်းအလိုက်ပြောင်းညီမျှခြင်းများ (Partial Differential Equations) ကို ဒေါက်တာစောတင်၊ ဖန်ရှင်စိစစ်ခြင်း (Functional Analysis)ကို ဒေါက်တာခင်မောင်ဝင်းနှင့် ကိန်းဂဏန်းအရစိစစ်ခြင်း (Numerical Analysis)ကို ဒေါက်တာကျော်ညွန့်တို့က သင်ကြားပေးပါသည်။ မှတ်မိသရွေ့ဖြစ်သဖြင့် လွဲမှားနေပါက တည့်မတ်ကြပါရန် မေတ္တာရပ်ခံပါသည်။

**သင်ခန်းစာပို့ချမှုများ**

ကျွန်တော်တို့ပထမနှစ်က မန္တလေးဆောင်တွင် အများဆုံးသင်ကြားရသော်လည်း ပင်မဆောင်များသို့ သွားတက်ရသောအချိန်များလည်း ရှိ၏။ ဒုတိယနှစ်အရောက်တွင် အင်္ဂလိပ်စာကို သိပ္ပံတိုးချဲ့ဆောင်များ(SE) ဟုခေါ်သည့် အင်းဝဆောင်နှင့် ပင်မဆောင်အကြား ယာယီအဆောက်အအုံများတွင်လည်းကောင်း၊ ကျန်ဘာသာများကို ဌာနရှိ စာသင်ခန်းများတွင်လည်းကောင်း သင်ကြားရသည်။ အခန်းကူးပြောင်း သင်ကြားကြရသဖြင့်လည်းကောင်း၊ စာသင်ချိန်များမဆက်ဘဲ ကြားအားလပ်ချိန်ရှိသဖြင့်လည်းကောင်း တက္ကသိုလ်တစ်ခုလုံးတွင် လူများ ဟိုဟိုသည်သည် သွားလာနေသည်ကို မြင်တွေ့နေရသည်။ ထိုမျှမက သင်ကြားရသည့် ဘာသာရပ်တူစာကိုပင် စာသင်ပိုကောင်းသော/လူကြိုက်များသော ဆရာရှိရာအတန်းသို့ သွားတက်ကြသည်လည်း ရှိပြန်ပါသည်။ အထက်တန်းကျောင်းများနှင့် လုံးဝကွာခြားချက်ပါပေ။

အတန်းအားလပ်ချိန်တွင် စာကြည့်လိုသူများအတွက် အကောင်းဆုံးနေရာမှာ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ဖြစ်၏။ စာကြည့်တိုက်အတွင်းတွင် စာဖတ်ရန် ဆိတ်ငြိမ်နေရာရှိ၏။ တစ်ယောက်ထိုင်စားပွဲ၊ ကုလားထိုင်များတွင် အသံမထွက်စေဘဲ စာကြည့်နိုင်၏။ အားလုံးတိတ်ဆိတ်စွာ စာကြည့်နေကြရာ စကားပြောလိုသူများအတွက် အဆင်မပြေပေ။ စာသက်သက် အာရုံထားလိုသူများအတွက်မူ လုံခြုံသော နိဗ္ဗာန်ဘုံပါတည်း။

**အတန်းဖော်များ**

ကျောင်းတွင် ကျွန်တော်တို့တက်သော တန်းခွဲမှာ လူစည်ပါသည်။ အကြောင်းမူ ရုပ်ရှင်သရုပ်ဆောင် မေဝင်းမောင်ရှိသောကြောင့်ပင်။ ပထမနှစ်မှာပင် ရုပ်ရှင်စတင်ရိုက်ကူးသည်ဟု ထင်ပါသည်။ မသေချာပါ။ သို့သော် ရုပ်ရှင်ကားများ ဆက်တိုက်ဆိုသလို ရိုက်ရင်း၊ ကျောင်းတက်ရင်းဖြင့် အတန်းစဉ်တူခဲ့ကြသည်။ ပင်မဆောင် စာသင်ခန်းများရှေ့ အုတ်ဝရန်တာများမှာ လူတက်ထိုင်ရန် အနေတော်ဖြစ်၍ ကျောက်ချစောင့်ကြည့်လိုသူများ အကြိုက်ပင် ဖြစ်သည်။

ပန်းကလေးတစ်ပွင့်လို လန်းဆန်းလှပသော ကျွန်တော်တို့အတန်းဖော် နှမကလေးအား လာရောက်မျက်စိအစာကျွေးသူ တော်တော်များလှပါသည်။ ကျွန်တော်တို့ သင်္ချာဌာန ဆရာကန်တော့ပွဲတွင် မမေဝင်းမောင်က သူ၏ခေတ်ပြားရသီချင်း “မျက်နက်ဝန်းလေးများမှတစ်ဆင့်” သီချင်းဖြင့် သီဆိုဖြေဖျော်သည်ကို သတိရမိပါသေးသည်။ ၁၉၈၀ ပြည့်နှစ်တွင် မမေဝင်းမောင် “ကြည်ပြာ” ရုပ်ရှင်ကားဖြင့် ပထမအကြိမ် အကယ်ဒမီရသောအခါ မိမိ၏နှမအရင်းအချာတစ်ယောက် ဆုရဘိသကဲ့သို့ ဝမ်းသာအားရ မုဒိတာပွားရသည်။ တပ်ထဲမှ လုပ်ဖော်ကိုင်ဖက်များကိုလည်း “တို့အတန်းထဲက”ဟု ကြွားရပါသေးသည်။ အမိတက္ကသိုလ်တွင် အတူစာသင်ခဲ့သည့် သံယောဇဉ်ပါပေ။


စာရေးဆရာလင်းယုန်နီ၏သား ကိုထင်အောင်၊ သူ၏ ပါရမီဖြည့်ဖက်ဖြစ်လာမည့် မတင်တင်ဆွေ(ကွယ်လွန်)တို့မှာလည်း ကျွန်တော်တို့ အတန်းဖော်များဖြစ်ပြီး စစ်တက္ကသိုလ် သင်္ချာဌာနတွင် စာပေနည်းပြလုပ်ခဲ့၍ ပိုမိုရင်းနှီးခဲ့ပါသည်။ ကျွန်တော်တို့ သူငယ်ချင်းအုပ်စုတွေကို မုန့်ကျွေးလေ့ရှိသော မဖြူဖြူကြိုင်မှာလည်း အတန်းဖော် တစ်ဦးပင်။ စာမေးပွဲနီးလျှင် ကျွန်တော်တို့ အဆောင်ကိုလာအိပ်ပြီး စာကျက်တတ်ကြသော နေ့ကျောင်းသားများကို မျက်နှာမှတ်မိနေသော်လည်း အမည်များ မေ့သွားပါပြီ။ ခွင့်လွှတ်ကြပါကုန်။

**မိန်းမလှကျွန်း**

ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်နယ်မြေတွင် မိန်းမလှကျွန်းဟုခေါ်သောနေရာမှာ စီးပွားရေးတက္ကသိုလ်ပင် ဖြစ်၏။ စီးပွားရေးတက္ကသိုလ်မှာ ကျောင်းသူအချောအလှပေါ်များလှ၍ အခြားတက္ကသိုလ်များဖြစ်သော စက်မှု၊ တိမွေး/ကု၊ ဆေး(၁၊၂)၊ သွား/ဆေးတို့သာမက ကျွန်တော်တို့ကျောင်းမေဂျာပေါင်းစုံမှ ကာလသားများ သွားရောက်လည်ပတ် မျက်စိအစာကျွေးရာဖြစ်၏။ ထိုမျှမကသေး ရုပ်ရှင်သရုပ်ဆောင် ဆွေဇင်ထိုက်မှာလည်း ကျောင်းတက်နေဆဲဖြစ်၏။

စာမျက်နှာ ၇ သို့




- ❖ တက္ကသိုလ်အရန်တပ်ရင်းကို ၁၉၂၂ ခုနှစ် ဇွန်လတွင် စတင်ဖွဲ့စည်းခဲ့သည်။ ထိုစဉ်က အမည်မှာ “အမှတ်(၆)မြန်မာပြည်တပ်ရင်း၊ တက္ကသိုလ်လေ့ကျင့်ရေး အရန်တပ်ဖွဲ့” ဟူ၍ ဖြစ်သည်။ ကျောင်းသားများ စစ်ပညာတတ်မြောက်စေရန်နှင့် ကိုယ်ကာယကြံ့ခိုင်စေရန်ရည်ရွယ်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်။
- ❖ လွတ်လပ်ရေးရပြီးနောက် ရောင်စုံသူပုန်များကြောင့် “ရန်ကုန်အစိုးရ”ဟု အခေါ်ခံရချိန် အင်းစိန်တိုက်ပွဲတွင် တပ်မတော်နှင့်အတူ ရန်ကုန်တက္ကသိုလ်မှ တက္ကသိုလ်အရန်တပ်ဖွဲ့ဝင် ကျောင်းသားဟောင်းများ ပါဝင်တိုက်ခိုက်ခဲ့ကြ။

○ စာမျက်နှာ ၆ မှ

ကျွန်တော်တို့ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်တွင်မူ မိန်းမလှလေးများပေါသည်ဟု နာမည်ကျော်သည်မှာ ရုက္ခဗေဒ ဖြစ်၏။ ပန်းပွင့်များနှင့် ပတ်သက်သောကြောင့် လှပကြလေသည်လား ထင်စရာပါပေ။

**တက္ကသိုလ်အရန်တပ်ရင်း(ယူတီစီ)**

ရန်ကုန်တက္ကသိုလ်နယ်မြေသို့ ၁၉၇၂ ခုနှစ် စက်တင်ဘာလဆန်းတွင် ရောက်ရှိကာ ပင်းယဆောင်တွင် နေရာရရှိပြီးနောက် တက္ကသိုလ်အနှံ့လည်ပတ်နေသဖြင့် စက်တင်ဘာလ ၇ ရက်နေ့ မောင်မယ်သစ်လွင်ကြိုဆိုပွဲသို့ မတက်ခဲ့မိပါ။ သို့အတွက် တက္ကသိုလ်အရန်တပ်ရင်း (ယူတီစီ) (University Training Corps) အကြောင်းကို မသိရှိခဲ့ပါ။

ပထမနှစ်စာသင်ခန်းများသည် မန္တလေးဆောင်တွင် ဖြစ်သော်လည်း ရူပဗေဒ၊ ဓာတုဗေဒ၊ ဘူမိဗေဒဘာသာရပ်များ လက်တွေ့သင်ခန်းစာဆောင်ရွက်ရန် ပင်မဆောင်များသို့လည်း သွားရောက်သင်ကြားရပါသည်။ ထိုသို့ သွားရောက်ရင်း စစ်ယူနီဖောင်းဝတ်များကို တွေ့ရှိရသောအခါ စစ်သားများလည်း တက္ကသိုလ်တက်၍ ရသည်ဟုသာ ထင်ခဲ့မိသည်။

တစ်ရက်တွင် အခန်းချင်းကပ်လျက်နေ ကိုဇော်ဝင်းနိုင်ကို ယူနီဖောင်းနှင့်တွေ့မှသာ ယူတီစီအကြောင်း စသိရပါတော့သည်။ အတန်းတင်စာမေးပွဲအပြီး ကျောင်းနှစ်လ ပိတ်ချိန်တွင် ယူတီစီတပ်စခန်းချလေ့ကျင့်ရေး လိုက်ပါသွားသော ကိုဇော်ဝင်းနိုင်က တပ်စခန်းချ အတွေ့အကြုံများ စာရေးလာပါသည်။ ပထမနှစ်သက်သက်ကိုသာ လက်ခံသောကြောင့် ဒုတိယနှစ်အရောက်တွင် ဝင်လိုသော်လည်းဝင်မရခဲ့ပါ။ တတိယနှစ်အရောက်တွင် ယူတီစီသင်တန်း နှစ်နှစ်တက်နိုင်ပါက ဝင်ခွင့်ပြုမည် ဖြစ်ကြောင်း ကြားသိရ၍ ကျွန်တော်၊ ကိုအောင်သူ၊ ကိုကျော်ဆွေတင့်နှင့် ကိုခင်မောင်ကြွေ (ကိုကျော်တင်) တို့ ယူတီစီဝင်ကြသည်။ ဒုတိယနှစ်မှ ကျောင်းသားများလည်း ဝင်ကြပါသည်။

လျှောက်လွှာတင်ပြီးနောက် ဆေးစစ်ရန် ခေါ်သောအခါ ယူတီစီဝင်းအတွင်းရှိ အားကစားရုံ၌ သွားရောက်ဆေးစစ်ခံကြရသည်။ မြေခင်း (ground sheet) များဖြင့် ယာယီကာရံထားသော အခန်းအတွင်း ၁၀ ယောက်တစ်တွဲ ဂျပန်ရေချိုးသကဲ့သို့ နှိုက်နှိုက်ချွတ်ချွတ် စစ်ဆေးခံရသည်မှာလည်း မျက်နှာထူပူလျက် မမေ့နိုင်စရာပါပေ။ ဆေးအောင်ပြီးနောက် ယူနီဖောင်းများနှင့် စစ်ချပ်တန်ဆာပလာများ ကစ်ဘက်အိတ် (အိတ်လုံးရှည်) တစ်လုံးစာ ထုတ်ပေးပါသည်။ ယူနီဖောင်းကို မိမိခန္ဓာကိုယ်နှင့် ကိုက်ညီအောင်ပြင်၍ ဝတ်ဆင်ကြသည်။ ကျောင်းသား ၃၀ ခန့်စီကို တပ်စုများခွဲပေးပြီး တပ်စုအလိုက် အခြေခံစစ်ပညာများ သင်ကြားပေးသည်။ တနင်္လာနှင့် အင်္ဂါတွင် ညနေ ၄ နာရီမှ ၅ နာရီခွဲအထိ မိနစ် ၄၀ နှစ်ချိန်နှင့် စနေတွင် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ငါးချိန် လေ့ကျင့်ရသည်။ စစ်ရေးပြ၊ လက်နက်ငယ်၊ ကိုယ်စီစစ်မြေပြင်ကျွမ်းကျင်မှု စသည်တို့ သင်ကြားရသည်။ နေ့ကျောင်းသားများမှာ သင်တန်းရက်များတွင် ခရီးစရိတ် ပြား ၄၀ နှုန်း ခံစားခွင့်ရှိပါသည်။ သင်တန်းတက်ရောက်သော ရက်အလိုက် မှတ်သားပြီး စုထုတ်ပေးကြောင်း သိရသည်။

ကျွန်တော်တို့ တပ်စုနည်းပြမှာ တပ်ကြပ်ကြီး မျိုးဝင်း (ချင်းအမျိုးသားအမည် ဘီခံဒို) ဖြစ်သည်။ တပ်ရေးဗိုလ်ကြီး (သန္ဓေတပ်မှူး)မှာ ဗိုလ်ကြီးဝေါ်လ်တာသန့်ဖြစ်ပြီး တပ်ရင်းအရာခံဗိုလ်မှာ အရာခံဗိုလ်လှဝင်းနိုင် (ဗိုလ်ကြီး၊ ကွယ်လွန်) ဖြစ်သည်။ ကြံ့ခိုင်ရေးနည်းပြ ဆရာကြီး ဘစိန် PT မောင်းစဉ် "အမှတ်စဉ် … အမှတ်စဉ်ဆို"ဟု အမိန့်ပေးသည်ကို ကျောင်းသားများက "ဘစိန် …ဘစိန်ဆို" ဟု ရောချနောက်ပြောင်ကြသေးသည်။ ဆရာကြီး မသိပါချေ။ ပထမဆုံးသင်ကြားရသော စစ်ပညာသင်တန်းဖြစ်၍လားမသိ။ စစ်သက်တစ်လျှောက်တက်ခဲ့သမျှ သင်တန်းအားလုံးတွင် ယူတီစီမှ နည်းပြများမှာ အတော်ဆုံးဟု ယူဆမိသည်။ စစ်သင်တန်းဖြစ်သော်လည်း ငလူး၊ ငလဲသံမကြားရသောကြောင့်လား၊ ဖိအားမရှိဘဲ သင်ကြားရ၍လား၊ လက်ဦးဆရာ ဖြစ်၍လား၊ ဆက်ဆံရေးကောင်း၍လား မဆိုနိုင်။ ပို၍အသင်အပြကောင်းသည်၊ ပို၍တော်သည်ဟု ယခုတိုင်ထင်မြင်ဆဲ ဖြစ်သည်။

တတိယနှစ်အပြီး စခန်းချလေ့ကျင့်ရေးထွက်သောအခါ တိုက်ကြီးမြို့နယ် ဂျိုးဖြူအနီးကန်သာယာတွင် စခန်းချကြသည်။ ကွင်းပြင်တွင် ၁၀ ယောက်အိပ် မိုးကာတဲများထိုး၍ နေထိုင်စေပြီး တစ်လတာ စစ်ပညာများ သင်ကြားလေ့ကျင့်ရသည်။ လက်နက်ငယ်နှင့် စစ်နည်းဗျူဟာဘာသာရပ်များကို ဝါးရုံရိပ်၊ သစ်ရိပ်များတွင် နေရာခွဲ၍ သင်ကြားလေ့ကျင့်ရခြင်း ဖြစ်သည်။ လေ့ကျင့်ရာနေရာမှ ထမင်းယူရန် အလှည့်ကျ တာဝန်ထမ်းဆောင်ရသည်။ တပ်မတော်ထုံးစံ ဖိုကြီးချက်ပဲဟင်းမှာ တော်တော်လေးကောင်းသည်။ တစ်ရက်တွင် ကျွန်တော်ပါဝင်သောအဖွဲ့ ထမင်း၊ ဟင်းယူရန် တာဝန်ကျသည်။ ထမင်း၊ ဟင်းဝေရာ ဖိုကြီးတွင် ကျွန်တော်က ပဲဟင်းပိုပေးရန် တောင်းရာ ခွဲတမ်းအပြင် အနည်းငယ်ပိုပေးလိုက်ပါသည်။ ဝမ်းသာစွာ ပြန်လာပြီး ထမင်း၊ ဟင်းဝေပြီးသောအခါကျမှ ပြဿနာပေါ်လာပါတော့သည်။ ထုံးစံအတိုင်း ပဲဟင်းကို နို့ဆီဘူး တစ်ခွက်နှုန်းဝေအပြီးတွင် အပိုတောင်း၍ရလာသော ပဲဟင်း လေး၊ ငါးခွက်စာ ကျန်နေသည်။ သို့ဖြစ်၍ "စကင်းရောင်း (Second Round) ရမယ်" ဟု အော်လိုက်ပြီး လာတောင်းသူများကို အနည်းငယ်စီ ထပ်ပေးရာ များမကြာခင် လုံးဝကုန်သွားပါသည်။ ထိုအခါ စကင်းရောင်းမရသူများက ပြဿနာရှာပါတော့သည်။ "ဟင်းဝေသူ မတရားဘူး၊ မျှမျှတတမဝေဘူး" ဟု မကျေမနပ် ရန်တွေ့ပါသည်။ ကျွန်တော်လည်း အံ့အားသင့်ပြီး ဘာပြောရမှန်း မသိတော့ပါ။ "စေတနာ … ဝေဒနာဖြစ်ရသည်" ဟုသာတွေးပြီး စိတ်မကောင်းဖြစ်မိသည်။

ထိုစခန်းချကာလအတွင်း ခရီးရှည် ထိုးဖောက်ချီတက်ခြင်း လေ့ကျင့်ခန်းကို စခန်းချသင်တန်းသားများအားလုံးပါဝင်သည့် တပ်ရင်းဖွဲ့စည်း၍ စခန်းချရာမှ နှစ်ညအိပ်သုံးရက်လေ့ကျင့်ရန်ထွက်ခွာခဲ့ကြသည်။ လမ်းတစ်လျှောက် တိုက်ပွဲလေ့ကျင့်ခန်းများဆောင်ရွက်ပြီး ပထမည စခန်းချသည့်နေရာတွင် ခံစစ်လေ့ကျင့်ကြသည်။ သရုပ်ပြအဖွဲ့က လက်နက်ငယ်များ၊ စိန်ရောင်ခြည်များဖြင့် အသံပေးပစ်ခတ်မှုပြုလုပ်ရာ ကျွန်တော်တို့ အတွေ့အကြုံမရှိသေးသူများ အတော်စိတ်ညစ်သွားကြရသည်။ "စိန်ရောင်ခြည်ပစ်တယ်" ဟူသောစကားကို စကြားခါစက ကျွန်တော့်နာမည်နှင့် အစချင်းတူသော လူတစ်ယောက်ဟု ထင်ခဲ့မိပါသေးသည်။ နောက်မှသာ ကတ်ထူစက္ကူအတွင်း ယမ်းထည့်၍ အသံပေးဖောက်ခွဲသောဗုံးဖြစ်ကြောင်း သိရသည်။ ယခင်ကတည်းက တက်ရောက်ခဲ့သူများက တစ်ညလုံးမကြာခဏလာပစ်တတ်သည်ဟုဆို၍ ယူနီဖောင်းအပြည့်ဝတ်လျက် ကြက်အိပ်၊ ကြက်နိုး အိပ်စက်ကြရပါတော့သည်။ သို့ရာတွင် ညဦးပိုင်း ပစ်ခတ်မှုအပြီး နောက်ထပ် ထပ်မံအသံပေး မပစ်ခတ်တော့ပါ။

နောက်မှ ကြားသိရသည်မှာ ယမန်နေ့ ညဦးက လေ့ကျင့်ချိန်တွင် သရုပ်ပြအဖွဲ့က မိုးပေါ်ထောင်ဖောက်လိုက်သော ရိုင်ဖယ်ကျည်တစ်တောင့်သည် ငါးမိုင်ကျော်ဝေးသည့်ရွာမှ သွပ်မိုးအိမ်တစ်လုံးပေါ် အရှိန်ကုန်ပြုတ်ကျ၍ အမိုးအားဖောက်ပြီးနောက် အိပ်နေသောကလေးတစ်ဦးအား ထိမှန်ခဲ့ကြောင်း၊ ဒဏ်ရာမပြင်းထန်ကြောင်းဟူ၍ ဖြစ်သည်။ "ရိုင်ဖယ်၊ မိုင်နှစ်ဆယ်တိုင်မကွယ်နဲ့" ဆိုသည်မှာ မမှားပါ။

နောက်ရက် ချီတက်စဉ်တွင် ရန်ကုန်-ပြည် မော်တော်ကားလမ်းနံဘေးသို့ ရောက်သွားပြီး ကားလမ်းဘေး ကုက္ကိုတန်းတွင် စစ်ကြောင်းအလိုက် ခေတ္တနားနေစဉ် လမ်းမပေါ်ဖြတ်သွားသော ကုန်တင်ကားကြီးများက စားစရာများ ပစ်ချပေးသွားသည်ကိုလည်း ကြုံတွေ့ရပါသည်။ ရန်ကုန်တွင် အရေးအခင်းများဖြစ်ခဲ့စဉ် တပ်များက လုံခြုံရေး ဝင်ယူရသည်က တစ်ကဏ္ဍ၊ အများပြည်သူက တပ်မတော်သားများကို ချစ်ကြသည်က တစ်ကဏ္ဍပါပေ။

ထိုစဉ်က တပ်မတော်တွင် ဂျီသရီး၊ ဂျီဖိုး(G3၊ G4) လက်နက်များ အသုံးပြုနေပြီဖြစ်သော်လည်း ကျွန်တော်တို့ ယူတီစီတွင် သင်ကြားရသည်မှာ ပွိုင့် ၃၀၃ ရိုင်ဖယ်နှင့် စက္ကလေးဖြစ်သည်။ စခန်းချလေ့ကျင့်စဉ်အတွင်း ဂျိုးဖြူရှိ တိုင်းဗဟိုလေ့ကျင့်ရေးစခန်းသို့သွား၍ စက်ပစ်ကွင်း ပစ်ရပါသေးသည်။ အလှည့်ကျ စက်ကတုတ်တွင်နေ၍ "ထောင်၊ ယမ်း၊ ခါ၊ ထိုး" လုပ်ကြရပါသေးသည်။ အဓိကရည်ရွယ်ချက်မှာ သေနတ်ပစ်ခံရသည့်အသံကို ကြားဖူးစေရန်ပင်။ (ဗဟိုကွင်းထိလျှင် မြားအဖြူဖြင့် ပစ်မှတ်ဘယ်ဘက်တွင် **ထောင်**ပြ၊ အတွင်းကွင်းထိလျှင် မြားအနက်ဖြင့် ပစ်မှတ်ကိုဖြတ်၍ **ယမ်း**ပြ၊ အပြင်ကွင်းထိလျှင် ညွှန်တံမြားကို ပလုတ်တုတ်ကဲ့သို့ **ခါ**ပြ၊ အနားကွင်းထိလျှင် ညွှန်တံမြားကို အောက်မှအထက်သို့ သုံးကြိမ် **ထိုး**ပြပြီး ထိချက်ပြရသည်။ မထိလျှင် "အဝတ်" အလံဖြင့် ပစ်မှတ်ကိုဖြတ်၍ ယမ်းပြရပါသည်။ ယင်းကို 'လှကလေးစိန်' ဟုခေါ်သည်။) ပစ်၍ အကောင်းဆုံးလက်နက်မှာ ဘရင်းဂန်းခေါ် စက္ကလေး ပါတည်း။

စခန်းချလေ့ကျင့်ချိန်တွင် တပ်မတော်မှ အရာရှိတစ်ဦးတွဲဖက်လာရောက်ပြီး ကိုယ်တွေ့အတွေ့အကြုံများနှင့်ယှဉ်၍ သင်ခန်းစာတစ်ချို့ ပို့ချပေးသည်။ စခန်းချသုံးကြိမ်မီသော ကျောင်းသားများ၏ ပြောကြားချက်အရ ဗိုလ်ကြီးမောင်ဘို (ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ကွယ်လွန်)၊ ဗိုလ်ကြီးသက်ထွန်း၊ ဗိုလ်ကြီးခင်မောင်အေးတို့ လာရောက်ပို့ချဖူးကြပြီး သူတို့၏ ဝတ်ပုံ စားပုံ၊ စစ်သားပီသ စမတ်ကျပုံ၊ ပြောပုံဆိုပုံတို့ကို လေးစားအားကျကြရသည်ဟု ဆို၏။

စခန်းချလေ့ကျင့်ရေး တစ်လအပြီးတွင် ကျောင်းသားတပ်ဖွဲ့ဝင်များကို အဆင့်လိုက် လစာထုတ်ပေးပါသည်။ ကျွန်တော်တို့မှာ တပ်သားအဆင့်ဖြစ်၍ တပ်သားလစာရကြသည်။ ပထမဆုံးချွေးနှင့်ရင်း၍ရသော လစာဖြစ်၍ မိခင်ကြီးအား ကန်တော့ခဲ့ပါ၏။ အချို့သော ပထမနှစ်မှ စတင်ဝင်ရောက်ပြီး သင်တန်းပျက်ကွက်ခြင်း လုံးဝမရှိသူများမှာ တစ်နှစ်လျှင်တစ်ရစ်နှုန်း အဆင့်တိုးကြသဖြင့် ဒုတိယတပ်ကြပ်/ တပ်ကြပ်/ တပ်ကြပ်ကြီးအဆင့်များ ရနေကြပြီဖြစ်၍ အဆင့်အလိုက် လစာရရှိကြပါသည်။ ဘွဲ့လွန်တက်နေသော တပ်ဖွဲ့ဝင်တစ်ဦးကို ဒုတိယအရာခံဗိုလ်အဆင့် ရရှိသည်ကိုလည်း တွေ့ရှိရသည်။

ဤနေရာတွင် တက္ကသိုလ်၏တစ်မိတည်းဖွားညီငယ်ဟုဆိုနိုင်သည့် တက္ကသိုလ် အရန်တပ်ရင်း(ယူတီစီ) များ ပေါ်ပေါက်လာမှုကို အကျဉ်းချုံးဖော်ပြလိုပါသည်။ တက္ကသိုလ်အရန်တပ်ရင်းကို ၁၉၂၂ ခုနှစ် ဇွန်လတွင် စတင်ဖွဲ့စည်းခဲ့သည်။ ထိုစဉ်က အမည်မှာ "အမှတ်(၆)မြန်မာပြည်တပ်ရင်း၊ တက္ကသိုလ်လေ့ကျင့်ရေးအရန်တပ်ဖွဲ့" ဟူ၍ ဖြစ်သည်။ ကျောင်းသားများ စစ်ပညာတတ်မြောက်စေရန်နှင့် ကိုယ်ကာယ ကြံ့ခိုင်စေရန်ရည်ရွယ်၍ ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

သီပေါဘုရင် ပါတော်မူပြီးနောက် မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ် ဗြိတိသျှအစိုးရက စီမံအုပ်ချုပ်ခဲ့သည်။ မြန်မာတို့ နိုင်ငံရေးနိုးကြားလာသောကာလ (မြန်မာ့သမိုင်းပါ တွဲရေး/ခွဲရေးပြဿနာ) ၁၉၃၀ ပြည့်နှစ်ဝန်းကျင်တွင် နိုင်ငံတစ်ခုအဖြစ် ခွဲထွက်ရန် အစိုးရက ပြုပြင် တည်ထောင်ရေးဌာနကို ဖွဲ့စည်းခဲ့သည်။ နောင်မြန်မာနိုင်ငံ အစိုးရအဖြစ် ဖွဲ့စည်းရာတွင် အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းတာဝန်များ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန်ဖြစ်သည်။ ၁၉၃၅ ခုနှစ်တွင် မြန်မာပြည်အက်ဥပဒေကို ဗြိတိသျှအစိုးရက အတည်ပြုထုတ်ပြန်ခဲ့ရာ ယင်းဥပဒေအရ ၁၉၃၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံသည် ဗြိတိသျှအင်ပါယာအတွင်း သီးခြားကိုလိုနီနိုင်ငံတစ်ခု ဖြစ်လာသည်။ ဖော်ပြပါ ပြုပြင်တည်ထောင်ရေးဌာနကို ကာကွယ်ရေးဌာနအဖြစ် ပြောင်းလဲခဲ့သည်။ ကျွန်တော်တို့ ကာကွယ်ရေးဝန်ကြီးဌာန၏ အစပါတည်း။

ယင်းကာကွယ်ရေးဌာနသည် မြန်မာပြည် ကြည်းတပ်မတော်၏ သေနတ်ကိုင်တပ်ရင်း လေးရင်း၊ မြန်မာပြည် နယ်ခြားတပ် ရှစ်ရင်း၊ မြန်မာပြည်စစ်ပုလိပ်တပ် သုံးရင်းနှင့် ရန်ကုန်တက္ကသိုလ်အရန်တပ်ရင်းတို့ကို သီးခြားကွပ်ကဲခဲ့သည်။ စစ်ကြိုခေတ်တွင် ၁၉၄၂ ခုနှစ်ဆန်းအထိ လေ့ကျင့်မှုများဆောင်ရွက်ပြီး ဒုတိယကမ္ဘာစစ်မီး မြန်မာပြည်သို့ ကူးစက်လာသောအခါ ဇန်နဝါရီလ ၁၅ ရက်နေ့၌ ရန်ကုန်တက္ကသိုလ်ကို ဘုရင်ခံအမိန့်ဖြင့် ရပ်ဆိုင်းရခြင်းနှင့်အတူ ရပ်ဆိုင်းသွားခဲ့သည်။

လွတ်လပ်ရေးရပြီးနောက် ရောင်စုံသူပုန်များကြောင့် "ရန်ကုန်အစိုးရ"ဟု အခေါ်ခံရချိန် အင်းစိန်တိုက်ပွဲတွင် တပ်မတော်နှင့်အတူ ရန်ကုန်တက္ကသိုလ်မှ တက္ကသိုလ်အရန်တပ်ဖွဲ့ဝင်ကျောင်းသားဟောင်းများ ပါဝင်တိုက်ခိုက်ခဲ့ကြသေးသည်။ ၁၉၅၂ ခုနှစ် နိုဝင်ဘာလတွင် တက္ကသိုလ်အရန်တပ်ရင်း(ရန်ကုန်)နှင့် တက္ကသိုလ်အရန်တပ်ရင်း (မန္တလေး) တို့ကို စစ်ဝန်ထမ်းဌာနချုပ် လက်အောက်တွင် ထားရှိဖွဲ့စည်းခဲ့သည်။

ယူတီစီတပ်ဖွဲ့ဝင်ဖြစ်ခဲ့ပြီး လက်ရှိနိုင်ငံ့တာဝန်ထမ်းဆောင်နေသူများမှာ - စစ်ဘက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်တို့ဖြစ်ပြီး နယ်ဘက်တွင် ဦးကျော်တင့်ဆွေ (နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး)၊ ဒေါက်တာအောင်သူ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး)၊ ဦးကျော်တင် (အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး)၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း) (NRPC)၊ ဒေါက်တာကျော်ကျော်ခေါင် (ပါမောက္ခချုပ်၊ အရှေ့ပိုင်းတက္ကသိုလ်)၊ ဒေါက်တာတင်ထွန်း (ပါမောက္ခချုပ်၊ တောင်ငူတက္ကသိုလ်) စသည်တို့ဖြစ်ကြသည်။ ကျန်ရှိနေသူများကို ဖြည့်စွက်ပေးကြပါကုန်။



**စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း**

- ❖ အမည်ရင်းမှာ စိန်ဝင်း ဖြစ်သည်။
- ❖ မွေးသက္ကရာဇ်မှာ ၂၄-၇-၁၉၅၆ ဖြစ်သည်။
- ❖ ပြင်ဦးလွင်မြို့ ဇာတိ ဖြစ်သည်။
- ❖ ရန်ကုန်တက္ကသိုလ်သို့ ၁၉၇၂ ခုနှစ်တွင် တက်ရောက်ပြီး ၁၉၇၇ ခုနှစ်တွင် သိပ္ပံဘွဲ့(သင်္ချာ) ရရှိခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် တွက်ချက်ရေး ဒီပလိုမာနှင့် ၂၀၀၃ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ (ကာကွယ်ရေး) ရရှိခဲ့သည်။
- ❖ ၁၉၇၈ ခုနှစ်မှ ယနေ့အထိ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိပြီး လက်ရှိ ဒုတိယဗိုလ်ချုပ်ကြီးအဆင့်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တာဝန် ထမ်းဆောင်လျက်ရှိသည်။

**စာပေဟောပြောပွဲများ**

ကျွန်တော်တို့ကျောင်းတက်စဉ်က ဘာသာရပ်ဆိုင်ရာအသင်းများ၏ စီစဉ်မှုဖြင့်လည်းကောင်း၊ ကျောင်းဆောင်သဟာယအသင်းများ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ စာပေဟောပြောပွဲများ အမြောက်အမြား ကျင်းပကြ၏။ သွားရောက်နားထောင်ဖူးသည်များမှ မှတ်မိနေသည်မှာ ထိုစဉ်က နာမည်ကျော်စာရေးဆရာ မောင်သာရ၊ ရုပ်ရှင်သရုပ်ဆောင် စာရေးဆရာသုမောင်တို့ဖြစ်၏။ ဝိဇ္ဇာခန်းမ၊ သိပ္ပံခန်းမတို့မှာသာမက ထမင်းစားဆောင်များတွင်လည်း စီစဉ်ကျင်းပကြသည်။ မောင်သာရ၏ ဝတ္ထုအမည်များမှာလည်း အဆန်းသား။ "မျိုးမမပကာသနီ"၊ "ထမီကျွတ်၍လွှတ်လိုက်သည်"၊ "စီးပလေစေ မောင်မသုတ်နဲ့"၊ "ယုန်နှင့် အတူပြေး၊ ခွေးနှင့်အတူလိုက်"၊ "ကျဉ်တုတ်ခံဝံ့၊ မခံဝံ့" စသည်တို့ ဖြစ်သည်။ 'ကျဉ်တုတ် ခံဝံ့၊ မခံဝံ့' မှ ကြည့်ကန်ရှင်ကြီးမေတ္တာစာပါ "ပဲဟင်းကို ရှုပ်လို၏။ နှုတ်ခမ်းမွေးကို အနုတ်ခံဝံ့၊ မခံဝံ့။ မှိုနှင့်မျှစ်ကို နုတ်လို၏။ ကျဉ်တုတ်ခံဝံ့၊ မခံဝံ့။ မင်းမှာအမှုလုပ်လို၏။ တင်းကုပ်၌ အချုပ်ခံဝံ့၊ မခံဝံ့။" ကို စိတ်ထဲစွဲမြဲမိ၏။ တင်းကုပ်၌အချုပ်မခံဝံ့သောကြောင့် အရေးအခင်းများနှင့်ကင်းကင်းရှင်းရှင်း နေမိပါတော့သည်။

**အမှားပြင်ဆင်ချက်များ**

ပထမဆောင်းပါးမှာ ရေးလိုက်မိသည့် ၁၉၇၅ ဦးသန့်အရေးအခင်းဆိုသည့်အချက် မှားကြောင်း ၁၉၇၄ ဒီဇင်ဘာ ၅ - ၁၁ ဖြစ်ကြောင်းထောက်ပြကြ၍ အထူးကျေးဇူးတင်မိပါသည်။ တတိယနှစ်(၁၉၇၄-၇၅)ဆိုလျှင် မမှားသော်လည်း စာသင်နှစ် အဆုံးများကို အလွယ်မှတ်ထားမိရင်း လွဲချော်သွားရခြင်းဖြစ်သည်။

နောက် အမှားတစ်ခုက ကျွန်တော်တို့အသုတ်မှ မခင်ခင်အေးကို စတုတ္ထနှစ်တွင် ကွန်ပျူတာဘာသာရပ်သို့ ပြောင်းရွှေ့သွားသည်ဟု ဖော်ပြခဲ့ရာ အမှန်မှာ စတုတ္ထနှစ်အပြီး သိပ္ပံဘွဲ့ရပြီးမှ ပြောင်းသွားသည်ဟုဆိုပါသည်။

နောက်အမှားတစ်ခုမှာ ဒဂုံဆောင်နှင့်ရွှေဘိုဆောင် အမည်လွဲခြင်းဖြစ်သည်။ ကျွန်တော်အရောက်အပေါက်သိပ်မရှိသော ယင်းကျောချင်းကပ် နှစ်ဆောင်ကို အမည်အမှတ်မှားခြင်းဖြစ်သည်။ အမှန်မှာ တောင်ငူဆောင်ရှေ့မှ ထွက်ပါက အနီးဆုံးလူနေဆောင်မှာ ဒဂုံဆောင်ဖြစ်သည်။

**ဆုတောင်း**

ကျွန်တော်တို့ကျေးဇူးရှင် အမိတက္ကသိုလ်ကြီး နှစ်ပေါင်းရာထောင် တည်တံ့ပါစေသတည်း။ နိုင်ငံတကာ အဆင့်မီတက္ကသိုလ်ကြီးအဖြစ် အမြန်တက်လှမ်းနိုင်ပါစေ သတည်းဟု ဆုမွန်တောင်းလျက် ရန်ကုန်တက္ကသိုလ်ရာပြည့်ပွဲကို ဂုဏ်ပြုလိုက်ပါသည်။ ။

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ ဆန္ဒမဲရရှိမှုအခြေအနေ (၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ)

(ယမန်နေ့မှအဆက်)

| စဉ် | မဲဆန္ဒနယ် | မဲဆန္ဒရှင်ဦးရေ | မဲပေးသူဦးရေ | | | မဲပေးသူရာခိုင်နှုန်း | ပယ်မဲ/ပျောက်မဲအရေအတွက် | | | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/ တစ်သီးပုဂ္ဂလ | ရရှိသည့်နိုင်လုံမဲ | | | နိုင်လုံမဲရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | | ပယ် | ပျောက် | ပေါင်း | | | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | | |
| ၅ | မချမ်းဘောမဲဆန္ဒနယ် | ၅၉၀၂ | ၃၆၇၆ | ၁၂၉၁ | ၄၉၆၇ | ၈၄.၁၆ | ၁၈၃ | - | ၁၈၃ | | | ၃၅၆၂ | ၁၂၂၂ | ၄၇၈၄ | | |
| | | | | | | | | | | ဦးအကျော့နလအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၂၄၈ | ၃၇၉ | ၁၆၂၇ | ၃၄.၀၁ % | |
| | | | | | | | | | | ဦးရယ်ဒမ်းဝမ်ယောဆက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၀၂ | ၄၅၁ | ၁၅၅၃ | ၃၂.၄၆ % | |
| | | | | | | | | | | ဦးခရဲန်းဆင်ဝါး | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၀၀၉ | ၃၂၅ | ၁၃၃၄ | ၂၇.၈၈ % | |
| | | | | | | | | | | ဦးငွါးဖူးဆာ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၀၃ | ၆၇ | ၂၇၀ | ၅.၆၅ % | |
| ၆ | ဗန်းမော်မဲဆန္ဒနယ် | ၉၄၂၄၄ | ၅၂၂၅၉ | ၁၈၉၁၃ | ၇၁၁၇၂ | ၇၅.၅၂ | ၂၃၈၄ | ၁၂ | ၂၃၉၆ | | | ၅၀၂၉၂ | ၁၈၄၈၄ | ၆၈၇၇၆ | | |
| | | | | | | | | | | ဦးအောင်သိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၈၃၄၄ | ၉၄၇၁ | ၃၇၈၁၅ | ၅၄.၉၈ % | |
| | | | | | | | | | | ဒေါက်တာသိန်းနိုင်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၇၅၅ | ၅၀၇၇ | ၁၆၈၃၂ | ၂၄.၄၇ % | |
| | | | | | | | | | | ဒေါ်ရွှယ်အောန်း | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၃၇၇၂ | ၁၅၇၃ | ၅၃၄၅ | ၇.၇၇ % | |
| | | | | | | | | | | ဦးကျော်ဆွေ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၉၃၄ | ၉၇၅ | ၃၉၀၉ | ၅.၆၈ % | |
| | | | | | | | | | | ဦးအေးမောင်ကျော် | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၇၁၉ | ၉၇၂ | ၃၆၉၁ | ၅.၃၇ % | |
| | | | | | | | | | | ဦးအောင်ဇော်ထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၆၁ | ၂၁၉ | ၆၈၀ | ၁.၀၀ % | |
| | | | | | | | | | | ဦးစည်သူမျိုးအေး | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၃၀၇ | ၁၉၇ | ၅၀၄ | ၀.၇၃ % | |
| ၇ | မံစီမဲဆန္ဒနယ် | ၄၂၅၈၁ | ၂၄၀၄၈ | ၆၉၉၂ | ၃၁၀၄၀ | ၇၂.၉၀ | ၂၀၈၇ | ၁၄ | ၂၁၀၁ | | | ၂၂၂၇၅ | ၆၆၆၄ | ၂၈၉၃၉ | | |
| | | | | | | | | | | ဦးကွမ်ဆန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၅၅၇ | ၂၆၉၁ | ၉၂၄၈ | ၃၁.၉၆ % | |
| | | | | | | | | | | ဒေါ်မိုင်းရာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၆၂၇၄ | ၁၄၂၆ | ၇၇၀၀ | ၂၆.၆၀ % | |
| | | | | | | | | | | ဦးစိုင်းဇင်မင်းအေး | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၄၃၃၉ | ၁၁၆၈ | ၅၅၀၇ | ၁၉.၀၃ % | |
| | | | | | | | | | | ဦးလုမြိုင် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၂၉၀၃ | ၇၇၁ | ၃၆၇၄ | ၁၂.၇၀ % | |
| | | | | | | | | | | ဦးစံတေ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၈၅၂ | ၄၅၀ | ၂၃၀၂ | ၇.၉၅ % | |
| | | | | | | | | | | ဦးထိန်လွင် | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၃၅၀ | ၁၅၈ | ၅၀၈ | ၁.၇၆ % | |
| ၈ | မိုးမောက်မဲဆန္ဒနယ် | ၅၀၃၀၀ | ၂၆၃၇၃ | ၈၅၉၈ | ၃၄၉၇၁ | ၆၉.၅၂ | ၁၅၂၁ | ၉ | ၁၅၃၀ | | | ၂၅၁၃၃ | ၈၃၀၈ | ၃၃၄၄၁ | | |
| | | | | | | | | | | ဦးဝင်းအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၈၁၁၄ | ၂၂၄၄ | ၁၀၃၅၈ | ၃၀.၉၇ % | |
| | | | | | | | | | | ဦးမြင့်လွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၆၂၄ | ၂၅၂၂ | ၆၁၄၆ | ၁၈.၃၈ % | |
| | | | | | | | | | | ဒေါ်သိန်းမြင့် | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၅၁၂၈ | ၈၉၉ | ၆၀၂၇ | ၁၈.၀၂ % | |
| | | | | | | | | | | ဦးမိတုံဂမ်အောင် (ခ) ဦးဘရန်အောင် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၂၈၆၅ | ၉၆၄ | ၃၈၂၉ | ၁၁.၄၅ % | |
| | | | | | | | | | | ဦးသာအောင် | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၁၄၅ | ၆၈၀ | ၂၈၂၅ | ၈.၄၅ % | |
| | | | | | | | | | | ဦးကျော်ဇော | ကချင်အမျိုးသားကွန်ဂရက်ပါတီ | ၂၁၃၈ | ၅၈၁ | ၂၇၁၉ | ၈.၁၃ % | |
| | | | | | | | | | | ဒေါ်မွေးရီ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၁၉ | ၄၁၈ | ၁၅၃၇ | ၄.၆၀ % | |
| ၉ | ရွှေကူမဲဆန္ဒနယ် | ၆၅၆၈၈ | ၄၁၃၁၄ | ၁၁၂၃၃ | ၅၂၅၄၇ | ၇၉.၉၉ | ၂၀၆၇ | ၁၀ | ၂၀၇၇ | | | ၃၉၅၈၄ | ၁၀၈၈၆ | ၅၀၄၇၀ | | |
| | | | | | | | | | | ဦးတင်ဦးယု | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၆၅၁၃ | ၆၅၂၁ | ၃၃၀၃၄ | ၆၅.၄၅ % | |
| | | | | | | | | | | ဦးဇော်မင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၆၉၄ | ၃၃၂၈ | ၁၄၀၂၂ | ၂၇.၇၈ % | |
| | | | | | | | | | | ဦးကျော်နိုင်ဝင်း | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၈၃၃ | ၃၀၂ | ၁၁၃၅ | ၂.၂၇ % | |
| | | | | | | | | | | ဦးသောင်းကြွယ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၅၅ | ၃၃၉ | ၉၉၄ | ၁.၉၇ % | |
| | | | | | | | | | | ဦးဘဒန်လီ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၆၁၆ | ၂၆၀ | ၈၇၆ | ၁.၇၄ % | |
| | | | | | | | | | | ဦးခင်မောင်ကျော် | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၇၃ | ၁၂၆ | ၃၉၉ | ၀.၇၉% | |
| ၁၀ | ဖားကန့်မဲဆန္ဒနယ် | ၁၈၄၀၆၂ | ၉၀၆၃၅ | ၁၃၀၉၇ | ၁၀၃၇၃၂ | ၅၆.၃၆ | ၃၄၇၈ | ၂၉ | ၃၅၀၇ | | | ၈၇၅၄၀ | ၁၂၆၈၅ | ၁၀၀၂၂၅ | | |
| | | | | | | | | | | ဦးအောင်ဟိန်းမင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၅၉၃၄၅ | ၅၇၅၈ | ၆၅၁၀၃ | ၆၄.၉၆ % | |
| | | | | | | | | | | ဦးလအောင် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၄၁၅၁ | ၂၈၀၆ | ၁၆၉၅၇ | ၁၆.၉၂ % | |
| | | | | | | | | | | ဦးစိုင်းသိန်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၁၀၂ | ၂၇၁၂ | ၁၀၈၁၄ | ၁၀.၇၈ % | |
| | | | | | | | | | | ဦးစိမ်းညွန့်သောင်း | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၉၄၉ | ၇၂၁ | ၃၆၇၀ | ၃.၆၆ % | |
| | | | | | | | | | | ဒေါ်ထုဘူ | ကချင်အမျိုးသားကွန်ဂရက်ပါတီ | ၂၇၆၃ | ၅၈၂ | ၃၃၄၅ | ၃.၃၄ % | |
| | | | | | | | | | | ဦးယိန်းခေါ | တစ်သီးပုဂ္ဂလ | ၂၃၀ | ၁၀၆ | ၃၃၆ | ၀.၃၄ % | |
| ၁၁ | မိုးကောင်းမဲဆန္ဒနယ် | ၁၀၄၅၃၅ | ၅၂၅၇၉ | ၁၇၇၆၂ | ၇၀၃၄၁ | ၆၇.၂၉ | ၂၂၁၅ | ၂၇ | ၂၂၄၂ | | | ၅၀၆၃၃ | ၁၇၄၆၆ | ၆၈၀၉၉ | | |
| | | | | | | | | | | ဦးဝင်းနိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၆၇၀၂ | ၈၁၉၅ | ၃၄၈၉၇ | ၅၁.၂၄ % | |
| | | | | | | | | | | ဦးစိုးနွယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၇၇၅ | ၅၁၇၁ | ၁၇၉၄၆ | ၂၆.၃၅ % | |
| | | | | | | | | | | ဦးဘရန်ရှောင် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၆၈၃၄ | ၂၄၁၉ | ၉၂၅၃ | ၁၃.၅၉ % | |
| | | | | | | | | | | ဦးထွန်းအောင်ကျော် | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၈၂၅ | ၁၃၆၄ | ၅၁၈၉ | ၇.၆၂ % | |
| | | | | | | | | | | ဦးဇော်လင်း | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၄၉၇ | ၃၁၇ | ၈၁၄ | ၁.၂၀ % | |

(ဆက်လက်ဖော်ပြပါမည်)

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ ဆန္ဒမဲရရှိမှုအခြေအနေ (၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ)

(ယမန်နေ့မှအဆက်)

| စဉ် | မဲဆန္ဒနယ် | မဲဆန္ဒရှင်ဦးရေ | မဲပေးသူဦးရေ | | | မဲပေးသူရာခိုင်နှုန်း | ပယ်မဲ/ ပျောက်မဲအရေအတွက် | | | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/ တစ်သီးပုဂ္ဂလ | ရရှိသည့်နိုင်လုံမဲ | | | နိုင်လုံမဲရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | | ပယ် | ပျောက် | ပေါင်း | | | မဲရုံမဲ | ကြိုတင်မဲ | ပေါင်း | |
| ၄ | မဲဆန္ဒနယ်အမှတ်(၄) | ၅၀၃၀၀ | ၂၆၃၅၇ | ၈၅၈၃ | ၃၄၉၄၀ | ၆၉.၄၆ | ၁၁၈၃ | ၁၀ | ၁၁၉၃ | | | ၂၅၃၈၀ | ၈၃၆၇ | ၃၃၇၄၇ | |
| | | | | | | | | | | ဒေါက်တာခွန်ဝင်းသောင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၈၂၀၁ | ၂၃၆၅ | ၁၀၅၆၆ | ၃၁.၃၁% |
| | | | | | | | | | | စိုင်းကျော်သီဟ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၅၂၃၄ | ၉၃၄ | ၆၁၆၈ | ၁၈.၂၈% |
| | | | | | | | | | | ဦးဒါရှိတူးလွမ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၇၅ | ၂၄၇၈ | ၆၀၅၃ | ၁၇.၉၃% |
| | | | | | | | | | | ဦးစိန်ရွှေ(ခ) မြိုတုန်အီးဆတ် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၂၅၆၇ | ၇၉၈ | ၃၃၆၅ | ၉.၉၇% |
| | | | | | | | | | | ဒေါက်တာကောန်လ | ကချင်အမျိုးသားကွန်ဂရက်ပါတီ | ၂၄၃၀ | ၆၇၇ | ၃၁၀၇ | ၉.၂၈% |
| | | | | | | | | | | ဦးသိန်းသန်းဇော် | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၂၀၂ | ၆၈၀ | ၂၈၈၂ | ၈.၅၄% |
| | | | | | | | | | | ဒေါ်စံပယ်ဦး | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၇၁ | ၄၃၅ | ၁၆၀၆ | ၄.၇၆% |
| ၅ | မဲဆန္ဒနယ်အမှတ်(၅) | ၁၈၄၀၆၂ | ၉၀၂၃၇ | ၁၃၁၂၉ | ၁၀၃၃၆၆ | ၅၆.၁၆ | ၂၇၄၉ | ၂၆ | ၂၇၇၅ | | | ၈၇၈၅၅ | ၁၂၇၃၆ | ၁၀၀၅၉၁ | |
| | | | | | | | | | | ဦးခင်မောင်မြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၅၉၃၂၉ | ၅၉၀၀ | ၆၅၂၂၉ | ၆၄.၈၅% |
| | | | | | | | | | | ဦးဇော်ဖန်း | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၆၄၀၈ | ၃၀၇၁ | ၁၉၄၇၉ | ၁၉.၄၆% |
| | | | | | | | | | | ဦးဘရန်ဆိုင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၇၅၂ | ၂၈၂၃ | ၁၁၅၇၅ | ၁၁.၅၁% |
| | | | | | | | | | | ဦးခင်မောင်လွင် | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၃၆၆ | ၈၄၂ | ၄၂၀၈ | ၄.၁၈% |
| ၆ | မဲဆန္ဒနယ်အမှတ်(၆) | ၁၀၄၅၃၅ | ၅၂၅၃၄ | ၁၇၆၇၂ | ၇၀၂၀၆ | ၆၇.၁၆ | ၁၅၄၈ | ၂၃ | ၁၅၇၁ | | | ၅၁၂၈၀ | ၁၇၃၅၅ | ၆၈၆၃၅ | |
| | | | | | | | | | | ဒေါက်တာခင်မကြီး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၇၀၆၈ | ၈၀၆၂ | ၃၅၁၃၀ | ၅၁.၁၈% |
| | | | | | | | | | | ဦးထွန်းထွန်းအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၇၀၀ | ၅၂၁၄ | ၁၇၉၁၄ | ၂၆.၁၀% |
| | | | | | | | | | | ဦးကိုကိုမင်း | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၇၀၈၈ | ၂၄၅၃ | ၉၅၄၁ | ၁၃.၉၀% |
| | | | | | | | | | | ဦးမင်းထွန်း | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၈၉၈ | ၁၂၆၁ | ၅၁၅၉ | ၇.၅၂% |
| | | | | | | | | | | ဦးဖြိုးကိုကို | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၅၂၆ | ၃၆၅ | ၈၉၁ | ၁.၃၀% |
| ၇ | မဲဆန္ဒနယ်အမှတ်(၇) | ၈၂၈၉၄ | ၄၃၇၈၃ | ၁၄၆၂၉ | ၅၈၄၁၂ | ၇၀.၄၇ | ၁၁၅၀ | ၁၈ | ၁၁၆၈ | | | ၄၂၈၈၂ | ၁၄၃၆၂ | ၅၇၂၄၄ | |
| | | | | | | | | | | ဦးမင်းဆွေနိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၈၂၄၀ | ၈၇၆၁ | ၃၇၀၀၁ | ၆၄.၆၄% |
| | | | | | | | | | | ဦးစိန်ဝင်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၁၂၇ | ၂၃၂၃ | ၈၄၅၀ | ၁၄.၇၆% |
| | | | | | | | | | | ဒေါ်ထားထားမေ | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၆၉၈ | ၁၅၄၉ | ၆၂၄၇ | ၁၀.၉၁% |
| | | | | | | | | | | ဦးတင်ညွန့် | ရှမ်းနီ(တိုင်းလျှန်) သွေးစည်းညီညွတ်ရေးပါတီ | ၂၁၇၁ | ၉၆၄ | ၃၁၃၅ | ၅.၄၈% |
| | | | | | | | | | | ဒေါ်သင်းသင်းစိုး | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၉၅၇ | ၃၉၄ | ၁၃၅၁ | ၂.၃၆% |
| | | | | | | | | | | ဦးတင်မောင်သိန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၉၉ | ၂၂၀ | ၆၁၉ | ၁.၀၈% |
| | | | | | | | | | | ဦးမျိုးသန့်လင်း | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၂၉၀ | ၁၅၁ | ၄၄၁ | ၀.၇၇% |
| ၈ | မဲဆန္ဒနယ်အမှတ်(၈) | ၇၇၉၂၉ | ၄၂၈၁၉ | ၁၁၁၂၃ | ၅၃၉၄၂ | ၆၉.၂၂ | ၁၄၃၈ | ၂၂ | ၁၄၆၀ | | | ၄၁၆၁၅ | ၁၀၈၆၇ | ၅၂၄၈၂ | |
| | | | | | | | | | | ဒေါ်ခင်နှင်းထွေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၁၉၅၅ | ၅၄၁၃ | ၂၇၃၆၈ | ၅၂.၁၅% |
| | | | | | | | | | | ဦးစိန်လွင်ဦး | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၂၉၄ | ၂၅၈၉ | ၁၂၈၈၃ | ၂၄.၅၅% |
| | | | | | | | | | | ဦးဌေးဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၈၀၃ | ၁၈၆၂ | ၈၆၆၅ | ၁၆.၅၁% |
| | | | | | | | | | | ဦးကျော်ဆန်းနော် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၃၇၅ | ၃၈၃ | ၁၇၅၈ | ၃.၃၅% |
| | | | | | | | | | | ဦးတင်ဌွေလေး | ရှမ်းနီ(တိုင်းလျှန်) သွေးစည်းညီညွတ်ရေးပါတီ | ၈၄၁ | ၄၁၆ | ၁၂၅၇ | ၂.၃၉% |
| | | | | | | | | | | ဦးစိန်လင်း | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၃၄၇ | ၂၀၄ | ၅၅၁ | ၁.၀၅% |
| ၉ | မဲဆန္ဒနယ်အမှတ်(၉) | ၁၉၃၃၂ | ၁၁၉၂၂ | ၂၇၇၉ | ၁၄၇၀၁ | ၇၆.၀၄ | ၆၀၂ | ၂ | ၆၀၄ | | | ၁၁၄၀၆ | ၂၆၉၁ | ၁၄၀၉၇ | |
| | | | | | | | | | | ဦးခေါ်တိန့် | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၄၉၈၁ | ၁၀၈၄ | ၆၀၆၅ | ၄၃.၀၂% |
| | | | | | | | | | | ဦးဇောင်းဒိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၃၃၁၁ | ၈၇၇ | ၄၁၈၈ | ၂၉.၇၁% |
| | | | | | | | | | | ဦးယောနာ | တစ်သီးပုဂ္ဂလ | ၁၄၉၂ | ၂၂၀ | ၁၇၁၂ | ၁၂.၁၄% |
| | | | | | | | | | | ဦးမရစ်တူး(ခ) ဦးအိုင်ဇက် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၉၁၇ | ၃၀၃ | ၁၂၂၀ | ၈.၆၅% |
| | | | | | | | | | | ဦးဂျုံးဇယ် | လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၅၈၆ | ၁၇၂ | ၇၅၈ | ၅.၃၈% |
| | | | | | | | | | | ဦးဇောင်းခေါင် | တစ်သီးပုဂ္ဂလ | ၁၁၉ | ၃၅ | ၁၅၄ | ၁.၁၀% |

(ဆက်လက်ဖော်ပြပါမည်)

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီအလိုက် ဆန္ဒမဲရရှိမှုအခြေအနေ (၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ)

(ယမန်နေ့မှအဆက်)

| စဉ် | မဲဆန္ဒနယ်အမည် | မဲဆန္ဒရှင်ဦးရေ | မဲပေးသူဦးရေ | | | မဲပေးသူရာခိုင်နှုန်း | ပယ်မဲ/ကန့်ကွက်မဲ အရေအတွက် | | | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | ရရှိသည့် မဲလုံးရေ | | | မဲလုံးရေရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မဲရုံ | ကြိုတင်မဲ | ပေါင်း | | ပယ်မဲ | ကန့်ကွက်မဲ | ပေါင်း | | | မဲရုံ | ကြိုတင်မဲ | ပေါင်း | |
| | ကချင်ပြည်နယ် | ၇၈၇၉၅၆ | ၄၂၈၄၀၄ | ၁၁၀၇၂၉ | ၅၃၈၁၃၃ | ၆၈.၃၁ | ၁၃၀၆၃ | ၃၁၂ | ၁၃၃၇၅ | | | ၃၁၆၈၈၆ | ၁၀၅၇၇၂ | ၅၂၂၆၅၈ | |
| ၁ | ဗမာတိုင်းရင်းသားလူမျိုး | ၄၆၈၈၈၂ | ၂၅၂၈၀၅ | ၇၁၃၃၈ | ၃၂၄၁၄၃ | ၆၉.၁၃ | ၆၇၄၀ | ၁၈၀ | ၆၉၂၀ | | | ၂၄၆၄၄၉ | ၇၀၇၅၄ | ၃၁၇၂၀၃ | |
| | | | | | | | | | | ဦးခင်သောင်းမြင့်(ခ) ဦးဝိတ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၃၈၂၅၆ | ၂၅၈၈၄ | ၁၆၄၁၄၀ | ၅၁.၇၆% |
| | | | | | | | | | | ဦးစိုးသိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၆၄၃၇ | ၂၅၈၇၇ | ၉၂၃၁၄ | ၂၉.၁၀% |
| | | | | | | | | | | ဦးခင်မောင်မြင့် | ပြည်သူ့အကျိုးပြုကျောင်းသားအများပါတီ | ၁၇၇၂၆ | ၅၃၈၈ | ၂၃၁၁၄ | ၆.၆၆% |
| | | | | | | | | | | ဦးစိုးမြင့် | တိုင်းရင်းသား(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၈၀၀ | ၃၃၃၅ | ၁၄၂၈၃ | ၄.၄၆% |
| | | | | | | | | | | ဦးသန့်ဇင် | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၂၆၀၀ | ၁၂၆၅ | ၃၈၆၅ | ၁.၂၂% |
| | | | | | | | | | | ဦးဝင်းမြင့် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၂၇၃၁ | ၁၁၆၀ | ၃၈၉၁ | ၁.၁၈% |
| ၂ | ရှမ်းတိုင်းရင်းသားလူမျိုး | ၂၁၀၉၆၀ | ၁၁၅၃၉၀ | ၃၁၇၄၆ | ၁၄၇၁၃၆ | ၆၉.၇၄ | ၄၂၄၀ | ၈၂ | ၄၃၂၂ | | | ၁၁၁၆၁၃ | ၃၁၈၀၁ | ၁၄၂၈၁၄ | |
| | | | | | | | | | | ဦးစိုင်းခိန်းပေါင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၄၇၆၂၂ | ၁၀၃၂၆ | ၅၇၉၄၈ | ၄၀.၄၀% |
| | | | | | | | | | | ဦးတင်ဝေအောင် | တိုင်းရင်းသား(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၆၈၇၉ | ၆၇၄၀ | ၃၃၆၁၉ | ၂၃.၆၆% |
| | | | | | | | | | | ဦးစိုင်းမိုးအောင် | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၈၇၅၈ | ၃၈၅၇ | ၂၂၆၁၅ | ၁၅.၆၆% |
| | | | | | | | | | | ဦးထွန်းဝေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၅၇၇ | ၄၆၀၀ | ၁၇၁၇၇ | ၁၂.၀၀% |
| | | | | | | | | | | ဦးကျော်ဦး | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၅၁၆ | ၂၄၂၄ | ၁၀၉၄၀ | ၇.၆၆% |
| | | | | | | | | | | ဦးအံ့ဖြေ | တစ်သီးပုဂ္ဂလ | ၃၅၅၈ | ၁၁၅၄ | ၄၇၁၂ | ၃.၃၀% |
| | | | | | | | | | | ဦးတင်ညွန့် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၂၆၀ | ၅၀၈ | ၁၇၆၈ | ၁.၂၃% |
| ၃ | လီဆူတိုင်းရင်းသားလူမျိုး | ၇၃၄၁၄ | ၃၉၈၉၄ | ၈၆၁၃ | ၄၈၅၀၇ | ၆၆.၄၈ | ၁၃၇၀ | ၃၇ | ၁၄၀၇ | | | ၃၈၆၈၇ | ၈၀၁၃ | ၄၆၇၀၀ | |
| | | | | | | | | | | ဦးချွမ်း(ခ) ဆီးဖောလား | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၁၀၁၅ | ၄၀၄၇ | ၂၅၀၆၂ | ၅၃.၈၀% |
| | | | | | | | | | | ဦးအာဖိုဝေသင်္ဂန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၁၇၉၆ | ၂၇၃၃ | ၁၄၅၂၉ | ၃၁.၂၆% |
| | | | | | | | | | | ဦးယောမေထား | တစ်သီးပုဂ္ဂလ | ၃၉၄၂ | ၉၃၄ | ၄၈၇၆ | ၁၀.၄၄% |
| | | | | | | | | | | ဦးဇာဘော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၁၄ | ၅၈၆ | ၁၇၀၀ | ၃.၆၄% |
| | | | | | | | | | | ဦးအာဆီးရှ | တစ်သီးပုဂ္ဂလ | ၆၀၇ | ၁၆၆ | ၇၇၃ | ၁.၆၆% |
| | | | | | | | | | | ဦးဆာဖူမေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၇၅ | ၁၄၀ | ၆၁၅ | ၁.၃၂% |
| | | | | | | | | | | ဦးဒီတိတ် | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၃၁၈ | ၇၇ | ၃၉၅ | ၀.၈၄% |
| ၄ | ရဝမ်တိုင်းရင်းသားလူမျိုး | ၃၈၇၂၂ | ၂၁၅၀၇ | ၅၇၅၂ | ၂၆၂၅၉ | ၆၇.၈၁ | ၇၁၃ | ၃ | ၇၁၆ | | | ၁၉၉၂၇ | ၅၆၁၆ | ၂၅၅၄၃ | |
| | | | | | | | | | | ဦးချုန်ဆုဝမ် (ခ) ဘောဂျီရာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၁၁၅၇ | ၂၅၆၆ | ၁၃၇၂၃ | ၅၃.၇၃% |
| | | | | | | | | | | ဦးမယော်ဓမ္မလေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၈၉၇ | ၂၁၀၆ | ၁၀၀၀၃ | ၃၉.၁၆% |
| | | | | | | | | | | ဦးဒိုမ်ဂျီ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၉၆၈ | ၃၂၈ | ၁၂၉၆ | ၅.၀၇% |
| | | | | | | | | | | ဦးထင်ရာ | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | ၆၅၄ | ၁၅၆ | ၈၁၀ | ၃.၃၇% |
| | | | | | | | | | | ဦးနန်းကီးဆင်း | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၄၄၄ | ၁၃၂ | ၅၇၆ | ၂.၂၅% |
| | ကယားပြည်နယ် | ၄၂၅၃၅ | ၂၂၅၆၇ | ၈၄၄၄ | ၃၁၀၁၀ | ၇၂.၈၂ | ၇၇၃ | ၁၂ | ၇၈၅ | | | ၂၁၈၀၀ | ၈၃၉၄ | ၃၀၂၂၅ | |
| ၅ | ဗမာတိုင်းရင်းသားလူမျိုး | | | | | | | | | | | | | | |
| | | | | | | | | | | ဦးသူရအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၁၄၄၄ | ၄၄၁၂ | ၁၅၈၅၆ | ၅၁.၈၅% |
| | | | | | | | | | | ဦးသက်မျိုးဇော | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၆၉၁ | ၄၀၈၈ | ၁၁၇၇၉ | ၃၈.၉၉% |
| | | | | | | | | | | ဦးဖေမျိုးထွန်း | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ | ၁၀၈၆ | ၃၀၈ | ၁၃၉၄ | ၄.၆၂% |
| | | | | | | | | | | ဦးသိန်းထွဋ် | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၄၄၇ | ၁၃၀ | ၅၇၇ | ၁.၉၁% |
| | | | | | | | | | | ဦးမြင့်အောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၆၀ | ၁၀၀ | ၅၆၀ | ၁.၈၅% |
| | | | | | | | | | | ဦးနိုင်လင်းထွန်း | အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ | ၁၅၆ | ၃၁ | ၁၈၇ | ၀.၆၂% |
| | | | | | | | | | | ဦးဝင်းမြင့် | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | ၁၀၅ | ၁၂ | ၁၁၇ | ၀.၃၉% |
| | ကရင်ပြည်နယ် | ၄၅၈၀၀၀ | ၁၈၇၃၆၈ | ၇၅၈၃၂ | ၂၆၃၂၀၀ | ၅၇.၄၇ | ၆၇၁၆ | ၈၁၀ | ၇၅၂၆ | | | ၁၈၄၄၀၀ | ၇၁၅၇၂ | ၂၅၅၉၇၂ | |
| ၆ | ဗမာတိုင်းရင်းသားလူမျိုး | ၂၄၈၆၁၀ | ၉၇၆၆၂ | ၄၀၀၄၄ | ၁၃၇၇၀၆ | ၅၅.၃၈ | ၂၈၀၇ | ၅၇၁ | ၃၃၇၂ | | | ၉၄၂၂၀ | ၃၉၀၂၄ | ၁၃၃၂၄၄ | |
| | | | | | | | | | | ဦးတင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၆၂၇၈၇ | ၁၀၁၉၇ | ၇၂၉၈၄ | ၅၄.၈၈% |
| | | | | | | | | | | ဦးအုန်းကို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၁၈၀ | ၁၁၀၁၂ | ၃၅၁၉၂ | ၂၆.၄၁% |
| | | | | | | | | | | ဦးကျော်မင်းဝင်း | တစ်သီးပုဂ္ဂလ | ၁၁၈၀ | ၈၄၄ | ၂၀၂၄ | ၁.၅၂% |
| | | | | | | | | | | ဦးချိုအေးမြင့်အောင် | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၁၁၈၂ | ၈၀၈ | ၁၉၉၀ | ၁.၄၉% |
| | | | | | | | | | | ဦးအောင်ဝင်း | တစ်သီးပုဂ္ဂလ | ၁၈၈၇ | ၈၅၆ | ၂၇၄၃ | ၂.၀၆% |
| | | | | | | | | | | ဦးမြင့်သိန်း | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ၇၈၆ | ၃၄၄ | ၁၁၃၀ | ၀.၈၅% |
| | | | | | | | | | | ဒေါ်သန်းသန်းအေး | မဟာမြေပြည်သူ့ပါတီ | ၄၈၈ | ၁၄၄ | ၆၃၂ | ၀.၄၇% |
| | | | | | | | | | | ဒေါ်ကြည်ကြည်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၄၄ | | ၈၁၄ | ၀.၆၁% |
| | | | | | | | | | | ဦးသန်းအောင် | ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ | ၂၄၄ | | ၃၂၈ | ၀.၂၅% |

(ဆက်လက်ဖော်ပြပါမည်)

# အရေးပေါ်ကိစ္စအများအပြားကို ကိုင်တွယ်ဖြေရှင်းရန် ဘိုင်ဒင်နှင့် ပူးပေါင်းဆောင်ရွက်မည်ဟု ကုလသမဂ္ဂအကြီးအကဲ ပြောကြား



**ဝါရှင်တန် ဒီဇင်ဘာ ၂**

အရေးပေါ်ကိစ္စရပ်အများအပြားကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အမေရိကန်နိုင်ငံ၏ ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က ပြောကြားခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဂျိုးဘိုင်ဒင်တို့သည် နိုဝင်ဘာ ၃၀ ရက်တွင် အထက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်းလည်း ဂျိုးဘိုင်ဒင်၏ အသွင်ကူးပြောင်းရေးအဖွဲ့နှင့် ကုလသမဂ္ဂတို့က ကြေညာခဲ့သည်။

ကုလသမဂ္ဂနှင့် အမေရိကန်နိုင်ငံတို့အကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်ရန်မှာ အရေးကြီးကြောင်းလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အလေးထားပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ရပ်တည်ချက်သည် ကုလသမဂ္ဂဦးဆောင်သည့် ကြိုးပမ်းချက်များနှင့် အလှမ်းကွာသွားခဲ့သည်ကိုလည်း ကုလသမဂ္ဂအနေဖြင့် စိုးရိမ်လျက်ရှိပြီး အမေရိကန်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက်မှလည်း ပြီးခဲ့သည့်လအတွင်းက တရားဝင်နုတ်ထွက်သွားခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ကုလသမဂ္ဂသို့ အထောက်အပံ့အများဆုံးပေးသည့် နိုင်ငံဖြစ်ခြင်းကြောင့် အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်က ၎င်းဦးဆောင်မည့် အစိုးရ၏ နိုင်ငံခြားရေးမူဝါဒသည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကို ဦးစားပေးမည်ဖြစ်ကြောင်း ဘိုင်ဒင်က ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**

# ဒုတိယကမ္ဘာစစ်နောက်ပိုင်း အကြီးမားဆုံး စီးပွားရေး ကယ်တင်မှုအစီအစဉ်ကို ကနေဒါနိုင်ငံချပြ

**အော့တဝါ ဒီဇင်ဘာ ၂**

ကနေဒါအစိုးရအနေဖြင့် ကိုဗစ်–၁၉ အလွန်ကာလအတွင်း စီးပွားရေး ပြန်လည်တိုးတက်လာရေးအတွက် ဒုတိယကမ္ဘာစစ်နောက်ပိုင်း အကြီးမားဆုံး စီးပွားရေးကယ်တင်မှုအစီအစဉ်အဖြစ် သတ်မှတ်နိုင်သော ကနေဒါဒေါ်လာ ဘီလီယံ ၁၀၀ အသုံးပြုမည့် အစီအစဉ်တစ်ရပ်ကို ယမန်နေ့တွင် ချပြလိုက်ပြီဖြစ်သည်။

### ပြောကြား

ဘဏ္ဍာရေးဝန်ကြီး ဖရီလန်းက “ ဒါက ဒုတိယကမ္ဘာစစ်နောက်ပိုင်း သမိုင်းမှာ အကြီးမားဆုံး စီးပွားရေးကယ်တင်မှုအစီအစဉ်ဖြစ်လာမှာပါ။ ဗိုင်းရပ်စ်ကို ထိန်းချုပ်နိုင်ပြီဆိုတာနဲ့ စီးပွားရေးနာလန်ထူလာဖို့ ရေကုန်ရေခမ်းဆောင်ရွက်ရမှာပါ။ စီးပွားရေးမြှင့်တင်မှု မူဝါဒတွေမှာ အစိုးရဘက်က များစွာထောက်ပံ့မှုတွေပေးထားပြီး ရည်မှန်းချက်ကြီးကြီးနဲ့ စီးပွားရေးပြန်လည်တိုးတက်လာရေးအတွက် အားထုတ်သွားမှာပါ”ဟု ပြောကြားခဲ့သည်။

### ချေးငွေပြန်ဆပ်ရမည့် ကာလမှာ ၁၀ နှစ်

၂၀၂၁ ခုနှစ် မတ်လအရောက်တွင် ဖြစ်ပေါ်လာမည့် လိုငွေပမာဏ ကနေဒါဒေါ်လာ ၃၈၁ ဒသမ ၆ ဘီလီယံကို ပြန်လည်ကုစားရေးအတွက် ယခုလို ငွေကြေးများစွာကို အစိုးရဘက်မှ စိုက်ထုတ်လာခြင်းဖြစ်သည်။ ကိုဗစ်–၁၉ကပ်ရောဂါကြောင့် ထိခိုက်မှုကြီးမားခဲ့သည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းတစ်ခုလျှင် ကနေဒါဒေါ်လာ တစ်သန်းအထိ ချေးငွေရရှိမည်ဖြစ်ပြီး ယင်းချေးငွေပြန်ဆပ်ရမည့် ကာလမှာ ၁၀ နှစ်အထိ သတ်မှတ်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။ ချေးငွေများ ချထားပေးရာတွင်လည်း အတိုးနှုန်းကို အနိမ့်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးမည်ဖြစ်သလို ၂၀၀၈ ခုနှစ် စီးပွားရေးအကျပ်အတည်းကာလကကဲ့သို့အမှားမျိုး မိမိတို့ထပ်မံကျူးလွန်တော့မည်မဟုတ်ကြောင်း ဖရီလန်းက ဆိုသည်။

ကနေဒါအစိုးရသည် ဝင်ငွေနည်းနှင့် ဝင်ငွေအလယ်အလတ်အဆင့်ရှိ မိသားစုများ၏ အသက်ခြောက်နှစ်အောက်ကလေး တစ်ဦးချင်းစီအတွက် ကနေဒါဒေါ်လာ ၁၂၀၀ ပံ့ပိုးပေးသွားဦးမည်ဖြစ်သည်။ ယင်းအပြင် ကိုဗစ်–၁၉ ကာကွယ်ဆေး ဝယ်ယူမှုအတွက် ဒေါ်လာတစ်ဘီလီယံကို အစိုးရဘက်မှပင် ကျခံမည်ဖြစ်သည်။

**ကိုးကား – ဘီဘီစီ၊ ဘာသာပြန် – မေလှဲ့သင်း**

# မြေထဲပင်လယ်၌ ရေတပ်နှင့် လေတပ်ဆိုင်ရာ နိုင်ငံစုံပူးတွဲစစ်ရေးလေ့ကျင့်မှု စတင်

**ကိုင်ရို ဒီဇင်ဘာ ၂**

ရေတပ်နှင့် လေတပ်ဆိုင်ရာ နိုင်ငံစုံပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ခုကို မြေထဲပင်လယ်ရှိ အီဂျစ်ရေပိုင်နက်တွင် စတင်ပြုလုပ်နေပြီဖြစ်ကြောင်း အီဂျစ်တပ်မတော်က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

### ရက်အတော်ကြာမြင့်မည်

“မယ်ဒူဆာ–၁၀” ဟု အမည်ပေးထားသော အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် အခြေခံအားဖြင့် အီဂျစ်၊ ဂရိနှင့် ဆိုက်ပရပ်စ်နိုင်ငံတို့မှ တပ်ဖွဲ့ဝင်များပါဝင်ကြပြီး စစ်ရေးလေ့ကျင့်မှုကာလမှာ ရက်အတော်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပူးတွဲစစ်ရေး လေ့ကျင့်မှုသည် အီဂျစ်တပ်မတော်နှင့် မိတ်ဆွေနိုင်ငံများအကြား မိတ်ဖက်ဖြစ်မှုနှင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာခြင်းတို့ကြောင့် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

### ထုတ်ပြန်ချက်အရ သိရ

စစ်ရေးလေ့ကျင့်မှု၌ ပါဝင်သောတပ်ဖွဲ့ဝင်များသည် ပူးတွဲစစ်ဆင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုနယ်ပယ်၌ တပ်မှူးများနှင့် အရာရှိများ၏ ကျွမ်းကျင်မှုများကိုတိုးမြှင့်ရန် ရေတပ်နှင့် လေတပ်ဆိုင်ရာ ပူးတွဲစစ်ဆင်ရေးတာဝန်များကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ ထို့အပြင် အဖွဲ့ဝင်နိုင်ငံများမှ တပ်ဖွဲ့ဝင်များသည် အထူးသဖြင့် ဒေသဆိုင်ရာနှင့် နိုင်ငံတကာနယ်ပယ်များတွင် တွေ့မြင်ရသည့် မြန်မြန်ဆန်ဆန် ပြောင်းလဲမှုများအရ ကွဲပြားခြားနားသော အခြေအနေများ၌ ပူးတွဲတာဝန်တစ်စုံတစ်ခု အကောင်အထည်ဖော်ရာတွင် အဆင့်အမြင့်ဆုံးယုံကြည်စိတ်ချမှုနှင့် အဆင်သင့်ရှိမှု ပြည့်ပြည့်ဝဝ ရရှိနိုင်ရေးအတွက် ၎င်းတို့၏ ကျွမ်းကျင်မှုကို ဖလှယ်ကြရမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

### နှစ်စဉ်ပြုလုပ်လေ့ရှိ

အာရပ်ကမ္ဘာ၌ အင်အားကြီးမားသော တပ်မတော်ကို ပိုင်ဆိုင်ထားသည့် အီဂျစ်နိုင်ငံသည် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် စစ်ဘက်ဆိုင်ရာကျွမ်းကျင်မှု ဖလှယ်ရန်အတွက် အာရပ်၊ အာဖရိကနှင့် အနောက်မဟာမိတ်နိုင်ငံများနှင့်အတူ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို နှစ်စဉ်ပြုလုပ်သည့် အစဉ်အလာရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**





# ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာရွေးကောက်ပွဲတွင် မဲမသမာမှုမျိုး မတွေ့ရကြောင်း အမေရိကန်ရှေ့နေချုပ် ဝီလျံဘား ပြောကြား

**ဝါရှင်တန် ဒီဇင်ဘာ ၂**

တရားရေးဌာနအနေဖြင့် နိုဝင်ဘာ ၃ ရက် အမေရိကန်ရွေးကောက်ပွဲတွင် မဲမသမာမှုနှင့်ပတ်သက်ပြီး သက်သေအထောက်အထား တစ်စုံတစ်ရာကိုမျှ မတွေ့ရှိရကြောင်း ရှေ့နေချုပ် ဝီလျံဘားက အေပီသတင်းဌာနနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

ပြီးခဲ့သည့် နိုဝင်ဘာလကတည်းက မစ္စတာဘားက ဥပဒေအကျိုးဆောင်များအား ရွေးကောက်ပွဲရလဒ်ကို တရားဝင်အသိအမှတ်ပြုရမည့်ရက်မတိုင်မီ ရွေးကောက်ပွဲကာလအတွင်း ပုံမှန်မဟုတ်သည့် ကိစ္စရပ်မျိုး ရှိခဲ့ခြင်း ရှိ၊ မရှိ ဆိုသည်နှင့်ပတ်သက်ပြီး ဆောင်ရွက်ရန် ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။ ဝီလျံဘားက “ရွေးကောက်ပွဲရလဒ်ကို ပြောင်းနိုင်တဲ့ မဲမသမာမှုမျိုး တစ်စွန်းတစ်စမှ မတွေ့ရပါဘူး” ဟု ဆိုသည်။ ရှေ့နေချုပ်၏ ယခု မှတ်ချက်စကားက သမ္မတထရမ့်၏ မဲမသမာမှုတောင်းဆိုချက်နှင့် တရားစွဲဆိုရန် ဆောင်ရွက်နေမှုများအပေါ် အကြီးအကျယ် ထိုးနှက်ချက်တစ်ရပ်လည်း ဖြစ်လာခဲ့သည်။

မစ္စတာဘိုင်ဒင်မှာ လက်ရှိသမ္မတ ထရမ့်အပေါ် မဲအရေအတွက် ၆ ဒသမ ၂ သန်း အသာရရှိခဲ့ပြီး လိုအပ်သည့် မဲအရေအတွက် ၂၇၀ ထက်များစွာကျော်လွန်ကာ ၃၀၆ မဲဖြင့် အနိုင်ရရှိခဲ့သော်လည်း သမ္မတထရမ့်က ရွေးကောက်ပွဲတွင် မဲမသမာမှုများရှိနေခဲ့ သည်ဟုသာ အကြိမ်ကြိမ်အခါခါဆိုခဲ့ကာ တရားစွဲဆိုရန် ဆောင်ရွက်လျက်ရှိသည်။ ရီပတ်ဘလီကန်နယ်မြေအဖြစ် သတ်မှတ်ရမည့် အရီဇိုးနားနှင့် ဂျော်ဂျီယာပြည်နယ်နှစ်ခုလုံးတွင်လည်း သမ္မတထရမ့်မှာ ဘိုင်ဒင်ကို အရေးနိမ့်ခဲ့သည်။ အဆိုပါ ပြည်နယ်နှစ်ခုမှ ရီပတ်ဘလီကန် အုပ်ချုပ်ရေးမှူးများကလည်း သမ္မတထရမ့်၏ ကြိုးပမ်းမှုများမှာ ရွေးကောက်ပွဲရလဒ်ကို အကြမ်းဖက်နေခြင်းနှင့်တူနေပြီဖြစ်ကြောင်း ဝေဖန်ခဲ့သည်။

သမ္မတထရမ့်၏ ဥပဒေအကျိုးဆောင်အဖွဲ့က အီလက်ထရွန်နစ် မဲစနစ်တွင် မဲအရေအတွက် သန်းပေါင်းများစွာက ဘိုင်ဒင်ထံသို့ တရားမဝင်ရောက်ရှိခဲ့ကြောင်း ဆိုက်ဘာလုံခြုံရေးနှင့်ပတ်သက်ပြီး ပြစ်တင်ဝေဖန်ခဲ့ရာ အမေရိကန်ဆိုက်ဘာလုံခြုံရေးအေဂျင်စီခေါင်းဆောင် ခရစ္စကားဘ်စ်က “၂၀၂၀ရွေးကောက်ပွဲက အမေရိကန်သမိုင်းမှာ အလုံခြုံဆုံးဆိုတာ ပြောနိုင်ပါတယ်” ဟု ပြန်လည်တုံ့ပြန်ခဲ့ပြီးဖြစ်သည်။

**ကိုးကား – ဘီဘီစီ၊ ဘာသာပြန် – မေလှဲ့သင်း**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉ ဒသမ ၅ သန်းကျော်အထိ ရှိလာ

**နယူးဒေလီ ဒီဇင်ဘာ ၂**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၆၀၄ ဦးရှိခဲ့ခြင်းကြောင့် ဒီဇင်ဘာ ၂ ရက်အထိ နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၉၅၀၄၈၀၃ ဦးအထိရှိလာခဲ့ကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံတွင် ဒီဇင်ဘာ ၁ ရက်က ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် သေဆုံးသူ ၅၀၁ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၁၃၈၂၅၁ ဦး ရှိခဲ့သည်။ လက်ရှိတွင် ဆေးဝါးကုသမှုခံယူခဲ့ပြီးနောက် ပြန်လည် ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၈၉၃၈၁၁၆ ဦး ရှိခဲ့ကြောင်းလည်း သိရသည်။

မြို့တော်နယူးဒေလီ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၀၆ ဦးနှင့် သေဆုံးသူ ၈၆ ဦးရှိခဲ့ပြီး မြို့တော်တစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၉၂၆၀ ရှိခဲ့ကြောင်း သိရသည်။ ထို့ကြောင့် နယူးဒေလီအစိုးရအနေဖြင့် ကျောင်းသားများ၏ ဘေးကင်းလုံခြုံမှုရှိစေရန်အတွက် ကျောင်းများပြန်လည် မဖွင့်လှစ်ရန်လည်း ဆုံးဖြတ်ခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# ပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ ထိုးပေးမည့် ဥပဒေကြမ်း ဂျပန်လွှတ်တော် အတည်ပြု



**တိုကျို ဒီဇင်ဘာ ၂**

ဗဟိုအစိုးရ၏ ကုန်ကျစရိတ်ကျခံမှုဖြင့် ပြည်သူများအား အခမဲ့ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးထိုးပေးမည့် ဥပဒေကြမ်းကို ဂျပန်လွှတ်တော်က အတည်ပြုလိုက်ပြီဖြစ်သည်။

ယနေ့ အထက်လွှတ်တော်၌ အတည်ပြုလိုက်သည့် အဆိုပါဥပဒေကြမ်းကို အာဏာတည်လာစေရန် အောက်လွှတ်တော်က အတည်ပြုရန်လိုအပ်နေဆဲ ဖြစ်သည်။ ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာမှုကြောင့် ဘေးအသင့်ဆုံးဒေသများရှိ ဘားများ၊ စားသောက်ဆိုင်များကို ပိတ်ထားရန်နှင့် ဝန်ကြီးချုပ်ဆူဂါအား ခရီးသွားလာမှုဆိုင်ရာအစီအစဉ် ဆိုင်းငံ့ရန် တောင်းဆိုမှုများရှိနေစဉ် ဥပဒေကြမ်းကို အတည်ပြုလိုက်ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံ၏ ကိုဗစ်ရောဂါကြောင့် သေဆုံးမှုနှုန်းသည် G7 အဖွဲ့ဝင်နိုင်ငံများတွင် အနိမ့်ဆုံးဖြစ်သော်လည်း ဧပြီလနှင့်ဇွန်လအတွင်း အဆိုးရွားဆုံးစီးပွားရေး ကျဆင်းမှုနဲ့ ကြုံတွေ့ခဲ့ရသည်။

လာမည့်နှစ်လယ်မတိုင်မီ ဂျပန်ပြည်သူများအတွက် ကိုဗစ်ကာကွယ်ဆေး အလုံအလောက်ရရှိရန် ဝယ်ယူမည်ဟု ဆူဂါက ပြောကြားခဲ့သော်လည်း ဂျပန်နိုင်ငံ၌နေထိုင်သည့် နိုင်ငံခြားသားများက ကာကွယ်ဆေးအစီအစဉ်၌ အကျုံးဝင်ခြင်းရှိ၊ မရှိ ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း သိရသည်။ ယနေ့ အတည်ပြုလိုက်သည့် ဥပဒေကြမ်းအရ ကိုဗစ် ကာကွယ်ဆေးထိုးရာတွင် ကျန်းမာရေးပြဿနာများဆိုင်ရာ ဆုံးရှုံးမှုများအတွက် အစိုးရက ပုဂ္ဂလိကကုမ္ပဏီများကို လျော်ကြေးပေးရမည်ဖြစ်သည်။ ဂျပန်နိုင်ငံက ကိုဗစ် ကာကွယ်ဆေးများဝယ်ယူရန် Moderna Inc နှင့် သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့ပြီး AstraZeneca Plc၊ Pfizer Inc တို့နှင့် သဘောတူညီမှုများ ရရှိခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောသည်။

ဂျပန်နိုင်ငံ၌ ဗိုင်းရပ်စ်ကပ်ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ စုစုပေါင်း ၂၀၀၀ ကျော် သေဆုံးခဲ့သည်။

ကိုးကား-ဘလွန်းဘာ့ဂ်
ဘာသာပြန်-ကျော်ထိုက်စိုး

# ဗြိတိန်တွင် လာမည့်ရက်သတ္တပတ်ကစပြီး Pfizer ကိုဗစ်ကာကွယ်ဆေးထိုးရန် အတည်ပြု

**လန်ဒန် ဒီဇင်ဘာ ၂**

ဗြိတိန်နိုင်ငံအနေဖြင့် Pfizer ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးကို သုံးစွဲရန် အတည်ပြုလိုက်ပြီဖြစ်ရာ ကမ္ဘာပေါ်တွင် ယင်းဆေးကို အတည်ပြုခဲ့သည့် ပထမဆုံး နိုင်ငံဖြစ်လာခဲ့ကြောင်း သိရသည်။ လာမည့်ရက်သတ္တပတ်အတွင်း Pfizer ကာကွယ်ဆေး အလုံးရှစ်သိန်းကို ပြည်သူများသို့ စတင်ထိုးပေးမည်ဖြစ်သည်။

ပထမဆုံး ရရှိလာသည့် ဆေးများကို စောင့်ရှောက်ရေးဂေဟာများရှိ သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေးဝန်ထမ်းများအား ဦးစားပေးအနေဖြင့် ထိုးပေးမည်ဖြစ်သည်။

ဗြိတိန်ဆေးဝါးဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ဆေးမှာ ၉၅ ရာခိုင်နှုန်း ထိရောက်သည်ကို ၎င်းတို့အနေဖြင့်လည်း အတည်ပြုနိုင်ပြီး ကာကွယ်ဆေးအထိုးခံရန် ပြည်သူများအနေဖြင့် အမျိုးသားကျန်းမာရေးအဖွဲ့၏ ဆက်သွယ်လာမှုကို စောင့်ဆိုင်းရန် လိုအပ်ကြောင်းလည်း သိရသည်။

ဗြိတိန်သည် ပြည်သူသန်း ၂၀ အတွက် အသုံးပြုနိုင်မည့် ဆေးအလုံး သန်း ၄၀ ကို Pfizer နှင့် BioNTech တို့မှ မှာယူထားပြီးဖြစ်သည်။ ဗြိတိန် ကျန်းမာရေးအကြီးအကဲ ဟန်းကွတ်ခ်က " ပြည်သူတွေကို ကာကွယ်ဆေး ထိုးပေးနိုင်ဖို့ လိုအပ်တဲ့ဆေးတွေကို ဘယ်ဂျီယံနိုင်ငံမှာရှိတဲ့ ကုမ္ပဏီခွဲကနေ ထုတ်ပေးမှာပါ။ ဒါကြောင့် ဒီဇင်ဘာတစ်လတည်းမှာပဲ ပြည်သူတွေအနေနဲ့ ဆေးသန်းနဲ့ချီပြီး ထိုးခွင့်ရတော့မှာပါ" ဟု ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးခြင်းနှင့် ကာကွယ်ဆေးဝယ်ယူရေးအတွက် ပေါင်ဘီလီယံပေါင်းများစွာ အသုံးပြုမည်ဖြစ်ကြောင်း အစောပိုင်းကပင် ကြေညာထားပြီးဖြစ်သည်။

ကိုးကား- ဆစ်ဒနီမော်နင်းဟီရက်ဒ်၊
ဘာသာပြန်-မေလှဲ့သင်း




# ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေမှုကြောင့် လူဦးရေ ၂၃၅ သန်းမှာ လူသားချင်းစာနာမှုအကူအညီလိုအပ်မည်

**နယူးယောက် ဒီဇင်ဘာ ၂**

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေမှုကြောင့် လာမည့် ၂၀၂၁ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းရှိ လူဦးရေ၂၃၅ သန်းမှာ လူသားချင်းစာနာမှု အကူအညီလိုအပ်မည်ဖြစ်ကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားကြောင်း သိရသည်။

စားနပ်ရိက္ခာဖြန့်ဖြူးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်းအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂက ဒီဇင်ဘာ ၁ ရက်တွင် အထက်ပါအတိုင်း ခန့်မှန်းထားခြင်း ဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုများကြောင့် လူဦးရေအများအပြားမှာ ၎င်းတို့၏ အလုပ်အကိုင်များဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်းလည်း ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ပြည်တွင်းစစ်ဖြစ်ပွားနေသည့် ယီမင်နိုင်ငံနှင့် ဆီးရီးယားနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၅၆ နိုင်ငံမှ လူဦးရေသန်း ၁၆၀ မှာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီအတွက် အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံလိုအပ်လိမ့်မည်ဖြစ်ကြောင်းလည်း အဆိုပါထုတ်ပြန်ချက်က ဖော်ပြထားသည်။

ထို့ကြောင့် ဘဏ္ဍာရေးဆိုင်ရာအထောက်အပံ့ရရှိရေးအတွက် ဂျပန်နိုင်ငံနှင့် ကမ္ဘာ့အသိုက်အဝန်းအား တောင်းဆိုမှုပြုခဲ့ကြောင်းလည်း ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာအကြီးအကဲ မာ့ခ်လိုးကော့ခ်က ဂျပန်သတင်းဌာနတစ်ခုဖြစ်သည့် အင်န်အိတ်ချ်ကေနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်

# ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို တားဆီးရန်ကာကွယ်ဆေး အလုံးရေ နှစ်သန်းရရှိရေး ပါလက်စတိုင်းစီစဉ်ဆောင်ရွက်လျက်ရှိ

**ရာမယ်လာ ဒီဇင်ဘာ ၂**

ပါလက်စတိုင်းနိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို တားဆီးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကာကွယ်ဆေးထုတ်လုပ်သည့်နိုင်ငံများထံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေနှစ်သန်းရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပါလက်စတိုင်းနိုင်ငံက နိုဝင်ဘာ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

ပါလက်စတိုင်းအစိုးရသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရရှိရေးအတွက် ကာကွယ်ဆေးထုတ်လုပ်သည့် နိုင်ငံများအား ချဉ်းကပ်မှုများစတင်လျက်ရှိကြောင်းလည်း အစိုးရ၏ သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ပါလက်စတိုင်းအစိုးရသည် အနောက်ဘက်ကမ်းဒေသအား ယခုသီတင်းပတ်ကုန်ကာလအတွင်း ည ၇ နာရီမှ နံနက် ၆ နာရီအထိ ခရီးသွားလာခွင့်များကို ကန့်သတ်ထားရှိရန် ဆုံးဖြတ်ခဲ့ကြောင်းလည်း အဆိုပါ သတင်းထုတ်ပြန်ချက်က ဖော်ပြထားသည်။

ထို့ပြင် နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် မြင့်တက်လာသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုသည်လည်း ပိုမိုများပြားလာမည်ဖြစ်ကြောင်း ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနမှ ထိပ်တန်းတာဝန်ရှိသူ ဆာမာအယ်လ်အဆက်က သတိပေးပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ပါလက်စတိုင်းနိုင်ငံ၌ နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည် ၂၀၀၀ အထိ မြင့်တက်လာခဲ့သော်လည်း ပြန်လည်ကျန်းမာလာသူအရေအတွက်မှာမူ ၇၈ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# ကိုဗစ်-၁၉ကာကွယ်ဆေးကို ဒီဇင်ဘာလလယ်တွင် အမေရိကန် ပြည်သူများလက်ဝယ်သို့ အရောက်ပို့ပေးမည်ဖြစ်ကြောင်း ထိပ်တန်းဆေးပညာရှင် မွန်ဆပ်ဖ် ကတိပြု

**လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၂**

အမေရိကန်ပြည်သူများအနေဖြင့် ဒီဇင်ဘာလလယ်မှာပင် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး စတင်ရရှိမည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်ကုန်တွင် ပြည်သူသန်း ၂၀ ကို ကာကွယ်ဆေး ထိုးပေးပြီးဖြစ်နေမည်ဖြစ်ကြောင်း ထိပ်တန်းဆေးပညာရှင် မွန်ဆပ်ဖ်က ယမန်နေ့တွင် အတည်ပြုပြောကြားခဲ့သည်။

အမေရိကန်တွင် ကိုဗစ်-၁၉ရောဂါကြောင့် နိုဝင်ဘာ ၃၀ ရက် တစ်နေ့တည်းမှာပင် သေဆုံးသူ ၂၂၉၅ အထိ စံချိန်တင်ခဲ့ပြီး နောက်တစ်နေ့ ဒီဇင်ဘာ ၁ ရက်တွင် မွန်ဆပ်ဖ်က ယခုကဲ့သို့ ပြောကြားလာခဲ့ ခြင်းဖြစ်သည်။ မွန်ဆပ်ဖ်မှာ သမ္မတထရမ့်၏ " လျင်မြန်စွာ တုံ့ပြန်ရေး အစီအစဉ်" အကြီးအကဲအဖြစ် ဆောင်ရွက်နေပြီး ၂၀၂၁ ခုနှစ် နှစ်လယ်အရောက်တွင် ပြည်သူအားလုံး ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိအောင် လျာထားဆောင်ရွက်ပြီးဖြစ်ကြောင်းလည်း ၎င်းက ဆိုသည်။

ကျေးဇူးတော်နေ့ ပြီးကတည်းက ပြည်နယ်များအားလုံးလိုလိုတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ရောက်ကုသရသည့် လူနာအရေအတွက်နှင့် သေဆုံးမှုနှုန်းမှာ ပိုမိုမြင့်တက်လာခြင်းဖြစ်သည်။

မွန်ဆပ်ဖ်က "အတည်ပြုပြီး ၂၄နာရီ၊ ၃၆နာရီ အလွန်ဆုံး ၄၈ နာရီအတွင်း ပြည်သူတွေလက်ဝယ်ကို ကာကွယ်ဆေး ထည့်ပေးနိုင်ဖို့ ပြင်ဆင်ပြီးပါပြီ" ဟု ဝါရှင်တန်ပို့စ်သို့ ပြောကြားခဲ့သည်။

အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် တားဆီးရေးအဖွဲ့ကလည်း ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးထားသည့်သူများအနေဖြင့် တစ်ကိုယ်တည်း သီးခြားနေထိုင်သည့်ရက်ကို ၁၄ ရက်မှ ၁၀ ရက်သို့ လျှော့ချပေးခဲ့ကြောင်း သိရသည်။

ကိုးကား- စီအင်န်အေ
ဘာသာပြန်-မေလှဲ့သင်း



| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာနောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၆၄၃၁၃၈၆၁ | ဦး |
| သေဆုံးသူ | ၁၄၈၉၅၀၁ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၄၄၅၈၄၅၇၇ | ဦး |

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဂုဏ်ပြုဆောင်းပါး

# အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့

## ယဉ်ကျေးဆု

နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကမ္ဘာတစ်လွှား အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို သတ်မှတ်ကျင်းပလျက်ရှိကြသည်။ မသန်စွမ်းသူများ၏ အခွင့်အရေးကို အလေးပေးဆောင်ရွက်နိုင်ကြစေရန် အသိပေးကျင်းပခြင်းဖြစ်သည်ဟု စာရေးသူခံယူမိပါသည်။ စာရေးသူတို့၏ နိုင်ငံအနေဖြင့်လည်း မသန်စွမ်းသူများ၏အခွင့်အရေးများအား အခန်းကဏ္ဍအသီးသီးတွင် ပိုမို၍မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် မသန်စွမ်းသူများနှင့်ပတ်သက်သော အကြောင်းအရာများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည့် အခန်းကဏ္ဍများတွင် ပိုမိုထည့်သွင်းစဉ်းစားနိုင်ကြစေရန် ရည်ရွယ်ချက်များဖြင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ပါဝင်ဆင်နွှဲကျင်းပလျက်ရှိသည်။ မသန်စွမ်းသူဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယအမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခုသို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူတို့ကို ဆိုသည်။

ကမ္ဘာ့လူဦးရေ သန်းပေါင်း ၇၀၀၀ ကျော်အနက် ဆယ်ပုံတစ်ပုံခန့်သည် မသန်စွမ်းသူများဖြစ်ကြပြီး ၈၀ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်လျက်ရှိကြသည်။ မသန်စွမ်းသူများ တွေ့ကြုံနေရသည့်အခက်အခဲ အတားအဆီးများသည် ယင်းတို့၏ ချို့ယွင်းအားနည်းမှု တစ်ခုတည်းကြောင့် မဟုတ်ပေ။ ပတ်ဝန်းကျင်ဆိုင်ရာ စိတ်သဘောထားအမြင်ပိုင်းဆိုင်ရာနှင့် အခြားသော အတားအဆီးများ ပါဝင်ပေသည်။ မသန်စွမ်းသူများအပေါ် သိရှိနားလည်မှုအားနည်းခြင်း၊ လျစ်လျူရှုကြခြင်း၊ အယူသီးကြခြင်းနှင့် ကြောက်ရွံ့စိုးရိမ်မှုဖြစ်ခြင်းတို့ကြောင့် မသန်စွမ်းသူများ၏ဘဝမှာ အထီးကျန်ဆန်ခဲ့ကြရသည်။

စာရေးသူတို့၏နိုင်ငံတွင် မသန်စွမ်းသူတို့၏ ပညာရေး အဆင့်အတန်း မြင့်မားရေး၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေး၊ ပတ်ဝန်းကျင်အသိုက်အဝန်းအတွင်း ဝင်ဆံ့မှုမြှင့်တင်ရေး စွမ်းဆောင်နိုင်ရန်နှင့် စိတ်ဓာတ်ခွန်အား မြှင့်တင်ရေး၊ လူမှုရေးလိုအပ်ချက်များ ဖြည့်ဆည်းထောက်ပံ့ပေးရေး စသည့်ကဏ္ဍကြီး လေးရပ်အား ဘက်ပေါင်းစုံ၊ ကဏ္ဍစုံတို့မှ ဖြည့်ဆည်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

### ဥပဒေကို ပြဋ္ဌာန်းခဲ့

စာရေးသူတို့၏နိုင်ငံတွင် မသန်စွမ်းသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ၂၀၁၅ ခုနှစ် မသန်စွမ်းသူများ၏အခွင့်အရေး ဥပဒေကိုပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေ၏ရည်ရွယ်ချက်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မသန်စွမ်းသူများကို ပိုမိုကြည့်ရှု စောင့်ရှောက်နိုင်ရန်၊ ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ပိုမို၍ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်၊ နိုင်ငံသားခံစားခွင့်ရှိသည့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မသန်စွမ်းသူများအားလုံး တန်းတူညီမျှ အပြည့်အဝရရှိစေရန်၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ရေးရာ စသည့် နယ်ပယ်အသီးသီးတွင် ပေါင်းစည်းပါဝင်နိုင်ရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုများကို နိုင်ငံတော်နှင့်နိုင်ငံသားတို့က အသိအမှတ်ပြုနိုင်ရန်၊ မသန်စွမ်းသူများ၏ လူနေမှုဘဝ လုံခြုံစိတ်ချမှုရှိပြီး ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်၊ မသန်စွမ်းသူများအား နယ်ပယ်အားလုံးတွင် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ လျော့နည်းပပျောက်စေရန်နှင့် ထိုသို့ ခွဲခြားဆက်ဆံမှုများ မပြုစေရေးအတွက် ဥပဒေအရ ကာကွယ်ပေးရန်၊ မသန်စွမ်းသူများကို နိုင်ထက်စီးနင်း အကြမ်းဖက်ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှုများမှ ကာကွယ်ပေးရန်နှင့် မသန်စွမ်းသူအမျိုးသမီးများနှင့် ကလေးငယ်များကို အထူးကာကွယ်ပေးရန်၊ မိဘမဲ့ခိုကိုးရာမဲ့နှင့် မသန်စွမ်းမှုတစ်ခုထက်ပို၍ ခံစားနေရသော မသန်စွမ်းသူများကို မသန်စွမ်းမှုအမျိုးအစားအလိုက် နိုင်ငံတော်က အထူးစောင့်ရှောက်ကူညီပေးရန်ဟူသည့် ရည်ရွယ်ချက်များ ထားရှိပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။




### အမျိုးသားကော်မတီတစ်ရပ်ကို ဖွဲ့စည်း

ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်လည်း ဒုတိယ သမ္မတတစ်ဦးအား ဥက္ကဋ္ဌတာဝန်ပေးအပ်၍ လူဦးရေ ၆၀ ထက်မပိုသည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီတစ်ရပ်ကို ဖွဲ့စည်းကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ တန်းတူညီမျှရှိစေရေးအတွက် မသန်စွမ်းသူများ၏ မွေးရာပါအခွင့်အရေးများ၊ အသက်ရှင်သန်ခွင့်၊ နိုင်ငံသားဖြစ်မှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ လုံခြုံမှု၊ တန်းတူညီမျှမှုနှင့် ဂုဏ်သိက္ခာလေးစားမှုတို့ကို ခံစားခွင့်ရရှိစေရန်၊ မသန်စွမ်းမှုကို အကြောင်းပြု၍ မသန်စွမ်းသူများကို ခွဲခြားဆက်ဆံမှုနှင့် နှိမ့်ချမှုမရှိစေရန်၊ မသန်စွမ်းသူများ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာတို့ကို ထိခိုက်နစ်နာစေသော အပြုအမူနှင့် လုပ်ဆောင်မှုများကို တားမြစ်ရန်၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိသော မသန်စွမ်းသူများ လိုအပ်သည့် အခြေခံစားဝတ်နေရေးအတွက် သတ်မှတ်ထားသော မသန်စွမ်းမှုအဆင့်အလိုက် နိုင်ငံတော်က ထောက်ပံ့ပေးရန်၊ မသန်စွမ်းသူများသည် လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ၊ ချမ်းသာ၊ မသန်စွမ်းမှုအမျိုးအစား မခွဲခြားဘဲ ဥပဒေရေးရာတွင် အညီအမျှဖြစ်စေရန်၊ အခြားသောသူများနှင့် ညီမျှသော အခွင့်အရေးများ ရရှိစေရန်၊ အမွေဆက်ခံထိန်းသိမ်းရန် အခက်အခဲရှိသော မသန်စွမ်းသူများအတွက် အစီအမံများ ချမှတ်၍ ကာကွယ်စောင့်ရှောက်ရန် စသည့် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပြဋ္ဌာန်းထားရှိပြီး ဥပဒေနှင့်အညီ အမျိုးသားကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

### ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်

မသန်စွမ်းသူများ၏ ပညာသင်ကြားခွင့်၊ သတင်းအချက်အလက်များ ရယူသုံးစွဲခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူခွင့်ရရှိစေရေး၊ မွေးရာပါအသက်ရှင်သန်ခွင့်၊ လွတ်လပ်စွာပြောဆိုပိုင်ခွင့်နှင့် ကိုးကွယ်ပိုင်ခွင့်အပါအဝင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အခြားသူများနည်းတူ ခံစားခွင့်ရှိရေး၊ တရားဝင်ရရှိသော ငွေကြေးများ၊ ပစ္စည်းများနှင့် အိမ်ရာအဆောက်အအုံများကို ပိုင်ဆိုင်ခွင့်၊ ဆက်ခံခွင့်နှင့် ပြည်သူ့အိုးအိမ်စီမံကိန်းဖြင့် ဆောက်လုပ်သောအိမ်ရာများတွင် နေထိုင်ခွင့်ရှိရေး၊ တရားစွဲဆိုခွင့်၊ တရားစွဲဆိုမှုကို ခုခံနိုင်ခွင့်နှင့် သက်သေအဖြစ် စစ်ဆေးခံနိုင်ခွင့်တို့ ရရှိစေရေးအတွက် တရားရုံးတွင် မသန်စွမ်းပြစ်မှုအလိုက် လိုအပ်ချက်များကို စီစဉ်ပေးနိုင်ရန် တောင်းဆိုခွင့်ရရှိရေး၊ မိမိတို့၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများအတွက် တရားမကြောင်းဖြင့် တရားစွဲဆိုရာတွင် ကျသင့်ရုံးခွန်ကင်းလွတ်ခွင့်ရရှိစေရေး၊ အကျဉ်းကျနေစဉ်အတွင်း မသန်စွမ်းမှုကို အကြောင်းပြု၍ နှိပ်စက်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ လျစ်လျူရှုခြင်း၊ အနိုင်ကျင့်ခြင်းများမှ အကာအကွယ် ရပိုင်ခွင့်နှင့် မသန်စွမ်းမှုဆိုင်ရာဝန်ဆောင်မှုများ ရပိုင်ခွင့် ရှိရေး စသည့်အခွင့်အရေးများအတွက်လည်း ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ မသန်စွမ်းသူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးသည့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ချမှတ်ဆောင်ရွက်သည့် လုပ်ငန်းအစီအစဉ်များတွင် သက်ဆိုင်ရာအစိုးရဌာနများ၊ ပြည်တွင်း၊ ပြည်ပ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များက ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

မသန်စွမ်းကလေးသူငယ်များအတွက်ဆိုလျှင်လည်း မွေးရာပါအသက်ရှင်သန်ခွင့်ရှိပြီး ကလေးသူငယ်အခွင့်အရေး၊ လွတ်လပ်စွာပြောဆိုပိုင်ခွင့်နှင့် ကိုးကွယ်ပိုင်ခွင့်အပါအဝင် အခြေခံလွတ်လပ်ခွင့်များကို အခြားသန်စွမ်းသည့် ကလေးသူငယ်များနည်းတူ ခံစားခွင့်ရရှိရေး၊ ကလေးသူငယ်ဥပဒေပါ အခွင့်အရေးများအားလုံး သန်စွမ်းသူကလေးများနှင့်တန်းတူ ခံစားခွင့်ရရှိရေး၊ ကိုယ်တိုင်ဆုံးဖြတ် သုံးသပ်နိုင်စွမ်းမရှိသည့် ဉာဏ်ရည်ဆိုင်ရာမသန်စွမ်းကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားအတွက် တည်ဆဲဥပဒေနှင့်အညီ မိဘသို့မဟုတ် အုပ်ထိန်းသူတို့က ကိုယ်စားစီစဉ်ဆောင်ရွက်ခွင့်ရရှိရေး၊ နိုင်ထက်စီးနင်းအကြမ်းဖက်ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှု အမျိုးမျိုးအပါအဝင် အလွဲသုံးခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများနှင့် ခွဲခြားဆက်ဆံခံရမှုတို့မှ အကာအကွယ်ရထိုက်ခွင့်ရှိရေး စသည်တို့ကိုလည်း ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

### မသန်စွမ်းသူ အမျိုးသမီးများအတွက်

မသန်စွမ်းသူ အမျိုးသမီးများအတွက်ကိုလည်း လူ့အဖွဲ့အစည်းတွင် ပါဝင်ဆုံးဖြတ်ပိုင်ခွင့်နှင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး စသည့် လူနေမှုအဆင့်အတန်း တိုးတက်မှုတို့အတွက် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်အားလုံးကို အခြားသန်စွမ်းသူအမျိုးသမီးများနည်းတူ ခံစားခွင့်ရရှိရေး၊ မသန်စွမ်းသူများအတွက် ရည်ရွယ်၍ ဆောင်ရွက်သောလုပ်ငန်းအစီအစဉ်တိုင်းတွင် မသန်စွမ်းသူ အမျိုးသားများနှင့် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ အမျိုးသမီးများအတွက် ဦးတည်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်တိုင်းတွင် ပါဝင်ခွင့်နှင့် အိမ်တွင်းအကြမ်းဖက်မှုအမျိုးမျိုးအပါအဝင် အလွဲသုံးခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများနှင့် ခွဲခြားဆက်ဆံခံရမှုတို့မှ အကာအကွယ်ရထိုက်ခွင့်ရှိရေးတို့ကိုလည်း ပြဋ္ဌာန်းထားရှိသည့် ဥပဒေနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

မသန်စွမ်းသူများ၏ ကျန်းမာရေးအတွက်ကိုလည်း မသန်စွမ်းဖြစ်ပွားမှုကို ကာကွယ်သည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေးငယ်များ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများတွင် မသန်စွမ်းမှုများ ဖြစ်ပွားမှုနှုန်း အနည်းဆုံးဖြစ်စေရန် စီမံချက်များချမှတ်၍ ဆောင်ရွက်ပေးခြင်း၊ မသန်စွမ်း ဖြစ်ပွားမှုနှုန်းအနည်းဆုံးဖြစ်စေရန် စီမံချက်များချမှတ်ဆောင်ရွက်ပေးခြင်း၊ မသန်စွမ်းမှု အမျိုးအစားနှင့် မသန်စွမ်းမှုအဆင့်ကို စစ်ဆေးပြီး အကဲဖြတ်သတ်မှတ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များဖြင့်လည်းကောင်း၊ မသန်စွမ်းသူအသင်းမှ ကျွမ်းကျင်သူများဖြင့်လည်းကောင်း၊ မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ဆောင်ရွက်ပေးခြင်း၊ မသန်စွမ်းသူများအတွက် အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများကို ကျေးလက်ဒေသများအထိ အခမဲ့သို့မဟုတ် မသန်စွမ်းသူများ ကျခံနိုင်သောနှုန်းထားဖြင့် ရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ မသန်စွမ်းသူများအတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပြီး ဆေးပညာအရ ကိုယ်ကာယပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာတို့ကို ပြုစုကုသရေး၊ ပြုစုပျိုးထောင်ပေးရေးနှင့် ပြန်လည်ထူထောင်ရေးဌာနများ ဖွင့်လှစ်၍ ဆောင်ရွက်ပေးခြင်း စသည်ဖြင့် ပြဋ္ဌာန်းထားရှိသည့်ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။ စာမျက်နှာ ၁၅ သို့❖

**ကမ္ဘာ့လူဦးရေ သန်းပေါင်း ၇၀၀၀ ကျော်အနက် ဆယ်ပုံတစ်ပုံခန့်သည် မသန်စွမ်းသူများဖြစ်ကြပြီး ၈၀ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်လျက်ရှိကြသည်။ မသန်စွမ်းသူများ တွေ့ကြုံနေရသည့်အခက်အခဲ အတားအဆီးများသည် ယင်းတို့၏ ချို့ယွင်းအားနည်းမှုတစ်ခုတည်းကြောင့် မဟုတ်ပေ။ ပတ်ဝန်းကျင်ဆိုင်ရာ စိတ်သဘောထားအမြင်ပိုင်းဆိုင်ရာနှင့် အခြားသော အတားအဆီးများ ပါဝင်ပေသည်။ မသန်စွမ်းသူများအပေါ် သိရှိနားလည်မှုအားနည်းခြင်း၊ လျစ်လျူရှုကြခြင်း၊ အယူသီးကြခြင်းနှင့် ကြောက်ရွံ့စိုးရိမ်မှုဖြစ်ခြင်းတို့ကြောင့် မသန်စွမ်းသူများ၏ဘဝမှာ အထီးကျန်ဆန်ခဲ့ကြရ။**



# ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်၌ ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၂**

ကမ္ဘောဇဘဏ်ကလှူဒါန်းသော ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် အစည်းအဝေးခန်းမဆောင် ဆောက်လုပ်ရန် မြေသန့်မင်္ဂလာ၊ ပန္နက်တင်မင်္ဂလာနှင့် အုတ်မြစ်တော်စီမင်္ဂလာ အခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက ဗုဒ္ဓတက္ကသိုလ်ရှိ ခန်းမဆောင်ဆောက်လုပ်မည့်နေရာ၌ ကျင်းပသည်။

ရှေးဦးစွာဆရာတော်သံဃာတော်အရှင်သူမြတ်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ နံနက် ၈နာရီ ၉ မိနစ်တွင် အောက်စဖို့ဒ် ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များက ဇယန္တောဗောဓိယာမူလေအစီချီဂါထာများကိုရွတ်ဖတ်ပူဇော်၍အောက်စဖို့ဒ်ဆရာတော်၊ အလှူရှင် ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းနှင့် အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်တို့က ပန္နက်တင်ခြင်းမင်္ဂလာ၊ ရွှေပေစာ ငွေပေစာ ဌာပနာခြင်းမင်္ဂလာနှင့် ရတနာအုတ်မြစ်တော်စီခြင်းမင်္ဂလာများကို အသီးသီးပြုလုပ်ဆောင်ရွက်ကြသည်။ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် အစည်းအဝေးခန်းမဆောင် ဆောက်လုပ်လှူဒါန်းမှုအတွက် ကမ္ဘောဇဘဏ်က အလှူငွေ ကျပ်သိန်း ၈၀၀၀ လှူဒါန်းခဲ့သည်။ ယခင်ကလည်းဗုဒ္ဓတက္ကသိုလ် ဘွဲ့နှင်းသဘင်ဆောက်လုပ်ခြင်းအတွက် အလှူငွေကျပ် သိန်း၂၄၀၀၀၊ ဗုဒ္ဓတက္ကသိုလ် ငွေပဒေသာပင်စိုက်ထူခြင်းအတွက် လှူဒါန်း ငွေကျပ်သိန်း ၃၀၀၀ စုစုပေါင်းအလှူငွေ ကျပ်သိန်း ၃၅၀၀၀ လှူဒါန်းထားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




❖ စာမျက်နှာ ၁၄ မှ

(၂၀၁၅) ခုနှစ် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို အောက်ဖော်ပြပါအတိုင်း အခန်း ၁၇ ခန်းခွဲ၍ ပြည့်စုံစွာဖြင့် ပြဋ္ဌာန်းထားရှိပြီး ဖြစ်သည် –

- အခန်း (၁) – အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်
- အခန်း (၂) – ရည်ရွယ်ချက်များ
- အခန်း (၃) – မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ
- အခန်း (၄) – မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ တန်းတူညီမျှမှုရှိရေး
- အခန်း (၅) – မသန်စွမ်းသူများ၏ ပညာရေး
- အခန်း (၆) – မသန်စွမ်းသူများ၏ ကျန်းမာရေး
- အခန်း (၇) – မသန်စွမ်းသူများ လွယ်ကူစွာသွားလာနေထိုင်အသုံးပြုနိုင်ရေး
- အခန်း (၈) – မသန်စွမ်းသူများ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး
- အခန်း (၉) – မသန်စွမ်းသူများ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေး
- အခန်း (၁၀)– မသန်စွမ်းသူများအလုပ်အကိုင် အခွင့်အလမ်းရရှိရေး
- အခန်း (၁၁)– မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း
- အခန်း (၁၂)– မသန်စွမ်းသူများအသင်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်ခြင်း
- အခန်း (၁၃)– ပုဂ္ဂလိက ပညာသင်အထူးကျောင်း၊ ပုဂ္ဂလိက အသက်မွေးမှုအထူးသင်တန်းကျောင်းနှင့် ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနများ တည်ထောင်ဖွင့်လှစ်ခြင်း
- အခန်း (၁၄)– အယူခံခြင်း
- အခန်း (၁၅)– ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း
- အခန်း (၁၆)– တားမြစ်ချက်နှင့် ပြစ်ဒဏ်များ
- အခန်း (၁၇)– အထွေထွေ

စာရေးသူတို့၏ နိုင်ငံတွင် မသန်စွမ်းသူများ၏ အခွင့်အရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်တွင်းအသင်းအဖွဲ့များ၊ နိုင်ငံတကာအသင်းအဖွဲ့များနှင့် ပြည်သူများက ဝိုင်းဝန်းပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မသန်စွမ်းသူများအတွက် ပြဋ္ဌာန်းထားရှိပြီးဖြစ်သည့် ဥပဒေပါပြဋ္ဌာန်းချက်များကိုကိုင်စွဲ၍ ဆောင်ရွက်ကြမည်ဆိုလျှင်ဖြင့် ဥပဒေဘောင်အတွင်းမှ စနစ်တကျ အကောင်အထည်ဖော်ရာရောက်မည့်အပြင် အောင်မြင်မှုအဆင့်ဆင့်ကိုလည်း ပိုင်ဆိုင်နိုင်ကြမည်ဟု စာရေးသူယုံကြည်မိပါသည်။ မသန်စွမ်းသူများနှင့် ပတ်သက်၍ ပတ်ဝန်းကျင်မှသူများ၏ အမြင်အမျိုးမျိုးရှိနိုင်ကြသော်လည်း လူတိုင်းလူတိုင်း မသန်စွမ်းသူများ၏ ဘဝသို့ ရောက်နိုင်ကြသည်ကို သတိပြုကြရန်လိုသည်ဟု စာရေးသူဆိုနိုင်ပါသည်။ ယခုဆိုလျှင် စာရေးသူအသက်အရွယ်အိုလာပြီ ဖြစ်သည်။ မသန်စွမ်းသူများကဲ့သို့ပင် ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာများ ချို့ယွင်း အားနည်းလာသည်ကို ဝန်ခံရမည် ဖြစ်သည်။ သို့ဆိုလျှင် လူတိုင်း လူတိုင်း တစ်နေ့အိုကြရမည် ဖြစ်သည်။ ချို့ယွင်းအားနည်းလာကြရမည်ဖြစ်သည်။ ထို့ကြောင့် မသန်စွမ်းဘဝသို့ ရောက်နေကြရသူများအား တစ်နေ့ မသန်စွမ်းဘဝသို့ ရောက်ကြရမည့် လက်ရှိ သန်စွမ်းနေသူစာရေးသူတို့က စာနာထောက်ထားကူညီကြရမည် ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ဖြစ်သည်။ ထိုနေ့၏ သတ်မှတ်ထားရှိသည့်ဆောင်ပုဒ်မှာ "ပိုမိုကောင်းမွန်သည့် COVID – 19 အလွန် ကမ္ဘာတည်ဆောက်ဖို့ မသန်စွမ်းသူများ လက်လှမ်းမီပါဝင်ပြီး ရေရှည်တည်တံ့စေရန် ကြိုးစားစို့ (Building Book Better: toward on disability – inclusive, accessible and sustainable post COVID – 19 World) "ဟူ၍ ဖြစ်သည်။ ယခုအချိန်အခါသည် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ကို ကာကွယ်ထိန်းချုပ်နိုင်ရန် ကမ္ဘာနှင့်အဝှမ်း ကြိုးပမ်းဆောင်ရွက်နေကြရသည်။ ကမ္ဘာပေါ်ရှိလူသားအားလုံးက ကိုဗစ်–၁၉ အလွန်ကာလကို စောင့်မျှော်နေကြပြီဖြစ်သည်။ ကိုဗစ်–၁၉ အလွန်ကာလတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့တွင် နိုင်ငံတော်အစိုးရ၊ မသန်စွမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူများက "ပိုမိုကောင်းမွန်သည့် ကိုဗစ်–၁၉ အလွန်ကမ္ဘာတည်ဆောက်ဖို့ မသန်စွမ်းသူများ လက်လှမ်းမီပါဝင်ပြီး ရေရှည်တည်တံ့စေရန် ကြိုးစားကြပါစို့ (Building Book Better: toward on disability – inclusive, accessible and sustainable post COVID – 19 World)"ဟု ကြွေးကြော်လျက် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်၍ ကူညီမှုပြုပေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



# ကျော်လွှားနိုင်တဲ့ အရည်အချင်းရှိတယ်လို့ ယုံကြည်

**ဒီလိုစီမံကိန်းကြီးတွေ အကောင်အထည်ဖော်တဲ့အခါမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာရုံ တင်မကဘူး၊ ကျွန်မတို့ပြည်သူတွေအတွက် အလုပ်အကိုင်ဖန်တီးမှုဘက်မှာ အင်မတန်မှ အရေးပါ ပါတယ်။ အလုပ်အကိုင်ဖန်တီးခြင်းအားဖြင့် ကိုဗစ်နောက်ပိုင်းကာလမှာ ပြည်သူတွေ တစ်ဦးချင်းရဲ့ စီးပွားရေးအခြေအနေ ဦးမော့လာအောင်လို့ ဒါတွေဟာ အထောက်အကူဖြစ်ပါလိမ့်မယ်။ ဒါကြောင့် အခု ကိုဗစ်ရောဂါ နည်းနည်းပြန်ပြီး ပြန့်ပွားလာတဲ့ကာလမှာ ရာသီဥတုက အေးလာလို့ ဒီရောဂါပိုးတွေ ပြန်ပြီးတော့၊ ပိုပြီးတော့ နည်းနည်းပြင်းထန်လာတဲ့ကာလအတွင်းမှာ ကျွန်မတို့ ပြည်သူတွေက သတိထားစေချင်တယ်။ အားတင်းထားပါ။ ဒီဟာတွေကို ကျော်လွှားနိုင်မှာပါ။ ကျော်လွှားနိုင်တဲ့ အရည်အချင်းရှိတယ်လို့ ကျွန်မယုံကြည်ပါတယ်။**



(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀-၁၁-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂-၁၂-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ**

(၁-၁၂-၂၀၂၀) ရက်နေ့အတွက် **ဓာတ်ခွဲအတည်ပြုလူနာ (၁၄၇၆) ဦး**၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ အမည် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | [illegible] | ၈၀ |
| | | မြောက်ဥက္ကလာပ | ၈၁ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၇၇ |
| | | မှော်ဘီ | ၅၂ |
| | | သာကေတ | ၅၂ |
| | | [illegible] | ၄၁ |
| | | သင်္ဃန်းကျွန်း | ၃၈ |
| | | အင်းစိန်* | ၃၇ |
| | | [illegible] | ၃၃ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၃၂ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၃၀ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၀ |
| | | [illegible] | ၂၆ |
| | | ကမာရွတ် | ၂၆ |
| | | တောင်ဥက္ကလာပ | ၂၄ |
| | | မင်္ဂလာတောင်ညွန့် | ၂၃ |
| | | မရမ်းကုန်း | ၂၁ |
| | | သန်လျင် | ၁၈ |
| | | ဒလ | ၁၈ |
| | | [illegible] | ၁၀ |
| | | [illegible] | ၁၇ |
| | | ဘိုတထောင် | ၁၆ |
| | | [illegible] | ၁၄ |
| | | [illegible] | ၁၃ |
| | | [illegible] | ၁၀ |
| | | [illegible] | ၆ |
| | | [illegible] | ၇ |
| | | [illegible] | ၇ |
| | | [illegible] | ၆ |
| | | [illegible] | ၅ |
| | | [illegible] | ၅ |
| | | [illegible] | ၅ |
| | | [illegible] | ၄ |
| | | [illegible] | ၄ |
| | | [illegible] | ၂ |
| | | [illegible] | ၂ |
| | | [illegible] | ၂ |
| | | [illegible] | ၂ |
| | | [illegible] | ၂ |
| | | [illegible] | ၁ |
| | | စုစုပေါင်း | ၈၀၈ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | အောင်မြေသာစံ | ၇၈ |
| | | မဟာအောင်မြေ | ၆၇ |
| | | ချမ်းအေးသာဇံ | ၃၆ |
| | | ချမ်းမြသာစည် | ၃၆ |
| | | အမရပူရ | ၂၃ |
| | | [illegible] | ၁၉ |
| | | မိတ္ထီလာ | ၁၅ |
| | | ပုသိမ်ကြီး | ၁၄ |
| | | [illegible] | ၁၂ |
| | | ပြည်ကြီးတံခွန် | ၁၁ |
| | | မြင်းခြံ | ၅ |
| | | [illegible] | ၂ |
| | | ပြင်ဦးလွင် | ၂ |
| | | [illegible] | ၂ |
| | | ကျောက်ဆည် | ၂ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | သပိတ်ကျင်း | ၁ |
| | | စုစုပေါင်း | ၃၂၈ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၃၅ |
| | | [illegible] | ၁၄ |
| | | ကြို့ပင်ကောက် | ၁၂ |
| | | သဲကုန်း | ၉ |
| | | သာယာဝတီ | ၆ |
| | | ရွှေတောင် | ၅ |
| | | ရေတာရှည် | ၂ |
| | | မင်းလှ | ၂ |
| | | [illegible] | ၂ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | စုစုပေါင်း | ၉၂ |
| ၄။ | [illegible] | [illegible] | ၃၇ |
| | | [illegible] | ၁၂ |
| | | [illegible] | ၈ |
| | | [illegible] | ၆ |
| | | [illegible] | ၅ |
| | | [illegible] | ၄ |
| | | [illegible] | ၂ |
| | | [illegible] | ၂ |
| | | [illegible] | ၁ |
| | | စုစုပေါင်း | ၇၇ |
| ၅။ | မွန်ပြည်နယ် | [illegible] | ၁၆ |
| | | သထုံ | ၃ |
| | | [illegible] | ၃ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | စုစုပေါင်း | ၂၄ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ရွှေဘို | ၇ |
| | | ဝက်လက် | ၅ |
| | | [illegible] | ၄ |
| | | ယင်းမာပင် | ၃ |
| | | [illegible] | ၂ |
| | | [illegible] | ၁ |
| | | မြင်းမူ | ၁ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | စုစုပေါင်း | ၂၅ |
| ၇။ | ဧရာဝတီတိုင်းဒေသကြီး | ဟင်္သာတ | ၈ |
| | | ကျိုက်လတ် | ၅ |
| | | [illegible] | ၂ |
| | | [illegible] | ၂ |
| | | ကျုံပျော် | ၂ |
| | | မြောင်းမြ | ၂ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | စုစုပေါင်း | ၂၃ |
| ၈။ | [illegible] | [illegible] | ၁၄ |
| | | [illegible] | ၂ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | စုစုပေါင်း | ၂၁ |
| ၉။ | ကချင်ပြည်နယ် | [illegible] | ၁၄ |
| | | မိုးညှင်း | ၁ |
| | | စုစုပေါင်း | ၁၅ |
| ၁၀။ | မကွေးတိုင်းဒေသကြီး | မကွေး | ၄ |
| | | အောင်လံ | ၃ |
| | | [illegible] | ၃ |
| | | မြိုင် | ၁ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | [illegible] | ၁ |
| | | စုစုပေါင်း | ၁၄ |
| ၁၁။ | နေပြည်တော် | ဇေယျာသီရိ | ၃ |
| | | ဥတ္တရသီရိ | ၁ |
| | | [illegible] | ၂ |
| | | စုစုပေါင်း | ၆ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၁ |
| | | [illegible] | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၃။ | ချင်းပြည်နယ် | ဟားခါး | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၄။ | ကရင်ပြည်နယ် | မြဝတီ | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၅။ | ကယားပြည်နယ် | လွိုင်ကော် | ၁ |
| | | စုစုပေါင်း | ၁ |
| | (၁-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၄၇၆) ဦး |

* မြို့နယ်မှ (၁) ဦးသည် ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသဖြင့် အသွားအလာ ကန့်သတ်ထားရှိခြင်းဖြစ်ပါသည်။

မှတ်ချက်။ (၁-၁၂-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၄၇၆)ဦးတွင် အနံ့မရရှိသူ (၃၁၂) ဦး ပါရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်

**မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ပြောင်းမှုတွင် အဓိကအရေးပါသည့် အခန်းကဏ္ဍမှာ ပါဝင်နေသည့် ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ် အသုံးပြုပြီး ဝန်ဆောင်မှုများ မြန်ဆန်လာအောင် ဆောင်ရွက်နိုင်ရန်အတွက် ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒီဇင်ဘာ ၂ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့ရာ ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**ထက်လျှံ**

**အစီအစဉ်မှူး။** ။ ဒီကနေ့မှာ မြန်မာနိုင်ငံစီးပွားရေးကို နည်းပညာနဲ့ ဆန်းသစ်တီထွင်မှုကို အခြေခံပြီး ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားစေရန်နဲ့ နည်းပညာကို အခြေခံပြီး ဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်ရာတွင် ပိုမိုမြန်ဆန်နိုင်ရန်အတွက် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး ငွေပေးချေမှုများနဲ့ ပတ်သက်ပြီး ဗဟုသုတတွေကို မျှဝေပေးသွားမယ့် ဒစ်ဂျစ်တယ်စီးပွားရေး အကြောင်း သိကောင်းစရာအစီအစဉ်ကနေ ကြိုဆိုပါတယ်။

ဒီအစီအစဉ်မှာ **မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲရင့်ဝင်းနဲ့ Myanmar Payment Union (MPU) အမှုဆောင်အရာရှိချုပ် ဦးဇော်လင်းထွဋ်** တို့က ပါဝင်ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

**ပထမဦးဆုံး မေးခွန်းအနေနဲ့ အခုလက်ရှိ မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုမှာ ဒစ်ဂျစ်တယ်စနစ်ရဲ့ ငွေပေးချေမှု အခန်းကဏ္ဍဟာ ဘယ်လိုနေရာတွေမှာ အသုံးပြုဖို့လိုအပ်ပြီး၊ အကျိုးကျေးဇူးတွေက ဘာတွေဖြစ်လာမလဲဆိုတာ ဦးရဲရင့်ဝင်းက သုံးသပ်ပြောကြားပေးပါဦး။**

**ဦးရဲရင့်ဝင်း။** ။ ပထမဦးဆုံးအနေနဲ့က ကုန်ပစ္စည်းလဲလှယ်မှုပါ။ ဟိုးအရင်တုန်းက တစ်ဦးအလိုရှိတဲ့ပစ္စည်းကို အခြားတစ်ဦးနဲ့ လဲလှယ်တဲ့နေရာမှာ ကုန်ပစ္စည်းခြင်း တိုက်ရိုက်လဲလှယ်ရာကနေ ကြားခံတစ်ခုခုကိုထားပြီး သွယ်ဝိုက်လဲလှယ်ရင် ပိုမိုထိရောက်တဲ့အတွက်ကြောင့် သွယ်ဝိုက်ပြီး လဲလှယ်လာခဲ့တာပါ။ အခုကျွန်တော်တို့ သုံးစွဲနေတဲ့ စက္ကူငွေကြေးအဖြစ်ကို တွင်တွင်ကျယ်ကျယ် သုံးနေတာဟာ ယနေ့တိုင်ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းတွေမှာ စက္ကူငွေကြေးကို ကြားခံအဖြစ်နဲ့ သုံးစွဲတဲ့နေရာမှာ ဒီငွေကြေးဟာ အနီးအနားပေးချေမှုဖြစ်တဲ့ စားသုံးသူနဲ့ဝယ်ယူသူရဲ့ကြားထဲ နီးနီးနားနားနဲ့ ပဏာမသိပ်မကြီးတဲ့ပေးချေမှုတွေမှာ အဆင်ပြေပေမယ့် အခုခေတ် လိုအပ်ချက်အရဆိုရင် အကန့်အသတ်ဖြစ်လာတယ်။ တစ်နေရာကတစ်နေရာကို ပေးပို့ဖို့အချိန်ကြာမြင့်တာ၊ ကြီးမားတဲ့ပမာဏကို ပေးချေဖို့မှာခက်ခဲတာ၊ ကိုင်တွယ်ထိန်းသိမ်းရာမှာ ဝန်ထုပ်ဝန်ပိုးတွေ ဖြစ်လာတာ၊ ကုန်ကျစရိတ်မြင့်မားတာ စတာတွေ ရှိလာတယ်။ အထူးသဖြင့် ကိုဗစ်ကာလမှာဆိုရင် ကိုင်တွယ်ကနေပြီး ရောဂါကူးစက်နိုင်တဲ့ အခြေအနေမျိုးတွေ အန္တရာယ်ရှိနေပါတယ်။

ဒီလိုကန့်သတ်ချက်တွေကို ကျော်လွှားနိုင်ဖို့အတွက် ဒစ်ဂျစ်တယ် Payment ကို တွင်တွင်ကျယ်ကျယ်သုံးပြီး ငွေကြေးအသုံးချမှုကို လျှော့ဖို့လိုအပ်ပါတယ်။ အဲဒီတော့ ဒစ်ဂျစ်တယ် Payment ဆိုတာသည် ပေးစရာရှိတဲ့သူက ရစရာရှိတဲ့သူကို အွန်လိုင်းကနေတစ်ဆင့် ဒစ်ဂျစ်တယ်ပုံစံနဲ့ ပို့လိုက်တဲ့ဟာမျိုးကို ဒစ်ဂျစ်တယ် Payment လို့ ပြောတာပါ။

ဒီလုပ်ငန်း လုပ်ဆောင်ချက်တိုင်းမှာ ငွေပေးချေမှုဆိုတာ အမြဲတမ်းပါဝင်ပါတယ်။ လုပ်ငန်းလုပ်ဆောင်ချက်တွေသာမက လူမှုရေးအရ ငွေပေးတာ၊ တာဝန်အရ ငွေပေးချေတာတွေကို ဆောင်ရွက်ရပါတယ်။ ဘယ်လိုလုပ်ငန်းမဆို ငွေပေးချေမှုတွေ ပါဝင်ပတ်သက်နေတဲ့အတွက် ငွေပေးချေမှု မချောမွေ့ရင် လုပ်ငန်းဆောင်ရွက်မှုတွေ မဖြစ်မြောက်တာတွေ၊ နှေးကွေးတာတွေ၊ စရိတ်ကြီးမားတာတွေ ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် ငွေကြေးပေးဆောင်မှုသည် စွမ်းဆောင်ရည်ပြည့်ဝဖို့ လိုတယ်ဆိုတာကို ပြောလို့ရပါတယ်။

ယခုအခါမှာ ကိုဗစ် – ၁၉ ကပ်ရောဂါဘေးကြောင့် လူတွေထိတွေ့မှု နည်းနိုင်သမျှနည်းအောင် နည်းပညာကို အသုံးပြုပြီး လုပ်ဆောင်လာကြသလို Next New Normal အတွက် စဉ်းစားကြတဲ့အခါ အိုင်စီတီမှာ ပြိုင်ဆိုင်နိုင်မှုတွေ မြင့်မားမယ်ဆိုတာ ခံယူလာကြပြီး ဒစ်ဂျစ်တယ်ပြောင်းလုပ်လာကြပါတယ်။ လုပ်ငန်းတွေ ဒစ်ဂျစ်တယ်အသွင်ပြောင်းဖို့ဆိုရင် ထိရောက်တဲ့ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ် ရှိရမှာပါ။ ဒစ်ဂျစ်တယ် အသွင်ပြောင်းရေးအတွက် ဒစ်ဂျစ်တယ်ငွေပေးချေမှု ဖွံ့ဖြိုးတိုးတက်ရေး အဓိက အရေးအကြီးဆုံး လိုအပ်ချက်တစ်ခုလို့ ပြောလို့ရပါတယ်။

ငွေပေးချေမှု လိုအပ်ချက်တွေကိုကြည့်ရင် (လူပုဂ္ဂိုလ်တစ်ဦးချင်း) ပြည်သူအချင်းချင်းကြား ငွေပေးချေမှုတွေ၊ စီးပွားရေးလုပ်ငန်းတွေနဲ့ (လူပုဂ္ဂိုလ်တစ်ဦးချင်း) ပြည်သူတို့အကြား ငွေပေးချေမှုတွေ၊ စီးပွားရေးလုပ်ငန်းတွေ အကြားပေးချေမှုတွေ၊ အစိုးရလုပ်ငန်းတွေအကြားပေးချေမှုတွေ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းကြား၊ အစိုးရနဲ့ (လူပုဂ္ဂိုလ်



**ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်တွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲရင့်ဝင်းနှင့် Myanmar Payment Union (MPU) အမှုဆောင်အရာရှိချုပ် ဦးဇော်လင်းထွဋ်တို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။**

တစ်ဦးချင်း) ပြည်သူအကြားပေးချေမှုတွေ၊ အစိုးရနဲ့ စီးပွားရေးလုပ်ငန်းတွေအကြား ပေးချေမှုတွေ စသည်ဖြင့် တွေ့နိုင်ပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးနဲ့တစ်ဦးကြားဆိုရင် မြို့ကြီးပြကြီးမှာလာပြီး အလုပ်လုပ်နေတဲ့သူက နယ်မှာရှိတဲ့ မိဘဆီကို ငွေပြန်လွှဲပို့တဲ့ ကိစ္စမျိုးတွေတို့၊ အခြားတစ်နိုင်ငံကနေပြီး ပြည်တွင်းကို ငွေပြန်လွှဲပို့တဲ့ ကိစ္စမျိုးတွေသည် တစ်ဦးချင်းကြားမှာ ရှိတာတွေပါ။

နောက်ပိုင်ဆိုင်မှုပစ္စည်းတွေကို လွှဲပြောင်းပေးတာပါ။ အခုကျွန်တော်တို့ရဲ့ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းမှာ အရေးကြီးတဲ့ကိစ္စတစ်ခုက Sharing Economy ပါ။ တစ်ယောက်ရဲ့လိုတဲ့ပစ္စည်း၊ ပိုတဲ့ပစ္စည်းကို Share လုပ်ပြီး သုံးတဲ့အခါမှာ တစ်ဦးနဲ့တစ်ဦး ငွေပေးချေမှုတွေက များလာမှာ ဖြစ်ပါတယ်။ ဒါတွေများလာမှာဖြစ်တဲ့အတွက် ပေးချေမှုတွေကို ပြန်ကြည့်တဲ့အခါမှာလည်း သူက အဝေးကနေ ငွေပေးချေမှုတွေ လုပ်လာတဲ့အချိန်မှာ ဒစ်ဂျစ်တယ်ငွေပေးချေမှုလုပ်မှသာလျှင် ပိုမိုပြီးထိရောက်တဲ့ အခြေအနေမျိုးလို့ ကျွန်တော်တို့ ပြောလို့ရပါတယ်။

စီးပွားရေးလုပ်ငန်းတွေကို ကြည့်မယ်ဆိုရင် ဟိုးအရင်တုန်းက ICT ကို ပံ့ပိုးပေးတဲ့ အလုပ်တွေပဲ သုံးပေမယ့်၊ အခုအချိန်မှာ လုပ်ငန်းရဲ့ပင်မအလုပ်အဖြစ် Core Business လုပ်ငန်းတွေမှာ ICT ကို သုံးလာကြပြီဖြစ်ပါတယ်။ ကျောင်းတွေက စာသင်တဲ့အလုပ်ကို အွန်လိုင်းက သင်လာကြတယ်။ ဆိုင်တွေက ရောင်းတဲ့အလုပ်ကို အွန်လိုင်းက လုပ်လာကြတယ်။ ဒီအလုပ်တွေ အွန်လိုင်းပေါ်ကို ရောက်လာပြီဆိုရင် နယ်မြေအပိုင်းအခြားမရှိ ဝန်ဆောင်မှုတွေ၊ ဆောင်ရွက်မှုတွေပေးဖို့လိုပါတယ်။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် နယ်တစ်နယ်မှာဖွင့်တဲ့စာသင်ကျောင်းဟာ ဒီနယ်မှာပဲ သင်မှာမဟုတ်တော့ဘူး၊ ရန်ကုန်က ကျောင်းသား သို့မဟုတ် တခြားနိုင်ငံက ကျောင်းသားအထိ သွားရောက်သင်ကြားပေးလို့ရပါတယ်။ ဒီလိုတွေဖြစ်လာတဲ့ အချိန်မျိုးဆိုရင် အွန်လိုင်းကနေ ဝန်ဆောင်မှုတွေပေးလာပြီဆိုရင် ဒီဆောင်ရွက်မှုတွေအတွက် ငွေပေးချေမှုသည် ထိရောက်တဲ့ငွေပေးချေမှုမျိုး ဖြစ်ဖို့လိုပါတယ်။ ဒစ်ဂျစ်တယ်ပေးချေမှုတွေ ပိုမိုလိုအပ်ပါတယ်။

ကိုဗစ်ကြောင့် စီးပွားရေးလုပ်ငန်းတွေရဲ့ Supply Chain တွေ ပြောင်းလာပြီး လုပ်ငန်းလုပ်ဆောင်ပုံတွေပါ ပြောင်းလဲတဲ့အတွက် တခြားဘက်ကနေ ပြန်ကြည့်ရင် အစိုးရနဲ့ ပြည်သူတွေကြားမှာလည်း ငွေပေးချေမှုတွေ အများကြီးရှိပါတယ်။ အစိုးရတွေက သူ့ရဲ့ဝန်ထမ်းတွေကို လစာပေးတာ၊ အစိုးရပင်စင်စားတွေကို ပင်စင်ထုတ်ပေးတာ၊ လူမှုဖူလုံရေး ထောက်ပံ့ငွေပေးတာနဲ့ ဒီလိုပေးတာတွေကို လုပ်ကြရမှာ ဖြစ်ပါတယ်။ လစာထုတ်ဖို့ရာအတွက် လစာဘယ်လောက်ကျမလဲဆိုတာ တွက်ချက်ရပါတယ်။ ဘဏ်ကိုသွားထုတ်ဖို့ အချိန်တွေ၊ ဘဏ်ကနေ ငွေပြန်သယ်လာမယ့်အချိန်တွေ၊ ပြီးရင်ပြန်ဝေပေးရမယ့်အချိန်တွေ၊ လစာလာယူရမယ့်လူတွေရဲ့ အချိန်တွေ ပြန်ကြည့်မယ်ဆိုရင် ဒီလိုလစာပေးဖို့ရာ တစ်ခုထဲကို ကျွန်တော်တို့ အများကြီးကို လုပ်ဆောင်နေရတာပါ။

အခုလို အခြေအနေမျိုးမှာ ဒစ်ဂျစ်တယ် Payment နဲ့သာ ငွေပေးမယ်ဆိုရင် ပိုမိုပြီး လျင်မြန်မယ်၊ ကုန်ကျစရိတ်လည်း သက်သာမယ်၊ လုံခြုံစိတ်ချရမယ်ဆိုတဲ့ အကျိုးကျေးဇူးတွေ အများကြီးရပါတယ်။ အဲဒီတော့ တစ်လ၊ တစ်လ ဝန်ထမ်းတစ်ယောက်ကို ဒစ်ဂျစ်တယ် Payment အသုံးပြုပြီး လစာပေးတဲ့အခါ တစ်မိနစ်သက်သာ သွားတယ်ဆိုရင် ဘယ်လောက်များသက်သာသွားမလဲ ဆိုတာကို တွက်ကြည့်ရင် သိနိုင်ပါတယ်။ ဒါကြောင့် ဒစ်ဂျစ်တယ် Payment ရဲ့ ကောင်းမွန်မှုက ဒစ်ဂျစ်တယ်အသွင်ပြောင်းဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့ ပတ်ဝန်းကျင်ဖြစ်တယ်လို့ ကျွန်တော်ပြောလိုပါတယ်။

ကုန်ကျစရိတ် သက်သာတယ်။ ထိရောက်မြန်ဆန်တယ်။ နောက်တစ်ခုက ပွင့်လင်းမြင်သာမှု ရှိတယ်။ လုံခြုံစိတ်ချရတယ်။ ဘဏ္ဍာရေးဝန်ဆောင်မှုတွေ ပေးဖို့ရာအတွက်ကို ကုန်ကျစရိတ်တွေ သက်သာလာတဲ့အတွက်ကြောင့် Financial Inclusion တွေ ဖြစ်မယ်ဆိုတဲ့ အကျိုးကျေးဇူးကို ရနိုင်ပါတယ်ခင်ဗျာ။

**အစီအစဉ်မှူး။** ။ **လုပ်ငန်းတွေရဲ့ ဝန်ဆောင်မှုတွေနဲ့ ကုန်ပစ္စည်းတွေအတွက် ငွေပေးချေတဲ့ အခါမှာ ဒစ်ဂျစ်တယ်ငွေပေးချေမှုကို အသုံးပြုဖို့ရာ အခုဆိုရင် လိုအပ်လာပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ အသုံးပြုနေတဲ့ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်နဲ့ဆိုရင် ဘယ်လိုမျိုးလုပ်ဆောင်ဖို့လိုအပ်ပါသလဲ၊ အခုလက်ရှိ မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းအရ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်ကို ဆောင်ရွက်တယ်ဆိုရင် ရရှိလာနိုင်တဲ့ အလားအလာတွေကိုလည်း ဦးဇော်လင်းထွဋ်က သုံးသပ်ဆွေးနွေးပေးပါဦး။**

**ဦးဇော်လင်းထွဋ်။** ။ ဘဏ်စာရင်းနဲ့ ချိတ်ဆက်ပြီးအသုံးပြုလို့ရတဲ့ ငွေပေးချေတဲ့ကတ်တွေကို မြန်မာနိုင်ငံမှာ ၂၀၁၂ ခုနှစ်က စတင်မိတ်ဆက်ခဲ့ပြီး စတင်သုံးစွဲခဲ့တာဖြစ်ပါတယ်။ အခုဆိုရင် ဒီငွေပေးချေတဲ့ကတ်တွေက ဈေးကွက်ထဲမှာ ၁၁ သန်းလောက်ရှိပါတယ်။ ဒီကတ်တွေ သုံးစွဲနိုင်ဖို့အတွက် ATM တွေရှိတယ်။ ATM ဆိုတာ အလိုအလျောက် ငွေထုတ်စက်တွေပါ။ နောက် Point of Sale လို့ခေါ်တဲ့ ဒီကတ်တွေကို လက်ခံဆောင်ရွက်တဲ့ ဖြတ်တဲ့စက်တွေရှိမယ်။ နောက် အွန်လိုင်းကနေ ဈေးဝယ်တဲ့ e-Commerce တွေဆိုတဲ့ Gate Way တွေရှိပါတယ်။

ဒီငွေပေးချေတဲ့ကတ်တွေကို သုံးစွဲလာတာဆိုရင် အခုဆိုရင် ရှစ်နှစ်ဝန်းကျင်လောက်ရှိပါတယ်။ နောက်တစ်ခုက ဘဏ်စာရင်းတွေနဲ့ပဲ ချိတ်ဆက်ပြီးသုံးလို့ရတဲ့ Internet Banking၊ Mobile Banking ဆိုပြီး ရှိပါသေးတယ်။ ဒါတွေ သုံးစွဲမယ့်သူက ဘဏ်စာရင်းဖွင့်ထားပြီး Internet Banking၊ Mobile Banking သုံးချင်တယ်ဆိုရင် သက်ဆိုင်ရာ ဘဏ်တွေမှာ Register တင်ပြီး OTP လို့ခေါ်တဲ့ One Time Pass ကို တစ်ခါသုံး Facial OTP Device ပေးမယ် သို့မဟုတ် SMS OTP ယူမယ်ဆိုရင် SMS OTP နဲ့ ဒါတွေက သုံးလို့ရပါတယ်။

ဒီ Internet Banking၊ Mobile Banking တွေက များသောအားဖြင့် ပုဂ္ဂလိကကုမ္ပဏီတွေက လစာပေးတဲ့ ကိစ္စမှာ သုံးကြတာများတယ်။ နောက်တစ်ခုက ခေတ်ပညာတတ်ပြီး နည်းပညာကို ပိုပြီးသုံးချင်တဲ့သူတွေက ဘဏ်အချင်းချင်း စာရင်းလွှဲပြောင်းတဲ့အခါမှာ သုံးကြတာကိုလည်း တွေ့ရှိရပါတယ်။ Internet Banking၊ Mobile Banking တွေကို ပြည်တွင်းဘဏ်တွေက ၂၀၁၃ ခုနှစ်ဝန်းကျင်လောက်မှာ ဘဏ်တွေရဲ့ Core Banking System ကို ပြုပြင်ပြောင်းလဲပြီးတဲ့အချိန်မှာ စတင်ပြီးဝန်ဆောင်မှုတွေ ပေးလာကြတာကို တွေ့လာရပါတယ်။

ဒါပေမယ့် ၂၀၁၅ / ၂၀၁၆ လောက်မှာ သုံးစွဲမှုတွေက ပိုများလာတယ်။ ဒီဘက် ၂၀၁၈ / ၂၀၁၉ မှာ သုံးစွဲတဲ့အင်အားတွေ ပိုပြီးများပြားလာတာကို တွေ့ရတယ်။ ဘဏ်အကောင့် ရှိသူတိုင်းက သုံးတာကို မတွေ့ရသေးပါဘူး။ သုံးစွဲတဲ့သူတစ်စုကိုပဲ တွေ့ပါသေးတယ်။ များသောအားဖြင့် ကုမ္ပဏီလုပ်ငန်းတွေက လစာပေးတဲ့ ကိစ္စရပ်တွေမှာ သုံးကြပြီး နည်းပညာကျွမ်းကျင်တဲ့ ခေတ်ပညာတတ်လူငယ်လူလတ်ပိုင်းတွေက ဘဏ်အချင်းချင်း စာရင်းလွှဲပြောင်းရာမှာ အသုံးများကြပါတယ်။

နောက်တစ်ခု ဘဏ်စာရင်းရှိစရာမလိုဘဲ သုံးလို့ရတဲ့ မိုဘိုင်းလ်ငွေကြေး သို့မဟုတ် မိုလ်ဘိုင်းပိုက်ဆံအိတ်လို့လည်း ခေါ်ကြတယ်။ အခုနောက်ပိုင်း Mobile Pay ဆိုပြီး ဖြစ်လာကြတယ်။ ဒါတွေကို ဘဏ်စာရင်းရှိစရာမလိုဘဲနဲ့ အသုံးပြုလို့ရတယ်။ ဒီဟာတွေ အကုန်လုံးကို Telecom တွေ ဖွင့်ပြီးတဲ့ ၂၀၁၅ ခုနှစ်နောက်ပိုင်းမှာ ဝန်ဆောင်မှုတွေ ပေးလာကြတာတွေ ဖြစ်ပါတယ်။

အဓိက မိုဘိုင်းလ်ပိုက်ဆံအိတ်တွေဟာ ဘယ်လိုလူမျိုးတွေ အသုံးပြုကြလဲဆိုတော့ ငွေလွှဲဝန်ဆောင်မှုလုပ်တဲ့သူတွေပါ။ ဥပမာ ရန်ကုန်မှာ အလုပ်လာလုပ်တယ်၊ နယ်ကမိဘတွေကို ငွေလွှဲချင်ရင် ဘဏ်ကိုသွားစရာမလိုဘဲနဲ့ သက်ဆိုင်ရာအေးဂျင့်ဆီကနေ ငွေလွှဲလိုက်မယ်၊ လက်ခံရရှိတဲ့သူကလည်း ကုတ်နံပါတ်တစ်ခုကိုယူပြီး နီးစပ်ရာ ကိုယ်စားလှယ်စီမှာ ငွေသွားထုတ်တဲ့ စနစ်ဖြစ်ပါတယ်။ Mobile Pay တွေကိုလည်း သုံးလာတဲ့သူတွေက တော်တော်များလာတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါတွေက ခုနကပြောသလိုမျိုး Digital Payment လက်ရှိအသုံးပြုနေတာတွေ ဖြစ်ပါတယ်။

အဓိက မိုဘိုင်းလ်ဝန်ဆောင်မှုတွေကို ဘဏ်တွေကလည်း ဆောင်ရွက်ပေးတာရှိသလို Telecomတွေကလည်း ဆောင်ရွက်ပေးတာ ရှိပါတယ်။ အဲဒါအပြင် ဘဏ်ရော၊ Telecom တွေရော မဟုတ်ဘဲနဲ့ အခြားသော ဗဟိုဘဏ်က ခွင့်ပြုထားတဲ့ အဖွဲ့အစည်းတွေကလည်း ဝန်ဆောင်မှုတွေပေးနေကြတာ တွေ့ရပါတယ်။ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုတွေကို စတင်ခဲ့တာဆိုရင် ၂၀၁၂ ခုနှစ်နဲ့ ၂၀၁၅ ခုနှစ်က စတင်ခဲ့ပါတယ်။

ဒါပေမယ့် သုံးစွဲသူက အဲဒီအချိန်တုန်းက အတော်အတန်နည်းပါသေးတယ်။ ဒါပေမယ့် ၂၀၁၆ ခုနှစ် နောက်ပိုင်းမှာ နည်းပညာတွေရဲ့ အားကောင်းလာမှု၊ Telecom တွေရဲ့ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှုတွေနဲ့ အတူ သုံးစွဲသူတွေဟာ ဒီဟာတွေကို သုံးစွဲခြင်းကြောင့် အကျိုးကျေးဇူးတွေကို သိရှိလာကြတယ်။ သုံးစွဲရတာလည်း လွယ်ကူလျင်မြန်တာကို သိရှိလာတဲ့အတွက်ကြောင့် တစ်နှစ်နဲ့တစ်နှစ် ပိုပြီးများလာတာကို တွေ့ရတယ်။ အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍမှာ ပိုပြီးသုံးစွဲလာကြတယ်။

ကိုဗစ်ရဲ့ ပထမလှိုင်းပြီးတဲ့အချိန်မှာ ဘာကိုသွားတွေ့ရလဲဆိုတော့ အစိုးရလုပ်ငန်းတွေမှာပါ။ အထူးသဖြင့် မီတာဘေလ်ဆောင်တဲ့လုပ်ငန်းပါ။ နဂိုက မီတာဘေလ်ဆောင်မယ်ဆိုရင် တချို့မြို့နယ်တွေက ဘဏ်တွေရဲ့ Internet Banking၊ Mobile Banking တွေနဲ့ သုံးလို့ရတယ်။ တချို့မြို့နယ်တွေက မရဘူး၊ သက်ဆိုင်ရာကိုယ်စားလှယ်စီမှာသွားပြီး ငွေသားနဲ့ပေးနေရတာတွေ ဖြစ်တယ်။

ဒါပေမယ့် ကိုဗစ်ပထမလှိုင်းပြီးတဲ့အချိန်မှာ ပြည်သူလူထုက Digital Payment တွေနဲ့ ပေးရတာကို ပိုပြီးစိတ်အားထက်သန်လာတယ်။ အစိုးရလုပ်ငန်းတွေကလည်း သိသိသာသာကို ပြောင်းလဲလာတာကို တွေ့ရတယ်။ မြို့နယ်တိုင်းက မီတာဘေလ်တွေအကုန်လုံးသည် ဘဏ်တွေရဲ့ Mobile Banking တွေ၊ Internet Banking တွေ သာမက အခု Mobile Pay တွေနဲ့ပါ ပေးလို့ရလာပြီး လွယ်ကူလျင်မြန်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

နောက်တစ်ခုကလည်း ၂၀၁၆ ခုနှစ်ကတည်းက စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနနဲ့ အခွန်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေတဲ့ Project တွေရှိတယ်။ အဲဒါက အခွန်ထမ်းပြည်သူတွေ၊ အခွန်ထမ်းကြီးတွေပါ အွန်လိုင်းကနေပြီး အခွန်ပေးဆောင်လို့ရအောင် လုပ်ဆောင်ပေးခဲ့ပါတယ်။ အခုကိုဗစ်ကာလမှာ အလယ်အလတ်အခွန်ထမ်းတွေအပြင် အခြားသော အခွန်၊ အခွန်ထမ်းကိစ္စတွေကိုလည်း ပေးဆောင်နိုင်အောင် ဆက်လက်လုပ်ဆောင်နေကြပါပြီ။

**စာမျက်နှာ ၁၉ သို့ ❍**

# ကိုဗစ်-၁၉ အမေး / အဖြေ

○ စာမျက်နှာ ၁၈ မှ

ဒီလိုပဲ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဆိုရင်လည်း ကုန်သွယ်ရေးဦးစီးဌာနက ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလမှာ Myanmar Trade Net 2.0 ဆိုပြီး ပို့ကုန်/သွင်းကုန် လိုင်စင်တွေနဲ့ပတ်သက်ပြီးတော့ အွန်လိုင်းကနေ မှတ်ပုံတင်ရမယ်၊ အွန်လိုင်းကနေ လျှောက်ထားရမယ်။ ငွေပေးချေမှုကိုလည်း အွန်လိုင်းကနေ ပေးချေဖို့အတွက် ဆောင်ရွက်လာတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

အစိုးရလုပ်ငန်းတွေက ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုမှာ တက်တက်ကြွကြွနဲ့ အင်တိုက်အားတိုက်ပါလာကြတာဖြစ်ပါတယ်။ DICA မှာ ကုမ္ပဏီအသစ်မှတ်ပုံတင်တာတွေ၊ ကုမ္ပဏီသက်တမ်းတိုးတာတွေ အကုန်လုံးကို One Stop Service အွန်လိုင်းကနေ ဆောင်ရွက်ပေးသလို ငွေပေးချေမှုကိုလည်း ငွေပေးချေကတ်နဲ့လက်ခံလာတာက တကယ့်အောင်မြင်တဲ့ကိစ္စရပ်ဖြစ်ပါတယ်။ ဒါတွေကို ထင်ထင်ရှားရှား တွေ့ရှိခဲ့ရတာဖြစ်ပါတယ်။

အခုရန်ကုန်မြို့တော်မှာ စည်ပင်အခွန်အခတွေဆိုရင် Yangon City Pay နဲ့ ပေးလို့ရသလို အခြားသောဘဏ်တွေရဲ့ Pay တွေနဲ့ ပေးလို့ရအောင် ဆောင်ရွက်ထားတာကိုလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုပဲ မန္တလေးမြို့တော်မှာလည်း စည်ပင်သာယာရဲ့အခွန်အခတွေအကုန်လုံးကို Mandalay Smart Pay နဲ့ ပေးလို့ရသလို အခြား Pay တွေနဲ့ ပေးလို့ရအောင် ဆောင်ရွက်ထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ပြည်သူတွေဟာ အခွန်အခတွေကို ပေးရတာလွယ်လာသလို ပေးချင်လာတာကိုလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။

ကိုဗစ်က ကျွန်တော်တို့အတွက် စိန်ခေါ်မှုတွေဖြစ်သလို ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးမှာလည်း အခွင့်အလမ်းကောင်းတစ်ခုအဖြစ် မြင်တွေ့ရမှာဖြစ်ပါတယ်။ ပညာရေးကဏ္ဍကို ကြည့်မယ်ဆိုရင် တချို့တက္ကသိုလ်တွေနဲ့ နည်းပညာကျောင်းတွေမှာ Digital Payment တွေကို ပေးဖို့၊ လက်ခံဖို့ ဆောင်ရွက်လာကြပါတယ်။ အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍဆိုရင်တော့ အွန်လိုင်းကနေ စာတွေသင်ကြတယ်၊ အွန်လိုင်းကနေပေးချေမှုတွေကို ဆောင်ရွက်ကြတာ ဖြစ်ပါတယ်။

ကျန်းမာရေးဝန်ဆောင်မှုဆိုရင်လည်း အွန်လိုင်းကနေ တိုင်ပင်ဆောင်ရွက်လို့ရပြီး အွန်လိုင်းကနေ ပေးချေလာတာကိုလည်း တွေ့ရှိမှာဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ အခုကိုဗစ်ကာလမှာ ဆိုင်တွေဆိုရင် ဆိုင်ထိုင်စားမဟုတ်ဘဲ Delivery ပို့ကြတာဖြစ်တဲ့အတွက် အရင်က Cash နဲ့ ငွေလက်ခံဆောင်ရွက်တဲ့စနစ်ကို ကျင့်သုံးပေမယ့်၊ အခု e-Commerce အွန်လိုင်းကနေ ငွေလက်ခံဆောင်ရွက်နေတာကိုလည်း ကျယ်ကျယ်ပြန့်ပြန့်တွေ့ရမှာ ဖြစ်ပါတယ်။ ကိုဗစ်ပထမလှိုင်းပြီး အခုဒုတိယလှိုင်း နောက်ပိုင်းမှာဆိုရင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုဟာ တော်တော်ကို အရှိန်အဟုန်မြင့် ဆောင်ရွက်လာတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ ဒစ်ဂျစ်တယ်စနစ်နဲ့ ငွေပေးချေမှုဟာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုမှာ အဓိကအရေးပါတဲ့ကဏ္ဍက ပါဝင်နေတယ်ဆိုတော့ အစိုးရအနေနဲ့ စီးပွားရေးလုပ်ငန်းတွေ၊ ပြည်သူတွေကြားမှာပါ ဒီစနစ်ကို တွင်ကျယ်စွာအသုံးပြုနိုင်ဖို့ ဘယ်လိုပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ပေးဖို့ လိုအပ်ပါသလဲ။

**ဦးရဲရင့်ဝင်း။** ။ ဒစ်ဂျစ်တယ် Payment ဖွံ့ဖြိုးတိုးတက်ဖို့ လူပုဂ္ဂိုလ်အချင်းချင်း၊ အစိုးရလုပ်ငန်းနဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ လူပုဂ္ဂိုလ်ကနေ အစိုးရ၊ အစိုးရကနေ လူကိုပေးတဲ့လုပ်ငန်းတွေမှာ သုံးစွဲမှုကျယ်ပြန့်အောင် ဆောင်ရွက်လာနိုင်မယ်ဆိုရင် Digital Payment စနစ်တွေ ကျယ်ပြန့်လာမှာ ဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာ လူတစ်ယောက်ချင်းစီရဲ့ ဘဏ်အသုံးပြုမှုကို ကြည့်မယ်ဆိုရင် အရွယ်ရောက်ပြီးသားတွေရဲ့ ၂၆ ရာခိုင်နှုန်းလောက်သာ ဘဏ်စာရင်းရှိတယ်ဆိုတာတွေ့ရပြီး အခြားနိုင်ငံတွေနဲ့စာရင် နိမ့်ကျနေတယ်လို့ ပြောလို့ရပါတယ်။

ဒီအချက်က Digital Payment အသုံးပြုမှုကို အကန့်အသတ်အတားအဆီးဖြစ်နေတယ် ထင်ရပေမယ့် တစ်ဖက်က မိုဘိုင်းလ်သုံးစွဲမှုများလာတယ်၊ စမတ်ဖုန်းတွေများများသုံးလာတယ်၊ ဒါကြောင့် Mobile Wallet ကနေ ပိုက်ဆံပေးချေမှုတွေလည်း များပြားလာတာကို တွေ့ရပါတယ်။ ကိုဗစ်ကြောင့် အိမ်မှာနေရင်းနဲ့ ကုန်စည်နဲ့ ဝန်ဆောင်မှုတွေ ဝယ်ယူလို့ရတဲ့အတွက် Digital Payment ကို အသုံးပြုတာတွေ ပြည်သူတွေဘက်က တိုးတက်လာတာကို တွေ့ရပါတယ်။

ကျွန်တော်တို့ရဲ့ တန်ဖိုးရှိတဲ့အရာတွေက အွန်လိုင်းပေါ်ကို ရောက်လာတယ်။ တန်ဖိုးရှိတဲ့အရာတွေ အွန်လိုင်းပေါ်ရောက်လာတော့ တစ်ဖက်က ခိုးယူမယ့်သူတွေကလည်း အွန်လိုင်းဘက်ရောက်လာကြတယ်။ ဒီလို ကျူးလွန်တာတွေ တွေ့တဲ့အတွက်ကြောင့် ပြည်သူတွေအနေနဲ့လည်း ယုံကြည်မှုတွေ ကျဆင်းသွားနိုင်တဲ့ အခြေအနေတွေရှိပါတယ်။

ဒါပေမယ့် လုံခြုံရေးကျိုးပေါက်တယ်ဆိုတာ စနစ်ကနေ ကျိုးပေါက်တာကနည်းပြီး သုံးစွဲတဲ့သူက ပိုက်ဆံအိတ်ဆိုရင် သေသေချာချာထားရမယ်ဆိုတာ သဘောပေါက်ပေမယ့် Mobile Wallet ကို သေချာစောင့်ရှောက်ရမယ်ဆိုတာ သဘောမပေါက်တာမျိုးလည်း ရှိခဲ့ရင်၊ တစ်နည်းအားဖြင့် ကိုယ့်ရဲ့အိမ်သော့ကို သူများကို မပေးရဘူးဆိုတာသိရှိပေမယ့် ကိုယ့်ရဲ့ Password ကို သူများကို မပေးရဘူး၊ သူများမသိအောင် ထားရမယ်ဆိုတာကိုမသိခဲ့ရင် လူကတစ်ဆင့်ဖြစ်တဲ့ လုံခြုံရေးကျိုးပေါက်တာတွေ ရှိပါတယ်။ လူမပါဘဲနဲ့ လုံခြုံရေးကျိုးပေါက်ဖို့ဆိုတာ ခက်ခဲတယ်ဆိုတာသိအောင်၊ အင်တာနက်ကို အန္တရာယ်ကင်းကင်း အသုံးပြုနိုင်အောင်၊ အထူးသဖြင့် ကျေးလက်မှာရှိတဲ့ လူတွေကို Digital Payment အကြောင်း၊ အင်တာနက်အသုံးပြုမှု၊ ဆိုက်ဘာလုံခြုံရေးနဲ့ပတ်သက်တဲ့ အသိပညာတွေကို သူတို့ဆီကိုရောက်နိုင်တဲ့ မီဒီယာကနေတစ်ဆင့် ကြိမ်ဖန်များစွာ၊ မကြာခဏ ဖြန့်ဖြူးပြီး Digital Payment အသုံးပြုရတာ ယုံကြည်စိတ်ချရတယ်ဆိုတာကို စိတ်ထဲမှာ စွဲသွားအောင် တည်ဆောက်ပေးဖို့ လိုအပ်မယ်ထင်ပါတယ်။

နောက်တစ်ခုက အခြားတစ်ဖက်က ကြည့်မယ်ဆိုရင်လည်း စွမ်းရည်ပြည့်ဝလုံခြုံစိတ်ချ၊ လွယ်ကူလျင်မြန်ပြီး သက်သက်သာသာနဲ့ ငွေပေးချေမှုလုပ်နိုင်မယ့် Platform တစ်ခု လိုအပ်ပါလိမ့်မယ်။ ဥပမာ ငွေလက်ခံသူနဲ့ ငွေပေးချေသူက မတူညီတဲ့အဖွဲ့အစည်းကို ပေးမယ်ဆိုရင်တောင်မှ လွယ်ကူလျင်မြန်ပြီး စရိတ်သက်သက်သာသာနဲ့ လွှဲပို့ပေးနိုင်တဲ့အခြေအနေမျိုးရှိဖို့ လိုအပ်ပါတယ်။

တစ်နည်းအားဖြင့် စနစ်တစ်ခုနဲ့တစ်ခုဟာ အသစ်တစ်ခုဖြစ်ဖို့ လိုအပ်တယ်လို့ ယူဆပါတယ်။ ဒီလိုစနစ်မျိုးကို အကောင်အထည်ဖော်ဖို့လိုပါတယ်။ အဲဒီတော့ ငွေပေးချေမှု ခက်ခဲနေတဲ့ အချို့အချက်တွေက လူတစ်ဦးချင်းနဲ့ လုပ်ငန်းငယ်တွေအတွက် Digital Payment ကို အသုံးပြုဖို့ အဟန့်အတားတစ်ခုဖြစ်တယ်လို့ ကျွန်တော် ယူဆပါတယ်။ ဒီအတွက် မြန်မာနိုင်ငံတော်ဘဏ်အနေနဲ့ အမျိုးသားငွေပေးချေမှု မဟာဗျူဟာ ၂၀၂၀ - ၂၀၂၅ ကို ချမှတ်ဆောင်ရွက်နေကြောင်း ကြားသိရပါတယ်။

ဒ့်အပြင် ကျွန်တော့်အနေနဲ့ပြောရရင် ခေတ်မီထွန်းသစ်စနည်းပညာ (ဥပမာ Block Chain) ကို အသုံးပြုပြီး Digital Payment အတွက် အကျိုးရှိနိုင်တဲ့ အသုံးချပုံစံအသစ်များ Use Cases ကို စဉ်းစားရှာဖွေအသုံးပြုနိုင်တဲ့ အခြေအနေမျိုး ဆောင်ရွက်နိုင်ဖို့လည်း လိုအပ်တယ်လို့ ထင်ပါတယ်။ ဒါဆိုရင် ပိုမိုထိရောက်တဲ့ ငွေပေးချေမှုစနစ်တွေ လျင်လျင်မြန်မြန်နဲ့ ပေါ်ထွန်းလာလိမ့်မယ်လို့ ထင်ပါတယ်။

တစ်ဖက်က အစိုးရအနေနဲ့ Digital Payment တွေ တိုးတက်လာစေရေးမူဝါဒတွေ ချမှတ်သလို အစိုးရနဲ့ စီးပွားရေးလုပ်ငန်းအကြား၊ အစိုးရနဲ့ လူတစ်ဦးချင်းစီမှာရှိတဲ့ စီးပွားရေးလုပ်ဆောင်မှုနဲ့ ပေးချေမှုတွေကို အစိုးရအနေနဲ့ ကိုယ်တိုင်ပဲ စံပြသဖွယ် အသုံးပြုတာမျိုးတွေလည်း လိုပါလိမ့်မယ်။ ဒါကလည်း MERRP Plan ထဲမှာ ပါပြီးဖြစ်ပါတယ်။ ထိခိုက်လွယ်တဲ့ အိမ်ထောင်စုတွေကို ငွေပေးတာတွေ၊ အစိုးရဌာနတွေကို ငွေပေးချေမှုတွေကို အွန်လိုင်းက ပေးချေဆောင်ရွက်မယ်ဆိုတာလည်း ပါပြီးသားဖြစ်ပါတယ်။

နောက်တစ်ချက်က စီးပွားရေးလုပ်ငန်းတွေအနေနဲ့ ကိုယ့်ရဲ့လုပ်ငန်း၊ အင်တာနက်ပေါ်မှာ ဆောင်ရွက်တဲ့လုပ်ငန်းတွေရဲ့ ငွေပေးချေမှုတွေ၊ စီးပွားရေးလုပ်ဆောင်ချက်တွေကို ပိုမိုပြီး ချိတ်ဆက် Integrate ဆောင်ရွက်ဖို့လိုပါလိမ့်မယ်။ ဒါဆိုရင် ပိုမိုပြီးလွယ်ကူတဲ့ ငွေပေးချေမှုမျိုး ဖြစ်ပါလိမ့်မယ်။ ဥပမာ အွန်လိုင်းကနေ ပစ္စည်းမှာတဲ့ကိစ္စကို သီးသန့်လုပ်၊ ကုန်ပစ္စည်းရောက်လာမှ ငွေချေ သို့မဟုတ် ငွေကို သီးသန့်လွှဲပို့မယ့်အစား ဝယ်ယူမှုကနေ ပေးချေမှု၊ ဖြန့်ဝေမှုတွေအထိ Integration ဖြစ်လာရင် ပိုမိုပြီးလွယ်ကူလာပြီး အသုံးပြုမှု တိုးတက်လာပါတယ်။

လျှပ်စစ်ဝန်ဆောင်မှုလုပ်ငန်း ငွေပေးချေတဲ့ကဏ္ဍမှာ အွန်လိုင်းကနေ ပေးချေမှုတွေ လုပ်လာကြတယ်။ တစ်ဆင့်တက်ပြီး ငွေပေးချေမှုစနစ်နဲ့ သူတို့ရဲ့ ငွေတောင်းခံမှုစနစ်ဟာ ချိတ်ဆက်လိုက်ပြီဆိုရင် အွန်လိုင်းကနေ လူတောင်ပါစရာမလိုဘဲ တောင်းခံတဲ့အချိန်မှာ အလိုလိုပေးပြီးသားဖြစ်သွားမယ်ဆိုရင် ပိုမိုပြီးထိရောက်တဲ့၊ တိုးတက်လာတဲ့ ဒစ်ဂျစ်တယ် ငွေပေးချေမှုစနစ်ဖြစ်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

ဒါကြောင့် အသုံးပြုမှုတိုးတက်ဖို့ဆိုရင် Digital Payment တွေနဲ့ ဆက်နွှယ်သက်ဆိုင်တဲ့ အစိုးရ၊ စီးပွားရေးလုပ်ငန်း၊ လူတစ်ဦးချင်းစီရဲ့ အသုံးပြုမှု၊ ငွေကြေးလက်ခံမှုတွေက ဟန်ချက်ညီညီနဲ့ တိုးတက်လာဖို့ လိုအပ်တယ်လို့ ပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အစီအစဉ်မှူး။** ။ မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ် ရှေ့ဆက်ပြီး ပိုမိုတိုးတက်ကောင်းမွန်သွားနိုင်တဲ့ အခြေအနေတွေနဲ့ ရှေ့ဆက်လက် ဆောင်ရွက်သင့်တဲ့ လုပ်ငန်းစဉ်နဲ့ စီမံချက်တွေရှိရင်လည်း ဦးဇော်လင်းထွဋ်က ဆွေးနွေးပေးပါဦး။

**ဦးဇော်လင်းထွဋ်။** ။ ကျယ်ကျယ်ပြန့်ပြန့်သုံးဖို့၊ ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင်တော့ အစိုးရလုပ်ငန်းတွေကလည်း သူတို့ကောက်ခံရမယ့် အခွန်အခပေးချေမှုအကုန်လုံးကို ဒစ်ဂျစ်တယ်နည်းနဲ့ လက်ခံဆောင်ရွက်တာကို လုပ်လာသလိုမျိုး ပြည်သူကလည်း ပိုမိုသုံးစွဲလာဖို့ လိုအပ်တယ်။ ပိုမိုသုံးစွဲဖို့ဆိုရင် အသုံးပြုရလွယ်ကူမှုရှိဖို့လိုအပ်တယ်။ ဈေးနှုန်းသက်သာဖို့လည်း အဓိကလိုအပ်တာဖြစ်တယ်။

အသုံးပြုရလွယ်ကူဖို့ဆိုရင်လည်း ပေးချေမှုတစ်ခုနဲ့တစ်ခုအကြားမှာ ခက်ခဲမှုမရှိရဘူး။ လွယ်ကူရမယ်၊ ရှင်းလင်းရမှာဖြစ်ပါတယ်။ အရင်က ATM အလိုအလျောက်ငွေထုတ်စက်တွေမှာဆိုရင် ပြည်သူလူထုတွေက ATM ကတ်ကိုင်ပြီး ငွေသားတွေကို သွားထုတ်မယ်။ ငွေသားနဲ့ ပေးချေရမယ်ဆိုတာပဲ သိတယ်။ ဒါပေမယ့် ဒီဘက်နောက်ပိုင်းမှာတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဦးဆောင်မှုနဲ့ မတူညီတဲ့ဘဏ်အချင်းချင်းမှာ ဘဏ်အကောင့်စာရင်းရှိသူတွေဟာ ATM စက်တွေကိုသုံးပြီး စာရင်းလွှဲပြောင်းပေးလို့ ရလာတယ်။

ATM တွေမှာ ငွေသားထုတ်ယူရုံသာမက စာရင်းလွှဲပြောင်းတဲ့ကိစ္စတွေကို ဆောင်ရွက်လာနိုင်တာ ဖြစ်တယ်။ ဒါက ပမာဏမများတဲ့ငွေတွေကို လွှဲပြောင်းဖို့ ဆောင်ရွက်ပေးထားတာဖြစ်တယ်။ ဒ့်အပြင် ဘဏ်တွေရဲ့ Internet Banking၊ Mobile Banking တွေကို အသုံးပြုပြီး ပမာဏများတဲ့ငွေတွေ၊ Faster Payment လို့ခေါ်တဲ့ လွယ်ကူမြန်ဆန်တဲ့ ငွေလွှဲတဲ့စနစ်တွေကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေရေးကြေးရေးကွန်ရက်စနစ်ထဲမှာ အလိုအလျောက်စာရင်းလွှဲပြောင်းသည့်စနစ်နဲ့ ၂၄ နာရီ/ ၇ ရက် ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။

ဒီတော့ ဘဏ်စာရင်းရှိသူတွေဟာ ဘဏ်တွေရဲ့ Mobile Banking တွေ၊ Internet Banking တွေသုံးပြီး မတူညီတဲ့ဘဏ်အချင်းချင်း စာရင်းလွှဲပြောင်းမှုတွေကိုလည်း ဆောင်ရွက်နိုင်အောင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က စီစဉ်ထားတာဖြစ်ပါတယ်။ အလားတူပဲ RTRP လို့ အတိုကောက်ခေါ်တဲ့ Real-time Retail Payment အချိန်နဲ့တစ်ပြေးညီ လက်လီငွေပေးချေမှုစနစ်တွေကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ မကြာမီကာလမှာ RTRP စနစ်လည်း ပေါ်ပေါက်လာမယ်လို့ သိရပါတယ်။

ဒီလိုပဲ နိုင်ငံတကာမှာကျင့်သုံးနေတဲ့ QR Code တွေနဲ့ ပေးချေမှုတွေ၊ Mobile Pay တွေ ၊ Mobile Wallet တွေရှိရုံနဲ့ QR Code ကို Scan ဖတ်ပြီးပေးချေလို့ရအောင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကို လောလောဆယ် MMQR လို့ သုံးနှုန်းထားပါတယ်။ ဒီ MMQR လာပြီဆိုရင် မတူညီတဲ့ Pay တွေအချင်းချင်း ပေးချေလွှဲပြောင်းဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ သုံးစွဲမှုတွေအတွက် စာရင်းရှင်းလင်းဆောင်ရွက်မှုကိုသီးခြားအဖွဲ့အစည်းက ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ဒါကို နည်းပညာအခေါ်အရ Interoperability လို့ ခေါ်ပါတယ်။

အဲဒီတော့ Customer တစ်ယောက်အနေနဲ့ဆိုရင် မိမိကြိုက်နှစ်သက်တဲ့ Mobile App တစ်ခုကိုပဲ မိမိဖုန်းမှာ Download လုပ်ထားစရာလိုတော့တယ်။ အရင်လို App တွေ အများကြီး Download လုပ်ပြီးရှုပ်ထွေးနေတဲ့ စနစ်ကိုမဖြစ်တော့ပါဘူး။ မတူညီတဲ့ App အချင်းချင်းကို လွှဲလို့ရမယ်၊ ပေးချေမှုတွေကိုလည်း ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကတော့ MMQR ဆိုတဲ့ စနစ် ပေါ်လာတဲ့အချိန်မှာ ဖြစ်ပါတယ်။

နောက်ပြီး ဆိုင်ပိုင်ရှင်တွေအနေနဲ့လည်း မတူညီတဲ့ Pay တွေကို လက်ခံဆောင်ရွက်ဖို့ Pay အသီးသီးမှာ စာရင်းတွေဖွင့်ပြီး ဆိုင်မှာ Pay အသီးသီးရဲ့ QR စတစ်ကာတွေ အများကြီး ကပ်ထားစရာမလိုတော့ပါဘူး။ MMQR ဆိုတဲ့ Single QR တစ်ခုကပ်ထားပြီး ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်နိုင်တဲ့အတွက် ဘာကောင်းသွားသလဲဆိုတော့ ဆိုင်တွေအနေနဲ့ ငွေသားစီမံခန့်ခွဲမှုတွေကို ပိုမိုပြီးလုပ်ဆောင်လာနိုင်မှာ ဖြစ်ပါတယ်။

အဲဒီတော့ ပိုမိုသုံးစွဲလာအောင်ဆိုရင် ရိုးရှင်းလွယ်ကူတဲ့စနစ်ကို ဖန်တီးပေးရမယ်။ ဒ့်အပြင် ပြည်သူတွေ ပိုမိုသုံးစွဲစေချင်တယ်ဆိုရင် မက်လုံးတွေကို အစိုးရအနေနဲ့ဆောင်ရွက်ပေးသင့်ပါတယ်။ ငွေသားနဲ့ပေးချေတယ်ဆိုရင် အခုကောက်နေတဲ့ ကုန်သွယ်ခွန် Commercial Tax ၅ ရာခိုင်နှုန်း အပြည့်အဝကောက်မယ်။ အကယ်၍ ဒစ်ဂျစ်တယ်နည်းနဲ့ ပေးချေတယ်၊ ဒစ်ဂျစ်တယ်နည်းနဲ့ လက်ခံတယ်ဆိုရင် ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်းကို လျှော့ပေါ့ပေးမယ်။

"၀" ရာခိုင်နှုန်းအထိ လျှော့ပေးစရာမလိုပါဘူး။ အတိုင်းအတာတစ်ခုအထိ လျှော့ပေါ့ပေးမယ်ဆိုရင် သုံးစွဲသူတွေဟာ ဒီလိုမက်လုံးတွေရှိတဲ့အတွက် ပိုမိုသုံးစွဲလာမှာ ဖြစ်ပါတယ်။ အဲဒီလို ငွေသားအစား ဒစ်ဂျစ်တယ်သာ အကုန်လုံးပြောင်းလဲလာပြီ၊ သုံးလာပြီဆိုရင် အခုလက်ရှိဝယ်သူနဲ့ ရောင်းသူ ပိုက်ဆံချေပြီးတဲ့အခါ ထွက်လာတဲ့ ပြေစာစာရွက်တွေမှာ ရောင်းသူက အခွန်ပေးဆောင်ပြီးကြောင်း တံဆိပ်ခေါင်းတွေ ကပ်နေရတယ်။ အကယ်၍သာ ဒစ်ဂျစ်တယ်နည်းနဲ့ ပေးဆောင်ကြမယ်ဆိုရင် ဒစ်ဂျစ်တယ်နည်းနဲ့ အခွန်တွေကိုလည်း ကောက်လို့ရလာမယ်။ အဲဒီအတွက် အစိုးရအနေနဲ့ အခွန်ကပ်တဲ့ တံဆိပ်ခေါင်းထုတ်ရမယ့် စရိတ်တွေကိုလည်း လျှော့ချလာနိုင်မှာ ဖြစ်ပါတယ်။

တစ်ဖက်ကပြန်ကြည့်မယ်ဆိုရင်လည်း ဆိုင်တွေအနေနဲ့လည်း အခွန်တံဆိပ်ခေါင်းတွေကို ဆိုင်ရှင်တွေကြိုဝယ်ထားရတယ်။ အဲဒီအတွက် သူတို့ရဲ့ရင်းနှီးမြှုပ်နှံမှုဝန်ထုပ်ဝန်ပိုးတွေကိုလည်း အခြားနေရာမှာ ပိုပြီးရင်းနှီးမြှုပ်နှံရင် သူ့အတွက် လုပ်ငန်းစွမ်းဆောင်ရည်တွေကို ပိုတက်လာနိုင်တယ်။ အလားတူ သုံးစွဲသူတွေကလည်း အခွန်ပေးရမယ်။ ကုန်သွယ်ခွန် ၁၃၀ ပေးရမယ်ဆိုရင် အခွန်တံဆိပ်ခေါင်းတန်ဖိုးက ၅၀၊ ၁၀၀၊ ၁၅၀၊ ၂၀၀ စသဖြင့်သာရှိတဲ့အတွက် ၁၃၀ ပေးရမယ်ဆိုရင် ဆိုင်ရှင်က ၁၅၀ တန်ကပ်လို့ သုံးစွဲသူက ၁၅၀ ပေးလိုက်ရတယ်။ ၂၀ ပိုပေးလိုက်ရတယ်။ ၁၂၀ ပေးရတယ်ဆိုရင်လည်း ဆိုင်က ၁၀၀ ပဲ ကပ်ပေးလိုက်တယ်။ အစိုးရက ၂၀ လျှော့လိုက်တယ်။ အဲဒီတော့ ဒစ်ဂျစ်တယ်နည်းနဲ့ လိုတိုးပိုလျှော့တွေလည်း မရှိတော့ဘူး။ အတိအကျရမယ်။

ဒစ်ဂျစ်တယ်နည်းနဲ့ပေးချေမှုတွေဟာ အစိုးရကဏ္ဍရော၊ လုပ်ငန်းရှင်တွေအတွက်ရော၊ သုံးစွဲသူတွေအတွက်ရော အားလုံးအကျိုးရှိမှာဖြစ်တယ်။ ဒီလိုမက်လုံးတွေပေးပြီးတော့ လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ အဲဒါအပြင် သုံးစွဲသူတွေက ဒစ်ဂျစ်တယ်နည်းတွေကို သုံးစွဲတဲ့အတွက်ကြောင့် သူတို့တွေမှာ လုံခြုံပါ့မလားဆိုတဲ့ စိုးရိမ်စိတ်တွေကိုလည်း အမြဲတမ်းတွေ့နေရတယ်။ ကြားနေရပါတယ်။ အမှန်တကယ်တော့ ဒီနည်းပညာတွေအကုန်လုံးက နိုင်ငံတကာမှာလည်း သုံးနေပြီး ဒီနည်းပညာကို ဝန်ဆောင်မှုပေးနေတဲ့ အဖွဲ့အစည်းတွေကလည်း လုံခြုံရေးနဲ့ပတ်သက်တာတွေကို အထပ်ထပ်ကာရံထားတယ်၊ စိစစ်ထားတာဖြစ်တဲ့အတွက် လုံခြုံစိတ်ချရမှုရှိပါတယ်။

ကျွန်တော့်ရဲ့အတွေ့အကြုံအရပြောရမယ်ဆိုရင် ခုန ဆရာဦးရဲရင့်ဝင်းပြောသလိုပါပဲ များသောအားဖြင့် အသုံးပြုသူ User ကနေ မိမိရဲ့လျှို့ဝှက်နံပါတ်ကို ပြောမိတာတွေ၊ မိမိမသုံးတတ်လို့ သုံးတတ်တဲ့သူကို သင်ခိုင်းရင်းနဲ့ဒီလျှို့ဝှက်နံပါတ်ကို ပြောမိတာတွေ ဒီလိုကိစ္စတွေကြောင့် ကျွန်တော်တို့က မလိုလားအပ်တဲ့ မှားယွင်းမှုတွေ၊ လိမ်လည်မှုတွေ၊ မသမာမှုတွေတွေ့ရတယ်။ အဓိက ပြောချင်တာက သုံးစွဲသူ User တွေဟာ မိမိရဲ့လျှို့ဝှက်နံပါတ်ကို အခြားသူတစ်ယောက်ကို ပြောမိပြီ၊ အခြားသူ တစ်ယောက်သိသွားပြီဆိုရင် ဒီလျှို့ဝှက်နံပါတ်ကို ပြောင်းသုံးပါလို့ အကြံပေးချင်ပါတယ်။

အဲဒီလိုပဲ မိမိရဲ့ကတ်သို့မဟုတ်၊ မိုဘိုင်းလ်ဖုန်းသို့မဟုတ်၊ လက်ပ်တော့တွေပျောက်တယ်ဆိုရင် ချက်ချင်းလက်ငင်းဘဏ်ကိုအကြောင်းကြားပါ။ ပြီးရင်သက်ဆိုင်ရာဘဏ်စာရင်းတွေ၊ Mobile Pay Account တွေကို ပိတ်ပါ။ ခြောက်လတစ်ကြိမ် လျှို့ဝှက်ကုတ်နံပါတ်တွေကို ပြောင်းသုံးခြင်းဟာ ကောင်းမွန်တဲ့ အလေ့အထတစ်ခုဖြစ်စေပါတယ်။ ဒါလေးတွေကို လုပ်မယ်ဆိုရင် လုံခြုံစိတ်ချရမှု အပြည့်အဝ ရှိမှာဖြစ်ပါတယ်။

ဒစ်ဂျစ်တယ်ပေးချေမှုဟာ၊ ငွေစက္ကူအစားထိုးလာတဲ့ ဒစ်ဂျစ်တယ်ငွေသားဟာ ရိုးရှင်းတယ်၊ လုံခြုံစိတ်ချရတယ်။ လွယ်ကူတယ်။ ဘဏ်တွေ၊ သက်ဆိုင်ရာအဖွဲ့အစည်းတွေကို သွားပြီးတန်းစီစရာမလိုဘူး။ အချိန်ကုန်သက်သာပါတယ်။ နောက်ပြီးတော့ ငွေစက္ကူကြောင့်ဖြစ်ပေါ်လာတဲ့ ရောဂါတွေ၊ အထူးသဖြင့် အခုလိုကိုဗစ်ကာလမှာ ကိုဗစ်ကပ်ရောဂါကို လူတွေကြောက်ကြတယ်။ တစ်ဦးနဲ့တစ်ဦး ထိတွေ့မှုလျှော့ချနိုင်အောင် ဒစ်ဂျစ်တယ်ငွေပေးချေမှုတွေကို ပိုမိုသုံးစွဲဖို့ လိုအပ်ပါတယ်။

ဒီလို လုံခြုံရေးတွေကောင်းမွန်ပြီး စနစ်တကျလုပ်ထားတဲ့ ဒစ်ဂျစ်တယ်ငွေပေးချေမှုတွေကို သုံးခြင်းအားဖြင့် ကျွန်တော်တို့ပြည်သူတွေအတွက် စိတ်ချလုံခြုံတဲ့ ဒစ်ဂျစ်တယ်ငွေသားကို သုံးစွဲတဲ့အတွက် ဆုံးရှုံးမှုတွေကိုလည်း ကာကွယ်ပေးပြီးသားဖြစ်ပါတယ်။ ဥပမာ - ပိုက်ဆံအိတ်ပျောက်သွားရင် ပြန်မရနိုင်ပေမယ့် ဒစ်ဂျစ်တယ်ကတ် သို့မဟုတ် မိုဘိုင်းလ်ဖုန်း သို့မဟုတ် Wallet ထားတဲ့ဖုန်းတစ်ခုခုပျောက်သွားခဲ့သည်ရှိသော် ဘဏ်ကိုချက်ချင်းအကြောင်းကြားရင် မိမိငွေတွေကို အကုန်လုံးပြန်ရနိုင်ပါတယ်။

ဒါကြောင့် New Normal Life မှာ ဖြစ်ပေါ်လာနိုင်တဲ့ ဒစ်ဂျစ်တယ်စီးပွားရေးအခွင့်အလမ်းတွေနဲ့ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးကာလတွေမှာ ပြည်သူတွေဟာ ယုံယုံကြည်ကြည်၊ ရဲရဲဝံ့ဝံ့နဲ့ ဒစ်ဂျစ်တယ်ငွေကြေးတွေကို သုံးစွဲကြပါ၊ လေ့လာသင်ယူပေးကြပါလို့ ကျွန်တော်ကတော့ အထူးတိုက်တွန်းလိုပါတယ် ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကိုဗစ်-၁၉ ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်စေရေးနှင့် လူနာသေဆုံးမှုများ ကျဆင်းစေရေးဆွေးနွေးပွဲသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂**

ကိုဗစ်-၁၉ ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်စေရေးနှင့် လူနာသေဆုံးမှုများ ကျဆင်းစေရေး ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၉-၁၁-၂၀၂၀) ရက်နေ့ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် လူဦးရေတစ်သန်းလျှင် ကိုဗစ်-၁၉ ဖြစ်ပွားမှုသည် ၁၆၄၅ ဦးရှိပြီး ကမ္ဘာ့နိုင်ငံ/ နယ်မြေ စုစုပေါင်း ၂၃၀ အနက် ၁၄၃ နိုင်ငံမြောက်ဖြစ်ပါကြောင်း၊ ထို့ပြင် လူဦးရေ တစ်သန်းလျှင် ကိုဗစ်-၁၉ လူနာသေဆုံးမှုမှာ ၃၅ ဦးရှိသည့်အတွက် ကမ္ဘာ့နိုင်ငံ/ နယ်မြေ စုစုပေါင်း ၂၃၀ အနက် ၁၃၂ နိုင်ငံမြောက်ဖြစ်ပါကြောင်း၊ လူဦးရေ အချိုးအစားနှင့် မတွက်ချက်ဘဲ ကိန်းဂဏန်းအနည်းအများနှင့် ဆန်းစစ်ပါက ကိုဗစ်-၁၉ လူနာသေဆုံးမှုမှာ ၁၉၁၈ ဦးရှိပြီး ကမ္ဘာ့နိုင်ငံ/ နယ်မြေ စုစုပေါင်း ၂၃၀အနက် ၅၇ နိုင်ငံမြောက်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ လူနာများအား ပိုမိုထိရောက်စွာ ကုသမှုပေးနိုင်ရေး၊ ကိုဗစ်-၁၉ လူနာများ သေဆုံးမှုကျဆင်းစေရေး၊ ကုသမှုဆိုင်ရာ အတွေ့အကြုံများဝေမျှနိုင်ရေးနှင့် ကိုဗစ်-၁၉ ကုသရေးလုပ်ငန်းများအတွက် ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆေးပညာ၊ အရေးပေါ်ကုသမှုဆေးပညာ၊ မေ့ဆေးပညာနှင့် အပူပိုင်းနှင့်ကူးစက်ရောဂါပညာတို့မှ ပါမောက္ခ/ ဌာနမှူးများနှင့် ဆေးရုံအုပ်ကြီးများ တက်ရောက်သည့် ယနေ့ ဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ ပါမောက္ခ/ ဌာနမှူးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များနှင့် ဆရာဝန်များ၊ သူနာပြုဆရာမကြီးများနှင့် သူနာပြုများသည် ပညာရပ်ပိုင်းဆိုင်ရာ အရည်အသွေးပြည့်ဝစွာ လူနာများ၏ အသက်ကယ်ဆယ်နိုင်ရေးနှင့် လူနာများ ဝေဒနာလျော့ပါးစေရေးအတွက် စိတ်စေတနာပြည့်ဝစွာဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို မိမိတို့တာဝန်ရှိသူများနှင့် ပြည်သူများအားလုံးက သိရှိပါကြောင်း။

**ချက်ချင်းဖြည့်ဆည်းပေးမည်**

အလားတူ ခါတ်ခွဲ၊ ဓါတ်မှန်ပညာရှင်များ၊ ကုသမှုအထောက်အကူပြုပညာရှင်များသည်လည်း မှန်ကန်တိကျသော ခါတ်ခွဲ၊ ဓါတ်မှန်အဖြေများပေးအပ်ခြင်းနှင့် ကုသမှုလုပ်ငန်းများအတွက် လိုအပ်သည့် ပံ့ပိုးမှုပေးအပ်ခြင်းတို့ဖြင့် အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်နေကြသည်ကိုလည်း သိရှိ၊ သိမြင်ရပါကြောင်း၊ ပရဟိတစေတနာ့ဝန်ထမ်းများနှင့် အလှူရှင်များကလည်း ဘက်ပေါင်းစုံမှ ပံ့ပိုးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ လူနာများအား ပိုမိုအရည်အသွေးပြည့်ဝစွာ ကုသမှုပေးနိုင်ရေး ဆောင်ရွက်ရာတွင် ကုသရေးကဏ္ဍနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် ပြည်သူ့ကျန်းမာရေးကဏ္ဍတို့ လက်တွဲညီ ပူးပေါင်းဆောင်ရွက်ရန်မှာ အထူးအရေးကြီးပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်နိုင်သောအပိုင်းနှင့် ဝန်ကြီးဌာနမှ လုပ်ဆောင်နိုင်သော အတိုင်းအတာကို ကျော်လွန်သော အပိုင်းဟူ၍ ရှိပါကြောင်း၊ ကိုဗစ်-၁၉ နှင့် ပတ်သက်၍ ပြည်သူ့ကျန်းမာရေးနှင့် ကပ်ရောဂါဗေဒပညာရပ် ရှုထောင့်မှ ကြည့်ပါက ရောဂါဖြစ်ပွားစေသော ဗိုင်းရပ်စ်ပိုးကို မိမိတို့အနေဖြင့် ပြုပြင်၍မရပါကြောင်း၊ ရောဂါကူးစက်ခံရနိုင်ခြေရှိသည့် ပြည်သူများတွင် ရောဂါကူးစက်မှုကာကွယ်ရေးနှင့် သံသယရောဂါလက္ခဏာရှိပါက စောစီးစွာစစ်ဆေးကုသမှု ခံယူရေးအတွက် ကျန်းမာရေးအသိပညာများ မြင့်မားရန်ကိုလည်း နည်းမျိုးစုံဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပြီး ယခုလက်ရှိတွင်လည်း တစ်ပြည်လုံးအတိုင်းအတာဖြင့် ပါးစပ်နှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်အား ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကုသရေးစင်တာများ/ဆေးရုံများနှင့် ကုသရေး ပတ်ဝန်းကျင်အတွက် လိုအပ်သည့် ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ အောက်ဆီဂျင်ပိုက်လိုင်းများ၊ အထူးကြပ်မတ်ကုသဆောင်များနှင့် အထူးကြပ်မတ်ကုသဆောင်သုံး ပစ္စည်းကိရိယာများကိုလည်း ဝန်ကြီးဌာနမှ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိရာ အတိုင်းအတာတစ်ခုအထိ လုံလောက်မှုရှိလာပြီ ဖြစ်ပါကြောင်း၊ ထပ်မံလိုအပ်မှုများရှိပါကလည်း အတတ်နိုင်ဆုံး ချက်ချင်းဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း။

လူနာများအနေဖြင့် ကိုဗစ်-၁၉ ၏ သံသယလက္ခဏာများ၊ ရောဂါပြင်းထန်မှု အန္တရာယ်လက္ခဏာများနှင့် ပတ်သက်၍ ကျန်းမာရေးအသိနည်းပါးခြင်း၊ မိမိတွင် ရောဂါဖြစ်ပွားနေမှုနှင့် အန္တရာယ်ရှိမှုကို သတိမမူမိခြင်း၊ ဆေးရုံသို့ ရောက်ရှိမှုနောက်ကျခြင်းနှင့် လူနာတွင် ရောဂါအခံ



ရှိခြင်းတို့ကြောင့် အသက်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားပါကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှု ဒုတိယလှိုင်းစတင်ခဲ့စဉ် ကနဦးကာလ၌ ကိုဗစ်-၁၉ သံသယလက္ခဏာရှိသူများသည် ဆေးရုံသို့ လာရောက်ကုသမှုခံယူမှု နောက်ကျကာ အသက်သေဆုံးပြီးမှရောက်ရှိခြင်းနှင့် ဆေးရုံသို့ရောက်ရှိပြီး မကြာခင် အချိန်ပိုင်းအတွင်းပင် အသက်သေဆုံးခြင်းများ ရှိခဲ့ပါကြောင်း၊ ဆေးရုံများနှင့် ကိုဗစ်-၁၉ ကုသရေးဌာနများသို့ လူနာများ ရောဂါလက္ခဏာများ စတင်ဖြစ်ပွားပြီးနောက် မည်သည့်ရက်တွင် ဆေးရုံသို့ရောက်ရှိသည်၊ ရောက်ရှိချိန်တွင် လူနာ၏ ရောဂါအခြေအနေ၊ ရောဂါပြင်းထန်မှုအခြေအနေအလိုက် ဆေးရုံတက်ရောက်ရသည့်ရက်နှင့် ဆေးရုံသို့ ရောက်ရှိပြီး သေဆုံးချိန် ရက်ကာလ စသည့် အချက်အလက်များအား သုတေသနပုံစံ ဆန်းစစ်သုံးသပ်မှုများ ပြုလုပ်စေလိုပါကြောင်း။

လက်ရှိတွင် ပြည်သူများထံ ဖြန့်ဝေနေသည့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့်လူနာနှင့် ပတ်သက်သည့် ကျန်းမာရေး အသိပညာအချက်အလက်များကိုလည်း ပိုမိုကောင်းမွန်ထိရောက်စေရေးအတွက် ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ၏ သဘောသဘာဝသည် အချိန်တိုအတွင်း ရုတ်ခြည်းဆိုသလို ရောဂါပြင်းထန်နိုင်သည်ဖြစ်သဖြင့် လူနာ၏အခြေအနေကို စနစ်တကျစောင့်ကြပ်ကြည့်ရှုရန်မှာ အရေးကြီးပါကြောင်း၊ အထူးသဖြင့် သွေးတွင်း အောက်ဆီဂျင်ပျော်ဝင်မှုတိုင်းတာခြင်းသည် အရေးကြီးသဖြင့် ဆေးရုံတက်စဉ်ကာလတစ်လျှောက်လုံး သွေးတွင်း အောက်ဆီဂျင်ပျော်ဝင်မှုတိုင်းကိရိယာကို အသုံးပြုတိုင်းတာပြီး စောင့်ကြပ်ကြည့်ရှုခြင်းကို မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း။

**သီးခြားဆွေးနွေးမှုများပြုလုပ်**

မသန်စွမ်း ကိုဗစ်-၁၉ လူနာများနှင့် အခြားသော အကူအညီလိုအပ်သည့် လူနာများအတွက် လူနာစောင့်ထားရှိခွင့်ကို သက်ဆိုင်ရာဆေးရုံမှ တာဝန်ခံဆရာဝန်၏ ထောက်ခံချက်ဖြင့် ခွင့်ပြုပေးထားပြီဖြစ်သဖြင့် လူနာ၏ စိတ်ချမ်းသာမှုနှင့် ရောဂါစောစီးစွာ ပျောက်ကင်းမှုအတွက် များစွာ အထောက်အကူပြုပါကြောင်း၊ ကိုဗစ်-၁၉ ကုသရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်များကိုလည်း ကမ္ဘာ၌ နောက်ဆုံးတွေ့ရှိချက်များနှင့်အညီ မွမ်းမံခြင်းများ ပြုလုပ်ကာ တစ်ပြည်လုံးရှိ ဆေးရုံများသို့ အင်တာနက်အီးမေးလ်မှတစ်ဆင့် ဖြန့်ဝေပေးလျက်ရှိသည်ကို သိရှိရပါကြောင်း၊ ဆေးရုံနှင့် ကိုဗစ်-၁၉ ကုသရေးဌာနအလိုက် ပြုစုထားသော လုပ်ငန်းလမ်းညွှန်များကိုလည်း အခြားသော ဆေးရုံများနှင့် ကုသရေးဌာနများသို့ အီးမေးလ်ဖြင့် ဖြန့်ဝေပေးခြင်းဖြင့် ထိရောက်သောကုသမှုများကိုပေးနိုင်ပြီး လူနာသေဆုံးမှု လျော့နည်းမည်ဖြစ်ပါကြောင်း၊ ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပါမောက္ခကြီးများ၊ အထူးကုဆရာဝန်ကြီးများသည် အနယ်နယ်အရပ်ရပ်မှ ဆရာဝန်များနှင့် Video Conferencing ပြုလုပ်ကာ အတွေ့အကြုံမျှဝေဆွေးနွေးမှုများ ပြုလုပ်နေခြင်းသည် ကောင်းမွန်ပြီး ဆက်လက်၍ အပတ်စဉ် ပုံမှန်ပြုလုပ်ပေးစေလိုပါကြောင်း၊ ကိုဗစ်-၁၉ ကုသရေးလုပ်ငန်းများ ဆန်းစစ်မှုနှင့် ကုသရေးလုပ်ငန်းများ ပိုမိုကောင်းမွန်စေရေးကိစ္စရပ်များအတွက် ပါမောက္ခကြီးများနှင့် အထူးကုဆရာဝန်ကြီးများ သီးခြားဆွေးနွေးမှုများကိုလည်း ပြုလုပ်ပြီးထွက်ပေါ်လာသည့် ဆုံးဖြတ်ချက်များကို တစ်ပြည်လုံးရှိ ဆေးရုံများသို့ ဖြန့်ဝေပေးခြင်းဖြင့် လူနာသေဆုံးမှုနှုန်း ယခုထက် ပိုမိုကျဆင်းလာမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များကို အတတ်နိုင်ဆုံး ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနအတိုင်းအတာဖြင့် လုပ်ဆောင်နိုင်ခြင်းမရှိသည့် ကိစ္စရပ်များကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ တင်ပြကာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆေးပညာပါမောက္ခ/ ဌာနမှူး (ငြိမ်း) ပါမောက္ခ ဒေါက်တာဇော်လင်းအောင်က လိုအပ်သည့် ကိုဗစ်-၁၉ လူနာများအတွက် လူနာစောင့်ထားခွင့်ပြုခြင်းတွင် အချို့သူများသည် စည်းကမ်းလိုက်နာမှုအားနည်းသော်လည်း အများစုမှာ စည်းကမ်းလိုက်နာဆောင်ရွက်ကြပြီး ကောင်းကျိုးများ သိသာစွာရှိပါကြောင်း၊ လက်ရှိ၌ ဆေးရုံများနှင့် ကိုဗစ်-၁၉ ကုသရေးဌာနများတွင် ရောဂါလက္ခဏာမရှိသူနှင့် သာမန်ရောဂါလက္ခဏာသာရှိသူများ၊ ရောဂါလက္ခဏာ အလယ်အလတ်ပြင်းထန်သူများနှင့် ရောဂါပြင်းထန်သူများအားလုံး တက်ရောက်ကုသမှု ခံယူနေခြင်းကြောင့် ကျန်းမာရေးဝန်ထမ်းများ အလုပ်ဝန်ပိနေမှုတို့ကို တင်ပြခဲ့ပြီး၊ ရောဂါလက္ခဏာမရှိသူနှင့် သာမန်ရောဂါလက္ခဏာသာရှိသူ ကိုဗစ်-၁၉ လူနာများက အခြားသော ကိုဗစ်-၁၉ လူနာများအား အချင်းချင်း ပြုစုစောင့်ရှောက်ခြင်းအား စေတနာ့ဝန်ထမ်း (volunteer inside the ward)ပုံစံဖြင့် ဆောင်ရွက်ရန်၊ ကိုဗစ်-၁၉ လူနာများအား ရောဂါအခံ ရှိ/ မရှိ၊ ခုခံအား ကျဆင်းမှု ရှိ/ မရှိ၊ အသက်အရွယ်၊ လက်ရှိရောဂါအခြေအနေစသည့် အချက်များကို အခြေခံကာ လူနာ၏ အန္တရာယ်ရှိနိုင်ခြေအဆင့်ခွဲခြားခြင်း ပြုလုပ်ကာ သင့်လျော်သောဆေးရုံ/ ကုသရေးဌာနတွင် ကုသမှုခံယူရန် (သို့မဟုတ်) သင့်လျော်သောနေရာတွင် သီးခြားထားရှိကာ ရောဂါအခြေအနေ စောင့်ကြည့်အကဲဖြတ်ကာ လိုအပ်သည့် ကုသမှုနှင့် လွှဲပြောင်းကုသမှုပြုလုပ်ရန်၊ ရောဂါ လက္ခဏာမရှိသူ၊ သာမန်ရောဂါလက္ခဏာသာရှိသူနှင့် အန္တရာယ်ရှိနိုင်ခြေနည်းပါးသူများအား သတင်းနှင့်ဆက်သွယ်ရေးနည်းပညာများအသုံးပြုကာ ဆွေးနွေးကုသမှုနှင့် ဆေးဝါးပေးပို့မှုတို့ဖြင့် ဆောင်ရွက်သွားရန်စသည်တို့အား အကြံပြုတင်ပြသည်။

ယင်းနောက် ဆေးတက္ကသိုလ် (၁) မေ့ဆေးပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာမူမူနိုင်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုဗစ်-၁၉ ဆိုင်ရာ အထူးကြပ်မတ်ကုသဆောင်များတွင် လူနာများ တက်ရောက်ကုသခဲ့မှု၊ ရောဂါအခံရှိသူများ အရေအတွက်၊ ပြန်လည်သက်သာမှုအခြေအနေနှင့် သေဆုံးမှု အခြေအနေများနှင့် ကိုဗစ်-၁၉ လူနာများအတွက် အောက်ဆီဂျင်ပေးနည်းအမျိုးမျိုး၏ ရလဒ်တို့ကို တင်ပြခဲ့ပြီး အထူးကြပ်မတ်ကုသမှုလုပ်ငန်းများကို ပိုမိုစောစီးစွာ ဆောင်ရွက်နိုင်ရေး အကြံပြုချက်များ ပေးအပ်သည်။

**အကြံပြု**

ထို့နောက် ဆေးတက္ကသိုလ် (၁)၊ အပူပိုင်းနှင့်ကူးစက်ရောဂါပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာမိုးမိုးစမ်းက ကိုဗစ်-၁၉ လူနာများ ဆေးရုံသို့ ရောက်ရှိချိန်တွင်လည်းကောင်း၊ ဆေးရုံဆင်းချိန်တွင်လည်းကောင်း တစ်စုံတစ်ခု အားစိုက်ဆောင်ရွက်ပြီးချိန်၌ သွေးတွင်း အောက်ဆီဂျင်ပျော်ဝင်မှုတိုင်းတာခြင်း (SPO$_2$ on exertion) ကို ဆောင်ရွက်ရန် အကြံပြုသည်။

ဆက်လက်၍ ဆေးတက္ကသိုလ် (၁)၊ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးက မိမိတို့နိုင်ငံတွင် ဆေးရုံသို့ မရောက်ရှိမီ ပြုစုကုသမှု စနစ်ကောင်းတစ်ရပ် လိုအပ်နေမှုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများတွင် အောက်ဆီဂျင်လုံလောက်မှုရှိစေရေး ကြိုတင်ပြင်ဆင်ထားရန် အကြံပြုမှုတို့ကို တင်ပြသည်။

ထို့နောက် ဆေးတက္ကသိုလ် (၁) အရေးပေါ်ကုသမှုဆေးပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာမော်မော်ဦးက လက်ရှိတွင် ဆေးရုံများနှင့် ကိုဗစ်-၁၉ ကုသရေးဌာနများတွင် ကိုဗစ်-၁၉ လူနာများအား ကိုင်တွယ်ကုသမှုပေးနေသည့် ဆရာဝန်များ၊ သူနာပြုများနှင့် ကုသမှု အထောက်အကူပြုပညာရှင်များသည် လပေါင်းများစွာ နားရက်မရှိသလောက် လုပ်ဆောင်နေကြပြီး အလုပ်ဝန်များပိနေပါကြောင်း၊ ပြင်ပတွင် လူစုလူဝေးများ ပြုလုပ်နေခြင်း၊ ရောဂါကာကွယ်ရေးစည်းကမ်းများကို လိုက်နာမှုမရှိခြင်းတို့ကို တွေ့မြင်သိရှိနေရပါကြောင်း၊ ကိုဗစ်-၁၉ လူနာများအား ကိုင်တွယ်ကုသမှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ခါတ်ခွန်အားပိုင်းဆိုင်ရာ အခြေအနေများကို သိရှိနိုင်ရေးအတွက် စစ်တမ်းတစ်ခု ပြုလုပ်သင့်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကွင်းဆက်ဖြတ်တောက်နိုင်ရန်အတွက် သက်ဆိုင်ရာ နီးနွယ်ဌာနများ၏ ပူးပေါင်းပါဝင်မှုများ ယခုထက်ပိုမိုလုပ်ဆောင်ရန် လိုအပ်နေသည်ဟု ကျန်းမာရေးဝန်ထမ်းများတွင် အမြင်သဘောထားများရှိနေပါကြောင်း ပြောကြားသည်။

**သွေးရည်ကြည် ကုသမှုပေးခြင်းသည် အကျိုးရှိ**

ဆက်လက်၍ သွေးရောဂါ ပါမောက္ခ ဒေါက်တာရဲမြက ပြန်လည်သက်သာကောင်းမွန်သွားသော ကိုဗစ်-၁၉ လူနာဟောင်း၏ သွေးရည်ကြည်ကိုရယူကာ ကိုဗစ်-၁၉ လူနာများအား ကုသမှုပေးခြင်းသည် အကျိုးရှိကြောင်းအား ရောဂါဖြစ်ပွားမှု အလွန်များပြားနေသော အမေရိကန်၊ အိန္ဒိယနိုင်ငံ အပါအဝင်နိုင်ငံများတွင် လက်တွေ့ကုသမှုနှင့် စစ်တမ်းသုတေသနများပြုလုပ် တွေ့ရှိထားပြီးဖြစ်မှု၊ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ လူနာများအား သွေးရည်ကြည်ကုထုံးဖြင့် ကုသပေးမှု အတွေ့အကြုံများ၊ သွေးရည်ကြည်ကုထုံးဆောင်ရွက်ရာတွင် လိုက်နာရမည့် အချက်များကို ပြောကြားသည်။

ထို့နောက် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှက ဆေးရုံနှင့် ကိုဗစ်-၁၉ ကုသရေးဌာနများအလိုက် လူနာများအား ကုသပေးနေမှုအခြေအနေများနှင့် ဖြည့်ဆည်းဆောင်ရွက်ထားမှု အခြေအနေများအား တင်ပြသည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများက ကိုဗစ်-၁၉ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများ၊ ကုသရေးလုပ်ငန်းများအတွက် ထပ်မံလိုအပ်သည်များနှင့် အထွေထွေဆွေးနွေး အကြံပြုချက်များ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ရမည်များအား ဖြည့်ဆည်းစီစဉ်ဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာန၏ ဆေးရုံများနှင့် ကိုဗစ်-၁၉ ကုသရေးဌာနများတွင် နေ့မအား၊ ညမနား ဆောင်ရွက်နေကြသည့် ဆရာဝန်၊ သူနာပြုနှင့် ကုသမှုအထောက်အကူပြုပညာရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပံ့ပိုးဆောင်ရွက်နေသူများအားလုံးကို ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ လူနာ၏ အန္တရာယ်ရှိနိုင်ခြေ အဆင့်ခွဲခြားခြင်း ပြုလုပ်ထားရှိပြီး ကုသရန်မှာ အရေးကြီးပါကြောင်း၊ ၎င်းကိစ္စနှင့်ပတ်သက်၍ ပါမောက္ခကြီးများ၊ အထူးကုဆရာဝန်ကြီးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ သီးခြားဆွေးနွေးမှု ပြုလုပ်ကာ ဆောင်ရွက်မည့် အစီအစဉ်ကို ရေးဆွဲတင်ပြရန် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ လူနာများအား ကုသရာတွင် တွေ့ကြုံရသည့် အချက်များ၊ သတိပြုရမည့်အချက်များအား စုစည်းပြုစု၍ သက်ဆိုင်ရာ ဆရာဝန်များအားလုံးထံသို့ ဖြန့်ဝေပေးစေလိုပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ဆေးရုံကြီးများတွင် အောက်ဆီဂျင် လုံလောက်စွာရရှိရေး ကြိုတင်ပြင်ဆင်မှုများ ဆက်လက်၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ လူနာများအား ကိုင်တွယ်ကုသမှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ခါတ်ခွန်အားပိုင်းဆိုင်ရာ အခြေအနေများနှင့် ပတ်သက်သည့် စစ်တမ်းတစ်ခု ကောက်ယူနိုင်ရန်အတွက် ဆေးသုတေသနဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေး တက္ကသိုလ်တို့က တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆေးရုံများနှင့် ကိုဗစ်-၁၉ ကုသရေးဌာနများတွင် ကျန်းမာရေးဝန်ထမ်းများအား တာဝန်ထမ်းဆောင်မှုအခြေအနေများနှင့်ပတ်သက်၍ ဆန်းစစ်သုံးသပ်မှုများ ပြုလုပ်ကာ ပိုမိုကောင်းမွန်အဆင်ပြေစေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သွေးတွင်းအောက်ဆီဂျင်ပျော်ဝင်မှု တိုင်းတာစက်များသည် လူနာ၏ အခြေအနေကို သုံးသပ်ရာ၌

စာမျက်နှာ ၂၁ သို့ ■

■ စာမျက်နှာ ၂၀ မှ
အလွန်အရေးပါသဖြင့် ပိုမိုလုံလောက်စေရေးအတွက် သက်ဆိုင်ရာဆေးရုံနှင့် ကုသရေးဌာနများသို့ အမြန်ဆုံး ထပ်မံပေးပို့မည် ဖြစ်ပါကြောင်း၊ ပါမောက္ခကြီးများ၊ အထူးကု ဆရာဝန်ကြီးများအနေဖြင့် နိုင်ငံတကာမှ ကုသရေးကုထုံး ဆိုင်ရာ တွေ့ရှိချက်အသစ်များကို အမြဲမပြတ်စောင့်ကြပ် ကြည့်ရှုကာ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆရာဝန် များထံသို့ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးစေလိုပါကြောင်း ပြောကြားသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၊ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ WHO ၏ အရှေ့တောင်အာရှဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်ကြီးများ၊ UNAIDS၊ Global Fund နှင့် နိုင်ငံတကာ ခုခံကျ/ကာလသား ရောဂါတိုက်ဖျက်ရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်ကြီးများ ပါဝင်တက်ရောက်ခဲ့သည့် အရှေ့ တောင်အာရှဒေသတွင်း ခုခံကျ/ ကာလသားရောဂါဆိုင်ရာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တုံ့ပြန် ဆောင်ရွက်ခြင်း အဆင့်မြင့်ခေါင်းဆောင်မှု အစည်းအဝေး သို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများအပါအဝင် မရှိမဖြစ်အရေး ကြီးသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကိုလည်းပြတ်တောက်ခြင်းမရှိစေဘဲ ဆက်လက်ဆောင်ရွက် ရန် အလေးထား ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သိရ သည်။

သတင်းစဉ်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် (၅၆)ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာများညီလာခံနှင့် အကြိမ်(၄၀)မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာဘုတ်အဖွဲ့အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂**

အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ (South East Asia Central Banks)နှင့် အလှည့်ကျ ဥက္ကဋ္ဌ ဘရူနိုင်းငွေကြေးအာဏာပိုင်အဖွဲ့တို့ ကြီးမှူးကျင်းပသည့် (၅၆)ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာများညီလာခံ (56th SEACEN Governors' Conference)နှင့် အကြိမ်(၄၀) မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာဘုတ်အဖွဲ့အစည်းအဝေး (40th SEACEN Board Of Governors Meeting) ကို ယမန်နေ့နံနက် ၉ နာရီက ဗီဒီယိုကွန်ဖရင့်စနစ် ဖြင့် ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲနှင့် အစည်းအဝေးသို့ SEACEN အဖွဲ့ဝင်ဗဟိုဘဏ် ၁၉ ဘဏ်တို့မှ ဗဟိုဘဏ် ဥက္ကဋ္ဌများနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

(၅၆)ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာများညီလာခံတွင် တရုတ်နိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ Dr. Chen Yulu က "Opportunities and Challenges in Adopting Central Bank Digital Currencies"ခေါင်းစဉ်ဖြင့် ကိုဗစ်-၁၉ ကာလ အတွင်း ဗဟိုဘဏ်များအနေဖြင့် ဒစ်ဂျစ်တယ် ငွေကြေးများ ပြောင်းလဲအသုံးပြုခြင်းဖြင့် ရရှိ နိုင်မည့်အကျိုးကျေးဇူးများ၊ စိန်ခေါ်မှုများနှင့် ပတ်သက်၍ တင်ပြဆွေးနွေးရာ SEACEN အဖွဲ့ဝင်ဗဟိုဘဏ်အသီးသီးမှ ဥက္ကဋ္ဌများက အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**အဖွင့်အမှာစကားများပြောကြား**

ထို့နောက် အကြိမ်(၄၀)မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာ ဘုတ်အဖွဲ့အစည်းအဝေးအား ဆက်လက် ကျင်းပရာ အရှေ့တောင်အာရှဗဟိုဘဏ်များ အဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းငွေကြေး အာဏာပိုင်အဖွဲ့မှ Managing Director Ms. Yang Mulia Dayang Hajah Rokiah binti Haji Badar နှင့် SEACEN Centre မှ Executive Director Dr. Mangal Goswami တို့က အဖွင့် အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ Dr. Mangal Goswami က ၂၀၂၀ ပြည့်နှစ်ကာလအတွင်း SEACEN Centre အနေဖြင့် သင်တန်းများ၊ အစည်းအဝေးများ၊



အလုပ်ရုံဆွေးနွေးပွဲများကို အွန်လိုင်းအသုံးပြု၍ ကျင်းပရသည့်အခြေအနေ၊ သုတေသနစာတမ်း များထုတ်ဝေခဲ့သည့် အခြေအနေများကို ဗဟိုဘဏ်ဥက္ကဋ္ဌများထံ တင်ပြသည်။ ယင်းနောက် SEACEN Centre ၏ ၂၀၂၀-၂၀၂၂ ခုနှစ်အတွက် မဟာဗျူဟာမြောက်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေ အနေ၊ လာမည့် ၂၀၂၁ ခုနှစ်အတွက် အဖွဲ့ဝင် ဗဟိုဘဏ်များမှ အရာထမ်းများတက်ရောက် ရန် သင်တန်းများလျာထားမှု၊ ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊ SEACEN Centre ၏ ဝန်ထမ်းများ ခန့်အပ်ခြင်း၊ SEACEN အဖွဲ့ဝင်အသစ်များ ဝင်ရောက်မှုနှင့်ပတ်သက်၍ စံသတ်မှတ်ချက်၊ ပြင်ပစာရင်းစစ်များခန့်အပ်မှု၊ ၂၀၁၉ ခုနှစ် အတွက် အသုံးစရိတ်သုံးစွဲမှု၊ ၂၀၂၁ ခုနှစ် SEACEN Centre မှ ကျင်းပသည့် သင်တန်းများ သို့ တက်ရောက်ရန် အဖွဲ့ဝင်ဗဟိုဘဏ်များ အတွက် ပညာသင်ဆုများလျာထားမှု၊ အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ နည်းပညာဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့-၂ (SEACEN Technical Working Group 2 Project) ၏ Project on Developing a SEACEN Leadership Competency Framework စီမံကိန်းအား SEACEN Center မှ ဦးဆောင်၍ဆောင်ရွက်ရန် အခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများ၏ ကုန်ကျစရိတ်များစသည်တို့နှင့်ပတ်သက်၍ ဗဟိုဘဏ်ဥက္ကဋ္ဌများထံ တင်ပြလမ်းညွှန်မှု ခံယူရာ SEACEN အဖွဲ့ဝင်ဗဟိုဘဏ် ၁၉ ဘဏ် တို့မှ တက်ရောက်လာကြသည့် ဗဟိုဘဏ် ဥက္ကဋ္ဌများက ရှေ့ဆက်လက်ဆောင်ရွက်ရန် တို့ကို မှာကြားကြကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ-တရုတ် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

မြန်မာ-တရုတ် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့် ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ချန်းဟိုင်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်းနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဖြူဖြူမာ၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအဖွဲ့ ပညာရှင်များဖြစ်ကြသည့် ဦးကျော်ခိုင်၊ ဦးကျော်ဝင်းနှင့် ဌာနမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေက အဖွင့်အမှာစကား ပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်နေမှု၊ ကိုဗစ်-၁၉ မတိုင်မီ ၂၀၁၉ ခုနှစ်အတွင်း နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ခရီးသွားဧည့်သည် ဝင်ရောက်မှု၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဆောင်ရွက်နေမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက် ရေးအတွက် တရုတ်ဘာသာစကားသင်တန်းပို့ချမှု၊ ကိုဗစ် အလွန်ကာလတွင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးလာရန်နှင့် ဦးမော့လာစေရေးအတွက်



ဆောင်ရွက်မည့် ကိုဗစ်-၁၉ ဆိုင်ရာ ခရီးသွားလုပ်ငန်း ကုစားမှုအစီအစဉ် (COVID-19 Tourism Relief Plan)နှင့် မြန်မာနိုင်ငံခရီးသွားကဏ္ဍ မဟာဗျူဟာမြောက် ပြန်လည် ထူထောင်ရေး လမ်းပြမြေပုံ(Myanmar Tourism Strategic Recovery Roadmap-MTSRR) (2021-2025) ရေးဆွဲ ဆောင်ရွက်နေမှု၊ ကိုဗစ်အလွန်ကာလတွင် နှစ်နိုင်ငံခရီးသွား ဧည့်သည်များ အပြန်အလှန်လည်ပတ်ရာ၌ ပူးပေါင်း ဆောင်ရွက်လိုသည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြား သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်းနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအဖွဲ့ ကိုယ်စားလှယ်များက ကိုဗစ်အလွန်ကာလတွင် ဆန်းသစ် သည့် နည်းလမ်းများဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက် ရေးကို တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးနှင့် နှစ်နိုင်ငံ အပြန် အလှန် လည်ပတ်နိုင်သော အခြေအနေတွင် ပူးပေါင်း ဆောင်ရွက်မည့်နည်းလမ်းများ ဖော်ထုတ်နိုင်ရေး ကိစ္စရပ် များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မွန်-ကရင် ပြည်နယ်အတွင်း ငါးဘေးမဲ့ဇုန်သတ်မှတ်

**နေပြည်တော် ဒီဇင်ဘာ ၂**

ငါးမျိုးပြုန်းတီးခြင်းမှ ကာကွယ်နိုင်ရန်နှင့် ငါးမျိုးပွားများ စေရန်အလို့ငှာ မွန်-ကရင် နှစ်ဖက်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်များအရ မွန်ပြည်နယ် သထုံမြို့နယ် ဝင်းဖုန်း ကျေးရွာအုပ်စု ဝင်းဖုန်းကျေးရွာနှင့် ကရင်ပြည်နယ် ဘားအံ မြို့နယ် ကျောက်တလုံးကျေးရွာအုပ်စု သစ်ဖြူပင်ဆိပ် ကျေးရွာ ခတ်ကျိုက်ဂူအနီး ဒုံသမိချောင်းအရှည် ပေ ၂၅၀၀၊ ဧရိယာ ၁၁ ဒသမ ၄၄၆ ဧက၊ စမှတ် 17 01' 40.09''N 97 28' 05.14''E၊ ဆုံးမှတ် 17 01' 53.13'' N 97 28' 21.85'' E ကို ငါးဘေးမဲ့ဇုန်(Protected Area)အဖြစ် ပိုစတာစိုက်ထူ ခြင်း အခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့ရာ မွန်-ကရင် နှစ်ဖက်ပြည်နယ်/ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူ များ၊ ခတ်ကျိုက်ဂူဆရာတော်နှင့် ဂေါပကအဖွဲ့ဝင်များ၊ နှစ်ဖက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ငြိမ်းချမ်းရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# သထုံခရိုင်အတွင်း ငါးလုပ်ငန်း ဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး

**သထုံ ဒီဇင်ဘာ ၂**

မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး၏ လမ်းညွှန်မှုဖြင့် သထုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် အဖွဲ့သည် မွန်ပြည်နယ် ငါးလုပ်ငန်းစခန်း(သထုံ)သို့ ရုံးအင်္ဂါနှင့် ညီညွတ်စေရေး လိုက်နာဆောင်ရွက်ထားရှိရန်၊ ငါးစခန်း သာယာလှပစေရေး ဆောင်ရွက်ထားရှိရန်၊ ငါးကန်ပေါင် များ ရာသီနှင့်အညီ သားဖောက်နိုင်ရန်အတွက် ကြိုတင် ပြင်ဆင်ထားရှိရန် မှာကြားခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများသည် လှည်းဘီးအင်းသို့ သွားရောက်၍ အင်းနယ်နိမိတ် ပပျောက်မှုမရှိစေရေးအတွက် အင်းသူကြီးနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

# ဒိုက်ဦးမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း ချေးငွေထုတ်ချေး

**ဒိုက်ဦး ဒီဇင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကိုဗစ်ကာလ စီးပွားရေးကုစားမှု အစီအစဉ်အရ ကတုတ်ရွာမကျေးရွာအုပ်စု ဦးဒေါင်းစုကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေထုတ်ချေး ပေးခြင်း အဌမအကြိမ်ကို နိုဝင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ် စည်းကမ်းများနှင့်အညီ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ဒိုက်ဦး)

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်ဒါယကာကြီး**
**သီဟသုခမ္မ မဏိဇောတရေ**

### ဦးမျိုးညွန့်

**Executive Chairman**

**Star Moe Yan Group of Companies**

**အသက် (၅၇) နှစ်**

သီဟသုခမ္မသိင်္ဂီ ဒေါ်တင်တင်မြင့် (Chairman, Star Moe Yan Group of Companies)၏ခင်ပွန်း၊ ဦးအောင်ကျော်၊ ဒေါ်ချမ်းမြမြငြိမ်းတို့၏ဖခင်ကြီးသည် ၁-၁၂-၂၀၂၀ (အင်္ဂါနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ အထူးပင် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း နှင့် ကောင်းရာသုဂတိ ဘုံဘဝရောက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**မိခင်ကြီး ဒေါ်စိန်မွေး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်ဒါယကာကြီး**
**သီဟသုခမ္မ မဏိဇောတရေ**

### ဦးမျိုးညွန့်

**Executive Chairman**

**Star Moe Yan Group of Companies**

**အသက် (၅၇) နှစ်**

သီဟသုခမ္မသိင်္ဂီ ဒေါ်တင်တင်မြင့် (Chairman, Star Moe Yan Group of Companies)၏ခင်ပွန်း၊ ဦးအောင်ကျော်၊ ဒေါ်ချမ်းမြမြငြိမ်းတို့၏ဖခင်ကြီးသည် ၁-၁၂-၂၀၂၀ (အင်္ဂါနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ အထူးပင် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း နှင့် ကောင်းရာသုဂတိ ဘုံဘဝရောက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဒေါ်ရီရီချို (U.S.A)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်ဒါယကာကြီး**
**သီဟသုခမ္မ မဏိဇောတရေ**

### ဦးမျိုးညွန့်

**Executive Chairman**

**Star Moe Yan Group of Companies**

**အသက် (၅၇) နှစ်**

သီဟသုခမ္မသိင်္ဂီ ဒေါ်တင်တင်မြင့် (Chairman, Star Moe Yan Group of Companies)၏ခင်ပွန်း၊ ဦးအောင်ကျော်၊ ဒေါ်ချမ်းမြမြငြိမ်းတို့၏ဖခင်ကြီးသည် ၁-၁၂-၂၀၂၀ (အင်္ဂါနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ အထူးပင် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း နှင့် ကောင်းရာသုဂတိ ဘုံဘဝရောက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဦးချစ်ကျွမ်း-ဒေါ်ငွေငွေဝင်း မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်ဒါယကာကြီး**
**သီဟသုခမ္မ မဏိဇောတရေ**

### ဦးမျိုးညွန့်

**Executive Chairman**

**Star Moe Yan Group of Companies**

**အသက် (၅၇) နှစ်**

သီဟသုခမ္မသိင်္ဂီ ဒေါ်တင်တင်မြင့် (Chairman, Star Moe Yan Group of Companies)၏ခင်ပွန်း၊ ဦးအောင်ကျော်၊ ဒေါ်ချမ်းမြမြငြိမ်းတို့၏ဖခင်ကြီးသည် ၁-၁၂-၂၀၂၀ (အင်္ဂါနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ အထူးပင် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း နှင့် ကောင်းရာသုဂတိ ဘုံဘဝရောက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဒေါ်သန်းသန်းယဉ် မိသားစု**

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏**

## (၂၆) နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

၃.၁၂.၁၉၉၄-၃.၁၂.၂၀၂၀

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတိုင်း၊ နတ်လမ်း၊ ဆွမ်း ဒါယကာကြီး**

### ဒုတိယဗိုလ်မှူးကြီး ဦးအေးကျော် B.A, BL II(လေ-၁၀၅၆)

**စခန်းမှူး (ငြိမ်း)၊ ပြုပြင်ထိန်းသိမ်းရေးလေတပ်စခန်း**
**အတွင်းဝန် (ငြိမ်း)၊ ယဉ်ကျေးမှုဝန်ကြီးဌာန**
**ကျောင်းအုပ်ကြီး (ငြိမ်း)၊ မြေပြင်အတတ်သင် လေတပ်စခန်း**
**လက်ထောက်စစ်သံမှူး (ငြိမ်း) (JAPAN)**
**နာယကကြီး (ငြိမ်း)၊ မင်္ဂလာတောင်ညွန့်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့**

နေ့၊ ရက်၊ လ၊ နှစ်၊ ရာသီတွေပြောင်းသော်လည်း ကျေးဇူးရှင်ဖေဖေကို နေ့စဉ် သတိရလျက်ပါ၊ အသက်ရှိစဉ်မှ ယနေ့အထိ မြတ်စွာဘုရားအား အုန်းဆွမ်းနေ့စဉ်ကပ်လှူလျက်ပါ ဖေဖေ၊ ယနေ့လည်း (၂၆)နှစ်ပြည့်အား ရည်စူး၍ မင်းကွန်းတိပိဋကတ်ကျောင်းတိုက်၊ ဇီဝိတဒါနသံဃာဆေးရုံကြီးနှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာတို့မှာ ရာသက်ပန်ဆွမ်း၊ ဆေးပဒေသာပင်များ လှူဒါန်းပါတယ်၊ ဖေဖေ ရောက်ရှိနေသော ဘုံဗိမာန်မှ သာဓုအနုမောဒနာ ခေါ်ဆိုပါ...အမျှ...အမျှ၊ အမျှ... သာဓု...သာဓု...သာဓု....

**ဇနီး - ဒေါ်ခင်မြမြသွင် (Chairman, Myittar Biotech Co.,Ltd)**
**သား - ဦးကျော်ဦးမောင်(Managing Director, CEO, Myittar Biotech Co.,Ltd)**
**သမီး - ဒေါ်ကျော့ကျော့စံ(Director, Myittar Biotech Co.,Ltd)**
**မြေး - မမေဘရဏီကျော် (စတုတ္ထနှစ်၊ ရန်ကုန်သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်)**
**မမေစန္ဒီမော် (ဒုတိယနှစ်၊ ဥပဒေ၊ ရန်ကုန်တက္ကသိုလ်)**
**MYITTAR BIOTECH COMPANY မိသားစု**

## (၈)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ကျေးဇူးရှင်ချစ်သော ဖေဖေ ဦးခင်ကျော် ၃-၁၂-၂၀၁၂ ရက်မှ ၃-၁၂-၂၀၂၀ ရက်အထိ (၈) နှစ်ပြည့်ခဲ့သော်လည်း လွမ်းဆွတ်လျက်ပါ ဖေဖေ၊ ကောင်းမှုပြုသမျှကို သာဓုခေါ်ပါ ဖေဖေ။

**သားကြီး မိသားစု**

## ဒေါ်မြင့်မြင့် (စားဖျော်-ငြိမ်း)

**အသက် (၈၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ မဟာဗောဂလမ်း၊ တိုက်(၂၈)၊ ငါးလွှာနေ (ဦးသင့်-ဒေါ်အေးညွန့်)တို့၏ သမီး၊ (ဦးလှ-ဒေါ်ချစ်ချစ်)၊ (ဦးအင်လျှောင်-ဒေါ်သန်းသန်း)၊ ဦးသိန်းငွေ-ဒေါ်ဝင်းကြည်သိန်းတို့၏ညီမ၊ (ဦးဆယ်တင်)-ဒေါ်သီသီ၊ (ဦးဘချို)-ဒေါ်ကြည်ကြည်၊ ဦးဇော်လွင်၊ ဦးသိန်းလွင်တို့၏အစ်မ ဒေါ်မြင့်မြင့်သည် ၂-၁၂-၂၀၂၀ ရက် ၁၁:၄၅ နာရီတွင် Green Cross ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်အား ယနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ မိတ်ဆွေတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးသစ်လွင်

**(B.E-Aero၊ ဘုတလင်)**

**အင်ဂျင်နီယာမှူးကြီး၊ မြန်မာအမျိုးသားလေကြောင်းလိုင်း**

**အသက် (၅၁) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂) ရပ်ကွက်၊ ဇော်ဂျီ (၁)လမ်း၊ အမှတ်(၁၂၈၇)နေ ဒေါ်မာမာအေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထက်မြတ်သစ်-မသင်းသိင်္ဂီခင်၊ မအိရွှေစင်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးသစ်လွင်(အင်ဂျင်နီယာမှူးကြီး၊ MNAမြန်မာအမျိုးသားလေကြောင်းလိုင်း) အသက် (၅၁)နှစ်သည် ၂-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း မြင့်မြတ်တဲ့ဘုံဘဝမှာ ရောက်ရှိခံစားနိုင်ပါစေ။

**86/95 RITသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ကျော့ (မြောက်ဦး)

**အသက် (၈၄) နှစ်**

သူငယ်ချင်း Capt.စိုးသန်း-ဒေါ်ဝေဝေမြင့်တို့၏မိခင်ကြီး ဒေါ်ကျော့သည် ၁-၁၂-၂၀၂၀ (အင်္ဂါနေ့) နံနက် ၃:၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထက(၄) စစ်တွေမှ**
**ငယ်သူငယ်ချင်းများ (မေတ္တာရေလှိုင်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဇရပ် ဒါယကာကြီး**
**သီဟသုခမ္မ မဏိဇောတရေ**

### ဦးမျိုးညွန့်

**Executive Chairman**

**Star Moe Yan Group of Companies**

**အသက် (၅၇) နှစ်**

သီဟသုခမ္မသိင်္ဂီ ဒေါ်တင်တင်မြင့် (Chairman, Star Moe Yan Group of Companies)၏ခင်ပွန်း၊ ဦးအောင်ကျော်၊ ဒေါ်ချမ်းမြမြငြိမ်းတို့၏ ဖခင်ကြီးသည် ၁-၁၂-၂၀၂၀ (အင်္ဂါနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ အထူးပင် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိ ဘုံဘဝရောက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**Star Moe Yan Group of Companies ၏ ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ရှာသာကြီး (အကြီးစား) စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ

### ဦးသန်းဝင်း

**အသက်(၆၇)နှစ်**

ရှာသာကြီး(အကြီးစား)စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်း (အ သက် -၆၇ နှစ်)သည် (၂.၁၂.၂၀၂၀) ဗုဒ္ဓဟူး နေ့၊ နံနက် (၉း၀၀) နာရီတွင် အလ္လာဟ်အသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ရန်ကုန်တိုင်းအတွင်းရှိစက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဝင်များအားလုံး**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ရီ (ဘိုကလေး)
### အသက် (၉၃) နှစ်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကကြီး ဒါရိုက်တာစည်သူ ဗိုလ်ကလေးတင့်အောင်၏ဇနီး ဒေါ်ခင်ရီ(ဘိုကလေး)သည် ၁-၁၂-၂၀၂၀ ရက် နံနက် ၁:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်-ဇနီး ဒေါ်ခိုင်နွယ်ဦး**
**မိသားစု**
**ပြန်ကြားရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကကြီး ဒါရိုက်တာစည်သူ ဗိုလ်ကလေးတင့်အောင်၏ ဇနီးဖြစ်သူ ဒေါ်ခင်ရီ (ဘိုကလေး) အသက် (၉၃)နှစ်သည် ၁-၁၂-၂၀၂၀ ရက် နံနက် ၁:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**
**ရုပ်ရှင်နှင့် ဗီဒီယိုလောကသားများ**

## ဦးမြတ်စံ
### ရေနံဓာတု ဘဏ္ဍာရေး (ငြိမ်း)
### အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၂၉) ရပ်ကွက်၊ အောင်သစ္စာ (၁)လမ်း၊ အမှတ်(၈၀၃)နေ ဒေါ်အေးအေးမြိုင် (အလက-၂၊ ဒဂုံ-ငြိမ်း)၏ခင်ပွန်း၊ ဦးကျော်ကျော်-ဒေါ်အေးမိစံ (ခ) ဒေါ်သီသီမွန်၊ ဦးသန်းထွန်းအောင်(ချာလီ)-မလှလှဝင်းတို့၏ မွေးသဖခင်၊ မပွင့်ဖြူကျော်၊ မဆုမြတ်နိုး၊ မမေမြတ်မွန်တို့၏ ဘိုးဘိုးကြီး ဦးမြတ်စံသည် ၃၀-၁၁-၂၀၂၀ ရက်တွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၂၀ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ရင်မြင့်
### စား/ဖျော်၊ ဟိုတယ်/ခရီး (ငြိမ်း)
### အသက် (၈၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁) စည်ပင်လမ်းသစ်လမ်း၊ အရှေ့ရန်ကင်းမြို့နယ်၊ ဗဟိုဘဏ်ရိပ်သာဝင်း၊ အခန်း(၁၁)နေ (ဦးစောမောင်-ဒေါ်ကြွေ)တို့၏ သမီး၊ (ဦးမြကြိုင်)၏ ဇနီး၊ ဒေါ်မြင့်မြင့်ကြိုင် (ဒုညွှန်မှူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဦးမင်းမင်းစိုး၊ ဦးဇော်ဇော်ထူး (ခေတ္တ-စင်ကာပူ)-ဒေါ်ဇင်မာဦးတို့၏ မိခင်၊ မသွန်းဧကရီဇော်၏ ချစ်လှစွာသောအဘွား ဒေါ်ရင်မြင့်သည် ၂-၁၂-၂၀၂၀ ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးထွန်းအေးကြည်
### တရားလွှတ်တော်ရှေ့နေ
### အသက် (၇၀)

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ လွတ်လပ်ရေးလမ်း၊ (ဃ)ရပ်ကွက်၊ အမှတ်(၁၃၁)နေ (ဦးကတုံး-ဒေါ်တင်လှ) တို့၏သား၊ (ဦးခင်မောင်ဝေ-ဒေါ်ရင်ရွှေ) တို့၏သားသမက်၊ ဒေါ်ယဉ်ယဉ်ဝေ၏ခင်ပွန်း၊ ကိုပြည့်ဖြိုးအေး-မဆုရည်ကျော်၊ ကိုကျော်သက်ပိုင်-မမေမြတ်မွန်အေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မချောသက်ပိုင်မှူး၊ မောင်လင်းစွမ်းသစ်တို့၏အဘိုးသည် ၁-၁၂-၂၀၂၀ (အင်္ဂါနေ့) ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၂၀ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးပြည့်စုံအေး (ဦးစီးအရာရှိ)
### ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး
### လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
### အသက် (၃၃) နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဗိုလ်ကုံညွန့်ရပ်ကွက်၊ ဇမ္ဗူသီရိလမ်း၊ အမှတ်(၃/က)နေ (ဦးဘလှ-ဒေါ်ကြင်မြိုင်)၊ ဦးသိန်းအောင်-(ဒေါ်သောင်းမြင့်)တို့၏မြေး၊ ဦးသိန်းအောင်-ဒေါ်ခင်ဝင်းကြည်၊ ဒေါ်ခင်စန်းကြည်၊ ဒေါ် မူမူ (အထက-၁၊ ငြိမ်း)၊ ဦးစံထွေး-ဒေါ်လှသန္တာ၊ (ဦးအောင်တင့်)-ဒေါ်ချိုချိုလှ၊ ဦးဝင်းဗိုလ်-ဒေါ်သိင်္ဂီဝင်း၊ ဦးမောင်မောင်ကျော်-ဒေါ်စန္ဒာဝင်းတို့၏တူ၊ မနေခြည်အေး (ရောဝတီဘဏ်)၏အစ်ကို၊ ဦးအေးထွန်း(ရုံးအဖွဲ့မှူး၊ ရန်ကုန်ဆန်လှုအသင်းကြီး)-[ဒေါ်နွဲ့နွဲ့ရီ (အထက-၁၊ ငြိမ်း)]တို့၏ ချစ်လှစွာသောသားသည် ၁-၁၂-၂၀၂၀ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် သဃ်ာန်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ရီ (ဘိုကလေး)
### အသက် (၉၃) နှစ်

ရန်ကုန်မြို့နေ (ဦးဘဆက်-ဒေါ်မြညွန့်)တို့၏ သမီး၊ (ဦးဘသင်-ဒေါ်ဖွားသိန်း)တို့၏ သမီးချွေးမ၊ ဗိုလ်ကလေး ဦးတင့်အောင်၏ဇနီး၊ ဒေါက်တာအောင်သစ်လွင်-ဒေါက်တာခင်ခင်ရီ၊ ဦးအောင်ချိုလွင်၊ ဒေါ်စိုးစိုးတင့်၊ (ဒေါက်တာချမ်းသာ)-ဒေါက်တာစုစုတင့်တို့၏မိခင်၊ ဉာဏ်ဗိုလ်ဗိုလ်၊ မင်းသစ်အောင်၊ ငြိမ်းအေးစံ၊ ဒေါက်တာသော်အေးချမ်း၊ ဒေါက်တာအောင်အေးချမ်းတို့၏အဘွား ဒေါ်ခင်ရီသည် ၁-၁၂-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁:၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကြီးမြင့် (ဝါးခယ်မ)
### အသက် (၈၂) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ နဝရတ်လမ်း၊ (၁၀) တောင်၊ (၁၁) ရပ်ကွက်၊ အမှတ်(၂၆)၊ နဝရတ်ဥယျာဉ်အိမ်ရာနေ ဒေါ်ကြင်အေး၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ကျင်ရီ(ဝါးခယ်မ၊ အထက-၂၊ ကျောင်းအုပ်ကြီး-ငြိမ်း)၏အစ်ကိုကြီး၊ ဦးကျော်ရှင်း-(ဒေါ်ဖြူဖြူခင်)၊ ဒေါက်တာတင့်တင့်ဝေ (UK)၊ ကိုသန့်ဇင် (မီးသတ်ဦးစီး-ငြိမ်း)၊ ကိုမျိုးသန့်၊ MR.ROBERT JAMES DRAKE-မအေးမြတ်မွန်(UK) တို့၏ မွေးသဖခင်၊ မောင်နေလင်း(ခ) ဟိန်းမင်းအောင်၊ မမေသဇင်တို့၏အဘိုးသည် ၁-၁၂-၂၀၂၀ ရက် ၁၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမောင်တင်
### စက်မှု-၂၊ ယာဉ်မောင်း (ငြိမ်း)
### အသက် (၇၄) နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နေ (ဦးစောလွင်)၊ ဒေါ်တင်ကြည်တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အုတ်ရေတွင်းလမ်းနေ (ဒေါ်ခင်မေမြင့်)၏ခင်ပွန်း ဦးမောင်တင်သည် ၁-၁၂-၂၀၂၀ (အင်္ဂါနေ့) နံနက် ၅:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးဟန် (၅၉)နှစ်
### B.Sc (Zoo), Y.U 82nd Batch ၊မြန်မာ့လယ်ယာ-ဖွံ့ဖြိုးဘဏ် ဝန်ထမ်းဟောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဗောဓိညောင်ပင်လမ်း၊ (၄၅/၁၆) နေ (ဦးသိန်းဟန်-ဒေါ်မေခင်)တို့၏သမီးလတ်၊ ဦးဝင်းဆွေ-ဒေါ်ကြည်မြင့် တို့၏သမီးချွေးမ၊ ဦးသက်အောင်-ဒေါ်နွယ်နွယ်အေး၊ ဒေါ်ကြည်ကြည်ဆွေ၊ ဦးကျော်စိုးနိုင်-ဒေါ်လဲ့လဲ့ဝင်း၊ ဦးမောင်မောင်ကို-ဒေါ်ယဉ်မြင့်မော်၊ (ဒေါ်နွယ်နွယ်ထွေး)၊ ဦးသန့်ဇင်-နော်ချိုချိုလင်း၊ (မောင်ဇာနည်ဝင်းဆွေ)တို့၏ခယ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏အဒေါ်၊ မပြုံးပန်းပွင့် (IR-COE YU, 1st Batch, Liberal Arts Program (MIT), 15th Batch)၏ ချစ်လှစွာသောမိခင်၊ ဦးသန်းနိုင်ဆွေ၏ချစ်လှစွာသောဇနီး ဒေါ်အေးအေးဟန်သည် ၁-၁၂-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ရန်ကုန်မြို့၊ ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၂၀ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၁၂-၂၀၂၀ (တနင်္လာနေ့) နံနက် မှ မွန်းတည့် ၁၂ နာရီအထိ (ပ/၂၄)၊ ပြည်ထောင်စုလမ်းမကြီး၊ (၃၇) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးဟန် (၅၉)နှစ်
### B.Sc (Zoo), Y.U 82nd Batch
### မြန်မာ့လယ်ယာ-ဖွံ့ဖြိုးဘဏ် ဝန်ထမ်းဟောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဗောဓိညောင်ပင်လမ်း၊ (၄၅/၁၆) နေ (ဦးသိန်းဟန်-ဒေါ်မေခင်)တို့၏သမီးလတ်၊ ဦးဝင်းဆွေ-ဒေါ်ကြည်မြင့်တို့၏ သမီးချွေးမ၊ ဦးဌေးလွင်-ဒေါ်မေမေဟန်၊ (မောင်အောင်မြင့်ဇော်)တို့၏ညီမ/အစ်မ၊ တူ/တူမလေး ယောက်တို့၏အဒေါ်၊ မပြုံးပန်းပွင့်(IR-COE YU, 1st Batch, Liberal Arts Program (MIT), 15th Batch)၏ချစ်လှစွာသောမိခင်၊ ဦးသန်းနိုင်ဆွေ၏ ချစ်လှစွာသောဇနီး ဒေါ်အေးအေးဟန်သည် ၁-၁၂-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ရန်ကုန်မြို့၊ ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၂၀ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၁၂-၂၀၂၀ (တနင်္လာနေ့) နံနက်မှ မွန်းတည့် ၁၂ နာရီအထိ (ပ/၂၄)၊ ပြည်ထောင်စုလမ်းမကြီး၊ (၃၇) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ဓမ္မာရုံ ဒါယကာကြီး
## ဦးသစ်လွင်
### အင်ဂျင်နီယာမှူး၊ မြန်မာအမျိုးသားလေကြောင်း
### အသက် (၅၁) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂) ရပ်ကွက်၊ ဇော်ဂျီ (၁)လမ်းနေ ဦးဘရွှေ-(ဒေါ်ခင်မာလေး)တို့၏ သားကြီး၊ ဦးကျော်သောင်း-ဒေါ်မြင့်တို့၏ သားသမက်၊ ဒေါ်မြတ်မြတ်လွင်-ဦးထွန်းအောင်ကျော်တို့၏ မောင်၊ ဦးမင်းလွင်-ဒေါ်ခိုင်ခိုင်မိုး၊ ဒေါ်ပပလွင်-ဦးဝင်းနိုင်၊ ကိုဖြိုးမင်းဝေ-မအေးမင်းစံတို့၏အစ်ကိုကြီး၊ ကိုထက်မြက်သစ်(MNA)-မသင်းသိင်္ဂီခင်၊ မအိရွှေစင်(Aspdin Construction)တို့၏ကျေးဇူးရှင်မွေးသဖခင်၊ ဒေါ်မာမာအေး၏ ချစ်လှစွာသောခင်ပွန်း၊ ဒေသုမွန်သာ၏အဘိုး ဦးသစ်လွင်သည် ၂-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### အထက်တန်းပြ ဆရာမ အထက(၁) လှိုင် (ငြိမ်း)
## ဒေါ်ခင်ခင်လွင်
### အသက် (၈၅) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ရွှေဟင်္သာလမ်း၊ အမှတ်(၁၆၀)နေ (သထုံဦးမောင်မောင်)၏ချစ်ဇနီး၊ (ဒေါက်တာအေးအေးသင်း)၊ ဒေါ်မြင့်မြင့်မိုး (ITဌာန၊ Total Company)၊ ဦးကျော်ဇောမောင်-ဒေါ်ယုယုနိုင်၊ ဦးကျော်စိုးမိုး-ဒေါ်ဝင်းဝင်းမော်တို့၏မိခင်၊ မနှင်းအိအိကျော်၊ မောင်တိုးဝင်းခိုင်၊ မယဉ်ယဉ်မော်၊ မောင်ရန်အောင်ကျော်တို့၏ အဘွား ဒေါ်ခင်ခင်လွင်သည် ၂-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် ရောဝတီစင်တာ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### အထက်တန်းပြ ဆရာမ အထက(၁) လှိုင် (ငြိမ်း)
## ဒေါ်ခင်ခင်လွင်
### အသက် (၈၅) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁) ရပ်ကွက်၊ ရွှေဟင်္သာလမ်း၊ အမှတ်(၁၆၀)နေ (ဒေါက်တာဦးလွင်-ဒေါ်ခင်သန့်)တို့၏ သမီး၊ (ဦးမြတ်ခင်-ဒေါ်စိန်မြိုင်)၊ (ဦးထွန်းခင်-ဒေါ်ခင်လှလှ) တို့၏ ညီမ၊ (ဒေါက်တာစောလွင်)-ဒေါက်တာခင်အုန်းလွင်၊ ဒေါက်တာခင်မြလွင်(ခ) Patricia (အထူးကုအဏုဇီဝဗေဒဆရာဝန်-ငြိမ်း၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန)၊ (ဒေါက်တာဗစ်တာမာရေး-ဒေါက်တာခင်အေးလွင်)၊ ဒေါ်ခင်ဦးလွင်တို့၏ အစ်မ၊ (သထုံ ဦးမောင်မောင်)၏ဇနီး ဒေါ်ခင်ခင်လွင်သည် ၂-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် ရောဝတီစင်တာ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

## ဦးတင်မောင်ကြီး
### အသက် (၆၉) နှစ်

လွတ်လပ်ရေးမော်ကွန်းဝင်အဆင့်(၁)၊ နိုင်ငံ့ဂုဏ်ရည်အဆင့်(၁)၊ ဇေယျကျော်ထင် [ဗိုလ်မှူးကြီးအေးမောင်(BC.3512)-ဒေါ်ခင်ခင်စိန်]တို့၏ တတိယသား၊ ဒေါ်ချယ်ရီလှိုင်-ဒေါက်တာဝင်းလှိုင်(Australia)၊ ဒေါ်တင်မေသိန်းကို-ဦးမြတ်ကိုတို့၏မောင်၊ ဦးတင်မောင်လေး-ဒေါ်တင်တင်ဝင်း၊ ဒေါ်တင်မေချော-Roland Hlaing (USA)၊ ဒေါ်တင်မို့အေး-Alan Johnson (USA)၊ ဒေါ်တင်မိအေး-Bodo Koch(Germany)၊ ဒေါ်တင်မေတိုး-Yoshiro Takami (Japan)၊ ဒေါ်တင်မူအေး-ဦးသန်းနိုင်(USA)တို့၏အစ်ကို၊ ဦးနိုင်မျိုးဆန်း(ခ) Joe၊ မအင်ကြင်းအောင်၊ သိန်းမျိုးနိုင်(ခ)Georgie(USA)၊ အောင်ကျော်နိုင်(ခ)Johnny - Heidi(USA)၊ ယုကီနိုင်(USA) တို့၏ချစ်လှစွာသောဖခင်၊ သူရိယအောင်၏အဘိုး ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တိုက်(၁၀)၊ အခန်း (၁၀/A)၊ တက္ကသိုလ်ရိပ်သာလမ်းနေ ဦးတင်မောင်ကြီးသည် ၂-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇:၄၇ နာရီတွင် သန်လျင်ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟ ခင်မင်ရင်းနှီးသူအပေါင်းတို့အား မေတ္တာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးကျော်စိန် (ငြိမ်း)
### ဗကသ (၇၆) သီဟတပ်ခွဲ
### ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)
### ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
### အသက် (၆၃) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (က/ဂ) တာမွေကြီးရပ်ကွက်၊ (၁၅၅) လမ်း၊ အမှတ် (၇၆)နေ ဒေါ်ခင်ခင်ဦး၏ ချစ်လှစွာသောခင်ပွန်း၊ မဝေဝေကျော်၊ မောင်အောင်ဖြိုးကြွယ်၊ မောင်နေနီစိမ့်အောင်တို့၏ ချစ်လှစွာသောမွေးသဖခင် ဗိုလ်ကြီးကျော်စိန်(ငြိမ်း)သည် ၁-၁၂-၂၀၂၀ ရက် နံနက် ၃:၄၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၁၂-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အနိစ္စ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်စိုး
### အသက်(၆၈)နှစ်
### A.G.T.I (CIVIL) 74Batch

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်ရေကန်လမ်း၊ အမှတ်(၄၅)နေ အသင်းဝင် ဦးသစ်လွင်၏ဇနီး၊ ဗိုလ်ကြီးစစ်နိုင်ဦး(ပစတ)၏ မွေးသမိခင် ဒေါ်ခင်စိုးသည် ၂၉-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)**

# ဒီဇင်ဘာ ၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၄၁၁ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၉,၆၈၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄၁၁) ဦး တွေ့ရှိရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂၀၂၇) ခု | (၂၅၄) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၇၁၂) ခု | (၅၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၄၆၃) ခု | (၂၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၄၆၄) ခု | (၁၉) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၃၀၈) ခု | (၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၅၃၈) ခု | (၉) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၂၅) ခု | (၇၀) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၀၇) ခု | (၇) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၆၇) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၄၈) ခု | (၃၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၃၁၉) ခု | (၃၇၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၂,၉၀၂) ခု | (၅၆၀) ဦး |
| စုစုပေါင်း | (၁၉,၆၈၀) ခု | (၁,၄၁၁) ဦး |

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❍



## ချင်းရွှေဟော်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန် ကျန်းမာရေးစစ်ဆေးခြင်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ချင်းရွှေဟော် ဒီဇင်ဘာ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချင်းရွှေဟော်မြို့တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ချင်းရွှေဟော်မြို့လယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ပြည်ထောင်စုလမ်းမကြီးတွင် ယနေ့နံနက် ၇ နာခွဲမှစ၍ စစ်ဆေးရေးဂိတ်ထားရှိပြီး ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းတွင် မြို့တွင်းဖြတ်သန်းသွားလာနေသော ပြည်သူများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်းတပ်ဆင်ခြင်းမရှိပါကအခုဝယ်၊ အခုတပ်စနစ်ဖြင့် ငွေကျပ် ၂၀၀ ဖြင့် ဆောင်ရွက်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခြင်းများကို ချင်းရွှေဟော်မြို့ ဌာနဆိုင်ရာဝန်ထမ်းများက အလှည့်ကျတာဝန်ယူ၍ နေ့စဉ်နံနက် ၇ နာရီခွဲမှ ညနေ ၆ နာရီအထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ချင်းရွှေဟော်မြို့တွင် ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို မြန်မာ-တရုတ်နှစ်နိုင်ငံအဝင်အထွက် နယ်စပ်ဂိတ်တွင်လည်းကောင်း၊ မြို့အဝင် (သံတံတားဂိတ်)တွင်လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ပြည်ထောင်စုလမ်းမကြီးတွင်လည်းကောင်း သုံးနေရာထားရှိပြီး အရှိန်အဟုန်မြှင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

## ထူးခြားသည့် ညအပူချိန်များ

| နေပြည်တော် ဒီဇင်ဘာ ၂ | | |
|---|---|---|
| ဟားခါး | ၂ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၃ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၇ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၈ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၈ | ဒီဂရီစင်တီဂရိတ် |
| မင်းတပ် | ၈ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၈ | ဒီဂရီစင်တီဂရိတ် |
| ရမ်ကလောင်း | ၈ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၈ | ဒီဂရီစင်တီဂရိတ် |

## နိုင်ငံတကာအဆင့်မီ ဖူဆယ်အားကစားရုံတည်ဆောက်မှု ၂၀၂၁ နှစ်ဆန်းပိုင်းတွင် ပြီးစီးမည်

ရန်ကုန် ဒီဇင်ဘာ ၂

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က အကောင်အထည်ဖော်နေသည့် နိုင်ငံတကာအဆင့်မီ ဖူဆယ်အားကစားရုံတည်ဆောက်မှုမှာ ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြီးစီးမည်ဖြစ်သည်။

### ၇၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီး

ယင်းအားကစားရုံကို ပြီးခဲ့သည့်နှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး လက်ရှိအချိန်အထိ ၇၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယင်းဖူဆယ်ရုံကို ပရိသတ် ၂၀၀၀ ဆံ့အဖြစ် တည်ဆောက်နေခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် လုပ်ငန်းကြန့်ကြာမှုများရှိခဲ့သော်လည်း ပုံမှန်အတိုင်း တည်ဆောက်လျက်ရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ယင်းဖူဆယ်ရုံပြီးစီးသွားပါက ပြည်တွင်းဖူဆယ်ပြိုင်ပွဲများ တိုးမြှင့်ကျင်းပသွားမည့်အပြင် နိုင်ငံတကာပြိုင်ပွဲများကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒



## ကြေးမုံ ယနေ့ ဖတ်စရာ

### အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉ ဒသမ ၅ သန်းကျော်အထိ ရှိလာ

စာမျက်နှာ » ၁၂



### ပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးပေးမည့် ဥပဒေကြမ်း ဂျပန်လွှတ်တော် အတည်ပြု

စာမျက်နှာ » ၁၃